
www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# သင်မြတ်နိုး

ဖွဲ့သီခဲ့သော အနမ်းဝန်းချီ



ဝင်းနိုသိမ့်ရွှေကြည်

2013

www.burmeseclassic.com

www.burmeseclassic.com

# ဖွဲ့သီခဲ့သောအနမ်းပန်းချီ

သင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

မိုးတိမ်ပြာရဲ့ ခြေလှမ်းတွေက ခပ်သွက်သွက်လေး လှမ်းနေမိသည်။

ဒီနေ့ ... အလုပ်စဝင်ရမှာ မဟုတ်လား။

သူမ အိပ်ရာထ နောက်ကျသွားသည်။ ဒါတောင် မမကြီးက အတင်းနှိုးလို့ ... မိုးတိမ်ပြာရဲ့အကျင့်ကိုက အိပ်ပုပ်ကြီးတတ်တဲ့ အကျင့်ရှိသည်။

ညဘက်ကျတော့ ... ဗီဒီယိုအခွေတွေ ကြည့်သည်။ ဘာအလုပ်ကြီး **အကိုင်ကြီး**မှ လုပ်တာမဟုတ်ဘဲ အိပ်ရာဝင် နောက်ကျတတ်သည်။

**နှင်း**ယောက်ျားရရင်တော့ အခက်ပဲ တိမ်ပြာရယ်ဟု မမကြီးက ညည်းညည်းညူညူလေး ပြောတတ်သည်။

"တိမ်ပြာ ဘယ်တော့မှ ယောက်ျားမယူပါဘူးနော် ... ဟွန်း တိမ်ပြာတို့က ဘယ်တော့မှ ယောက်ျားတစ်ယောက်ရဲ့ အစေပါး



www.burmeseclassic.com

www.burmeseclassic.com



ကျေးကျွန် မလုပ်ဘူး”

မမကြီးက အပျိုကြီး။ လက်ထပ်ယူချင်တဲ့ယောကျာ်းတွေ အများကြီးရှိပေမယ့် မိုးတိမ်ပြာကို စိတ်မချ၍ မမကြီးက လက်မထပ်တာတဲ့။

မိုးတိမ်ပြာကလည်း မိုးတိမ်ပြာပါပဲ။ နေရာတကာ ပေါ့ပျက်ပျက် ပျာပျာကောင်မလေးတစ်ယောက် ဖြစ်နေသည်။

မမကြီးက မိတဆိုးလေးဆိုပြီး အစွမ်းကုန် အလိုလိုက်ထား၏။ မိုးတိမ်ပြာတို့ ညီအစ်မတွင် မိဘတွေ ငယ်စဉ်ကတည်းက ကွယ်လွန်သွားကြသည်။

စည်းစိမ်ဥစ္စာတွေ ကျန်သင့်သလောက်ကျန်နေခဲ့၍ မမကြီးကပင် ထိန်းသိမ်း၍ သူမအား စောင့်ရှောက်လာခဲ့ရ၏။ မမကြီးပဲ စီးပွားရှာသည်။ အိမ်မှုကိစ္စတွေလည်း မမကြီးပဲ ဒိုင်ခံလုပ်၏။

တိမ်ပြာက အေးဆေးပဲ။ ကျောင်းပဲတက် ... ဆယ်တန်းအောင်တော့လည်း တိမ်ပြာက ဉာဏ်မကောင်းတော့ အမှတ်ကောင်းကောင်းမရ၍ စာပေးစာယူတက်လိုက်ရသည်။ အိမ်မှာ နေရတာ ပျင်းတယ်ဆိုပြီး သူမအလုပ်တစ်ခု ရှာ၏။

“မမကြီး အရောင်းအဝယ်ကိစ္စတွေမှာဝင်ပြီး လုပ်ပါလား ကွယ် ပြာပြာလေးရယ်”

မမကြီးက သူမကို ပြာပြာတဲ့။ ရုပ်ပျာပျာနိုင်လွန်းလို့ ပေးထားတဲ့နာမည်ပါ။ မမကြီးသည် တိမ်ပြာ့အပေါ် အလွန်အမင်း ချစ်ခင်ပြီးအလို လိုက်လွန်းသည်။ တိမ်ပြာ့ဆန္ဒက မမကြီး ဆန္ဒပဲ။

မမကြီး အရောင်းအဝယ်ကိစ္စတွေ တိမ်ပြာစိတ်မဝင်စားဘူး ပြောတော့လည်း မမကြီး ဘာမှမပြောတော့။





“ကုမ္ပဏီမှာပဲ ဝင်လုပ်မယ်၊ တိမ်ပြာက လှလှပပလေးဝတ်ပြီး ကြွကြွလေး နေချင်တယ်”

နေလရောင်ကုမ္ပဏီရဲ့ ယူနီဖောင်းကို သူမသဘောကျသည်။ နက်ပြာရောင်ဝတ်စုံလေး။ စကတ်တိုတို နောက်ကွဲလေးနှင့် အင်္ကျီပုံစံကလည်း စမတ်ကျသည်။ တိမ်ပြာရဲ့ ဖြူနုသော အသားအရေနှင့် လိုက်ဖက်လွန်းနေ၏။

“ပြာပြာကြောင့် ခက်တယ်၊ မမကြီး အရမ်းစိတ်ပူနေပြီ၊ အနာဂတ်မရှိ၊ ရည်ရွယ်ချက်လည်းမရှိနဲ့”

“မမကြီး”

“ပြော”

“ပြာပြာ လှတယ် မဟုတ်လား”

ငယ်စဉ်လေးတည်းက ရုပ်ပျာတေးမလေးဖြစ်၍ မမကြီးက ပြာပြာဟုခေါ်သလို သူမ နှုတ်ကလည်း ပြာပြာဆိုတဲ့အမည်ကိုပဲ ထည့်သွင်းပြီး ပြောဆိုနေတတ်သည်။ နာမည်ကလည်း မိုးတိမ်ပြာ။ မမကြီးက ခင်ခင်တဲ့ ...

မမကြီးဆိုပေမယ့် အသက်အရွယ်က အကြီးကြီးမဟုတ်ဘဲ သူမနှင့်အသက်မကွာလှ။

တစ်ယောက်နှင့်တစ်ယောက် သုံးနှစ်လောက်ပဲကွာခြားကြတာပါ။ ညီမကို ထိန်းသိမ်းစောင့်ရှောက်ရင်း လူကြီးသဖွယ်ဖြစ်နေသည်။

“ပြာပြာရယ် ညီမလေး အိမ်မှာနေသလို မနေနဲ့နော်၊ အလုပ်မှာစိတ်ဝင်စားပြီးလုပ်ပါ၊ အလုပ်ရှင်တွေ ကျေနပ်အောင်အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမယ်"

"အင်းပါ"

"ဒုက္ခပါပဲ၊ မမကြီးက မမကြီးအလုပ်တွေမှာပဲ ဝင်လုပ်စေချင်တာ၊ အိမ်မှာဆို ညီမလေးက ဘာမှသိတတ်နားလည်တာမှ မဟုတ်တာပဲကွယ်"

ပြာပြာကတော့ ဘာကိုမှ အလေးအနက်မထားမိ။ နေလရောင်ကုမ္ပဏီက သက်သာတယ်တဲ့။ ကုမ္ပဏီပိုင်ရှင်တွေကလည်း စိတ်သဘောထားကောင်းကြတယ်တဲ့။ နေလရောင်ကုမ္ပဏီမှာ သူမအလုပ်ဝင်ရတဲ့အကြောင်းရင်းလေ။

ပြာပြာနဲ့ကိုက်တယ်။ အလုပ်က သိပ်မများ။ ကြီးလေးတဲ့တာဝန်တွေလည်း ဘာမှမရှိပေ။ ကြော်ငြာကုမ္ပဏီတစ်ခုပဲ။

လုပ်ငန်းရှင်တွေရဲ့ ကြော်ငြာဒီဇိုင်းတွေကို စီစဉ်ပေးရခြင်းပင်။

"ညည်းလေးကို ဘာဖြစ်လို့များ အလုပ်ခန့်တာလည်းမသိဘူးနော်"

"ချောလို့လေ"

ဟုတ်တယ်လေ။ ပြာပြာက အရမ်းချောတယ်။ လှပတယ်။

မြင်သူငေးလောက်အောင်လှတာ။ မမကြီးလည်း ချောတာပါပဲ။

ညီအစ်မနှစ်ယောက်လုံးမှာ ထူးခြားတဲ့ပါရမီတွေပဲဖြစ်သည်။ မိဘအုပ်ထိန်းမှုမရှိပေမယ့် ဣန္ဒြေသိက္ခာကြီးမားစွာ မမကြီးက အုပ်ချုပ်၏။

နာမည်ပျက် မရှိစေရ။





ရှုပ်ရှုပ်ယှက်ယှက် လုပ်တာမျိုးတော့ မမကြီးက လက်မခံ။ ညီမအား မျက်စိအောက်ကနေ အပျောက်ခံတာမျိုးမဟုတ်ပေ။

အလုပ်လုပ်တာတောင် မမကြီးက သိပ်ပြီးသဘောတူတာမဟုတ်။ ပြာပြာက ဇွတ်လုပ်တာ။

"မမကြီး ဈေးဆိုင်မှာ ပြာပြာမရောင်းချင်ပါဘူး ... နောင်လည်း ပြာပြာတို့ ကုမ္ပဏီထောင်ချင်ထောင်ရအောင်လို့ အတွေ့အကြုံရှာထားတာလေ"

တတွတ်တွတ်မှာသည်။ စည်းကမ်းရှိဖို့ ... ကိုယ်ကျင့်တရားတွေကို ထိန်းသိမ်းနေထိုင်ဖို့။

အို ... စုံနေတာပဲ။ ပြာပြာ့ စိတ်တောင်ညစ်တယ်။ တကယ်နားငြီးတာပဲ။

"မနက် ရုံးတက်ရမယ်၊ စောစောထရမှာ"

"အင်းပါ"

အင်းပါလို့ပြောပြီး ပြာပြာ ဗီဒီယိုအခွေတစ်ခွေ ကုန်အောင်ထိုင်ကြည့်နေသည်။

"ဟဲ့ ... မအိပ်သေးဘူးလား ပြာပြာ၊ မနက်စောစောထရမယ်လေ"

မမကြီးက ဆူမှ ပြာပြာ ဗီဒီယိုကိုပိတ်ပြီး အိပ်ခန်းထဲသို့ဝင်လာခဲ့သည်။

မမကြီးက အရမ်းလောကြီးတာပဲ။ ပြာပြာက စောစောအိပ်တတ်တဲ့အကျင့်မရှိ။ မျက်လုံးက မှိတ်မရ။ မနက်အစောကြီး ထရမယ်။ အိပ်သင့်နေပြီ။

အလေ့အကျင့်မရှိသေးတော့ အိပ်ပျော်အောင် အတော်



www.burmeseclassic.com

www.burmeseclassic.com



လေး ကြိုးစားပြီး အိပ်ရသည်။

ထုံးစံအတိုင်းပဲ ... မနက်မိုးလင်းတော့ အခန်းဝကနေ မမကြီး အတင်းအော်နိုးမှ နိုးတော့သည်။ နောက်ကျနေပြီ။ ကမန်းကတန်း ပြင်ဆင်ရသည်။

"မမကြီး အင်္ကျီတွေ ထုတ်ပေးပါဦး ... ပြာပြာနဲ့ လိုက်ဖက်မယ့် နှုတ်ခမ်းနီတောင့် လာထုတ်ပေးပါဦး"

သူမ ... အော်ဟစ်နေတော့သည်။ မမကြီး ဝိုင်းကူနေရ၏။

"ဒါကြောင့် ... မမကြီးကပြောတာပေါ့ ပြာပြာရယ် ... ညတည်းက အစောကြီးအိပ်ပါဆို"

"ပြာပြာမှ အိပ်မရတာ၊ အကျင့်မရှိဘူးမမကြီးရဲ့ ... မဖြစ်ဘူး နောက်တော့ စောစောအိပ်ရာဝင်ရမယ်"

"မမကြီး ဈေးဆိုင်မှာဆို ဘာမှပြောစရာမရှိတော့ဘူး၊ အိပ်ချင်တဲ့အချိန်မှအိပ်၊ ရောင်းချင်တဲ့အချိန် ထရောင်းပဲ"

"ပြာပြာမှ ဝါသနာမပါတာ၊ နောက်ဆို ပြာပြာ ဦးဆောင်ပြီး ကုမ္ပဏီထောင်မယ်လေ၊ မမကြီး ဈေးရောင်းစရာမလိုတော့ဘူး"

"ဟဲ့ ... ဈေးရောင်းပြီး မမကြီး ရှင်လေးကိုကျွေးမွေးစောင့်ရှောက်လာတာပါနော်၊ ကျေးဇူးမကန်းနဲ့ ကောင်မလေး"

မမကြီးသည် သူမအား ဘယ်တော့မှ လေသံကိုမာမာနှင့်ပင် မပြောဘူးပေ။

ချစ်သည်။ အလိုလိုက်ထား၏။ အလှအပတွေပြင်ပြီး သူမ ထွက်လာခဲ့သည်။ နောက်ကျနေပြီ။

ခြေလှမ်းကို ခပ်သွက်သွက်လှမ်းပြီး ကုမ္ပဏီရှိရာ လျှောက်လာခဲ့မိသည်။





ဒီနေ့မှ ရုံးစတက်၏။ နောက်ကျနေတာ မကောင်းပါဘူး။

ဒုက္ခပါပဲ ... သူမ အမြန်ဆုံးသွားနေမိသည်။ ရုံးရှေ့အရောက်တွင် မထင်မှတ်ဘဲ လူတစ်ယောက်နှင့်ဝင် တိုးမိတော့၏။

"ဒုန်း"

"ဟင်"

"ဂျလွမ် ... လွမ်"

ဝင်တိုက်မိပြီး သူမ လက်ထဲမှ ထမင်းချိုင့်လွတ်ကျသွားတော့သည်။

"ဟင်"

ချိုင့်က ပြုတ်ထွက်သွားပြီး တစ်ခွက်စီ လွင့်ကျသွားတော့သည်။

ဒုက္ခပါပဲ ... ပတ်ဝန်းကျင်က လူတွေ စိတ်ဝင်တစားဖြစ်သွားကြသည်။ တိုက်မိသွားတဲ့လူက သူမအနားကနေ ထွက်သွား၏။

သူမက ဝင်တိုးတာ ... မကြည့်ရဲတော့ ... သူမချိုင့်တွေကိုလိုက်ပြီး ကောက်နေမိသည်။

"ကျွန်မ လိုက်ကောက်ပေးမယ်နော်"

မိန်းကလေးတစ်ယောက် ... သူမချိုင့်တွေကို လိုက်ကောက်ပေးနေသည်။ ပြာပြာ ရှက်လိုက်တာ ... မိန်းကလေးတစ်ယောက်က လိုက်ကူနေ၍ တော်သေးသည်။

"မိန်းကလေး ... မင်းသွားတော့၊ ကျုပ်တို့ပဲ သန့်ရှင်းရေးတွေ လုပ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

တော်သေးသည်။ သန့်ရှင်းရေးသမားတစ်ယောက်ကလိုက်ပြီး အကူအညီပေးနေ၏။

သူမနှင့်အဖော်မိန်းကလေးတစ်ယောက် လှေကားထစ်တွေအတိုင်း တက်လာခဲ့သည်။

"ရှင်က လူသစ်လား"

"အင်း"

"ကျွန်မက တစ်ပတ်ရှိပြီလေ၊ ကျွန်မ နာမည် မေညိုတဲ့"

"ကျေးဇူးပါပဲ မေညိုရယ် ... ရှင်ကူညီပေလို့ပဲ၊ ကျွန်မ ဒီနေ့ ရုံးစတက်ရတယ်၊ ဒီနေ့ပဲ ပြဿနာဖြစ်ရတယ်၊ တော်သေးတယ် သန့်ရှင်းရေးသမားတွေကလည်း ကူညီလို့"

မေညိုက သူမအား တရင်းတနှီးစကားလာပြော၍ တော်သေးသည်။

"ကျွန်မနာမည်က မိုးတိမ်ပြာပါ၊ အိမ်ကတော့ ပြာပြာလို့ပဲ ခေါ်တယ်"

"ဟင်းဟင်းဟင်း ... ရှင်က နာမည်နဲ့လိုက်သားပဲ၊ ရှင်ဝင်တိုက်မိတာ ဘယ်သူလဲသိလား"

"ဟင့်အင်း"

"နေလရောင်ကုမ္ပဏီပိုင်ရှင် မန်နေဂျင်းဒါရိုက်တာ ဦးလမင်းထိန်လေ"

"ဟင်"

ဘုရားရေ ...





ကုမ္ပဏီပိုင်ရှင် ဦးလမင်းထိန်တဲ့။

သွားပါပြီ။

ထင်တော့ ထင်သားပဲ။ သားသားနားနား သေသေသပ်သပ်နှင့် အတော်လေး ခန့်ညားချောမောတဲ့ လူတစ်ယောက်ဖြစ်နေသည်ဟု ထင်မိသည်။

ပြာပြာ ရှပ်ပျာပျာလုပ်တာ တွေ့သွား၏။

"ပြာပြာ ရုံးအရမ်းနောက်ကျနေပြီ ထင်လို့ပါ"

"နာရီဝက်တောင် လိုသေးတာပဲ၊ ဘာဖြစ်လို့ ဒီလောက်အထိ ပျာယာခတ်နေရတာလည်း ပြာပြာရယ်"

"ဟင်"

ဟုတ်သားပဲ ... သူမ နာရီအကြည့်မှားတာပါ။

ရုံးချိန်က နာရီဝက်တောင် လိုနေသေးတာ တွေ့ရသည်။

"ကျွန်မ နောက်ကျနေပြီထင်ပြီး ခပ်သုတ်သုတ်လျှောက်လာတာ၊ အားနာလိုက်တာနော် ... သူ့ဟာသူ ရှေ့ကသွားနေတာ ကျွန်မ ဝင်တိုက်လိုက်တာ"

ပြာပြာ အားနာလို့မဆုံးတော့။ ကုမ္ပဏီပိုင်ရှင်က သူမကို ဘယ်လိုဟာမလေးလဲလို့ အထင်သေးတော့မှာပဲ။

"ကျွန်မကို အထင်သေးတော့မှာပဲ ... ဒီနေ့မှ အလုပ်စတက်တာ"

သူမကို လူတွေ့စစ်ဆေးစဉ်က အမျိုးသမီးဒါရိုက်တာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒေါ်ယွန်းနုဒီတဲ့ ...

"ဒေါ်ယွန်းနုဒီကရော"

"ဦးလမင်းထိန်ရဲ့ လက်အောက်ကလေ၊ ဒါရိုက်တာတစ်ယောက်ပဲပေါ့ ... အစုရှယ်ယာဝင်တွေ"

သေချင်တယ်။

မန်နေဂျင်းဒါရိုက်တာတစ်ယောက်ကိုမှ သွားပြီးဝင်တိုက်မိရတယ်လို့။

မျက်နှာကို ဘယ်လိုထားရမလဲ။ ရှက်လိုက်တာနော် ...

"ပြာပြာ"

"ဟင်"

"အခုမှတော့ ရှက်မနေနဲ့နော်၊ ဖြစ်ပြီးပြီပဲ ... ကိုထိန်က သဘောကောင်းပါတယ် ... "

"ကိုထိန်"

"ဟုတ်တယ် ... အားလုံးက ကိုထိန်ပဲခေါ်ကြတယ်၊ သူ့ရှေ့မှာတော့ ဦးလမင်းထိန်လို့ပဲ တရိုတသေ ခေါ်ကြတာ"

"ကျွန်မတော့ သေချင်တာပဲ။ မျက်နှာကိုဘယ်လိုပြရမှန်းတောင် မသိတော့ဘူး"

မေညိုက သူမအားမိတ်ဆက်ပြီး အကူအညီပေး၍တော်သေးသည်။





"မေညို ကူညီပေလို့ပဲ ပြာပြာ ကျေးဇူးအရမ်းတင်တာပဲ"

မေညိုကို ကျေးဇူးတင်မိသည်။ ပြာပြာ တစ်ယောက်တည်းသာဆို ဘယ်လောက်ထူပူနေလိုက်မလဲ။

ရုံးခန်းထဲ ရောက်လာသည်။ ဘယ်သူ့ကိုမှ မကြည့်ရဲတော့။

"နင့်အတွက်နေရာ"

မေညိုက နေရာပေးသည်။

"ပြာပြာ"

"ဟင်"

"ခဏနေရင် ဒါရိုက်တာယွန်းကို သွားတွေ့မယ်နော်"

"ဟိုလူကို မဟုတ်ဘူးလား"

"တွေ့စရာ မလိုသေးပါဘူး လိုအပ်မှပါ"

"တော်သေးပါရဲ့"

ပြာပြာကိုတော့ တစ်ရုံးလုံးက ပြောစမှတ် ပြုနေကြသည်။

နာမည်နှင့်လိုက်တယ်တဲ့။

မတတ်နိုင်တော့ဘူး။

ပြောချင်လည်း ပြောကြပါစေ ...

ဒါရိုက်တာယွန်းကို သွားတွေ့တော့ အမှားအယွင်းတွေ သိပ်မလုပ်မိဖို့ ဟျာယာမခတ်ဖို့ပဲ သတိပေးသည်။

သူမနှင့်ကိုလမင်းထိန် တိုက်မိတာ ရုံးခန်းတစ်ခုလုံး ဟိုးလေးတကျော်ကျော် ဖြစ်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မထူးတော့ဘူး ... ပြာပြာ မျက်နှာပြောင်တိုက်ပြီး နေပစ်လိုက်မိတော့သည်။

ကိုလမင်းထိန်က မမကြီးအရွယ်ပဲ ...

သူမ ... တွေးမိတိုင်း ရှက်နေမိသည်။ ရယ်လည်းရယ်ချင်နေ၏။ ကုမ္ပဏီပိုင်ရှင်ကို သွားတိုက်မိရတယ်လို့ ...

"အဟိ"

မေညိုက ရယ်နေသည်။

"ဟား ... ဟား ... ဟား"

သူမ အသံထွက် အော်ရယ်မောမိသွားရသည်။

ꩰꩰꩰ





## အခန်း ( ၂ )

"ပြာပြာ"

"ဟင်"

"မိန်းကလေးက ဒီလောက်အထိ ဘာလို့ရယ်နေရတာလဲ"

"ဟင်"

ဒါရိုက်တာယွန်း ...

သူမအနား ရောက်လာသည်။ ရယ်ချင်လာလျှင် တဟားဟား အော်ရယ်တတ်တာ သူမအကျင့်ပင်။

မမယွန်းတဲ့ ...

ဣန္ဒြေသိက္ခာကြီးမားတဲ့ မိန်းမတစ်ယောက်ပင်ဖြစ်သည်။

သူမ ဖက်ကလေး ပုသွားရ၏။ မမယွန်းကို လူတိုင်းကြောက်ကြရသည်။ စည်းစနစ်ကြီး၏။ ငွေကြေးအရလည်း ကြွယ်ဝချမ်းသာသည်။

"ပြာပြာ"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com

"ညည်း ... ထမင်းချိုင့် မှောက်သွားတယ်ဆို"

"ဟုတ်ကဲ့ မမယွန်း ..."

"ညည်းလေး ဘာနဲ့စားမလဲ"

"ဟို ... ဟို ... ရပါတယ် မမယွန်း၊ ကိစ္စမရှိပါဘူး၊ ပြာပြာ အိမ်ရောက်မှပဲ စားတော့မယ်"

"ဘယ်ဟုတ်မလဲ ပြာပြာ ... မမ ထမင်းချိုင့်က တစ်ဝက် လာယူ"

"မယူပါဘူးမမ၊ ပြာပြာ နေနိုင်ပါတယ်"

"နေနိုင်တယ်လို့ ဘယ်ဟုတ်မလဲပြာပြာ၊ လာပါ ... မမ တစ်ယောက်တည်း မကုန်ပါဘူး"

"ဟုတ်ကဲ့ မမ ..."

ဒါရိုက်တာယွန်းက သဘောကောင်းသားပဲ။ ပြာပြာ့အား ဖော်ဖော်ရွေရွေ ပြောဆိုဆက်ဆံနေသည်။

"မင်း ချိုင့်ယူလာခဲ့"

"ဟုတ်"

မေညို့ကို ကြည့်မိသည်။

"ဒါရိုက်တာယွန်းက ပေါင်းသင်းဆက်ဆံရေး ညက်တယ်၊ နိုင်ငံခြားကနေ စီးပွားရေးပညာနဲ့ ဘွဲ့ရလာတာလေ"

မမယွန်းကို အားကျလိုက်တာ။ ပြာပြာက ဥာဏ်မကောင်းဘူး။ ရိုးရိုးဘွဲ့ပင် အနိုင်နိုင်။ အခုမှရောက်လာတဲ့ ဝန်ထမ်းအသစ်အား အရေးတယူ ဆက်ဆံနေသည်။

ပြာပြာတဲ့ ...

သူမက နာမည်လေးကို ထည့်ထည့်ပြောတတ်သည်။





"မေညို"

"ဟင်"

"ပြာပြာ တစ်ယောက်တည်း"

"သွားပါ ... ဒါမှ သတ္တိရှိသွားမှာလေ"

မေညို အလုပ်တွေ ရှိနေသဖြင့် သူမ တစ်ယောက်တည်း သွားရသည်။

မမယွန်း အခန်းထဲ ဝင်လာခဲ့၏။

"ထိုင်"

မမယွန်းရှေ့မှာ ဝင်ထိုင်မိသည်။

"ပြာပြာ"

"ရှင်"

"ပြာပြာ့ကို မမယွန်း ပြောစရာရှိလို့"

"ပြောပါ မမ"

"ပြာပြာက အရမ်းချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်လို့ မမမြင်မိတယ်"

"အဟမ်း"

"မရယ်နဲ့ မမမြှောက်ပြောတာ မဟုတ်ဘူးနော်၊ တကယ်"

"အခုတောင် မမ ထမင်းချိုင့်ထဲက ပြာပြာနှိုက်စားရတာ နော် ... ပြာပြာ့မှာ ဘာမှကျွေးစရာမရှိဘူး မမ့ပဲကျွေးရမှာ"

"မမက ပြာပြာ့ကို တွေ့တွေ့ချင်း အစွမ်းအစရှိတဲ့ကောင်မလေးပဲဆိုပြီး အလုပ်ခန့်လိုက်တာ"

"မမယွန်း မှားပြီနော် ... ပြာပြာက အရမ်းအစွမ်းအစတုံး



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ... ဘာမှ လုပ်တတ်ကိုင်တတ်တာမဟုတ်ဘူး၊ နာမည်ကို သာကြည့် ပြာပြာတဲ့"

ဖျာလို့တောင် ကုမ္ပဏီပိုင်ရှင်ကို သွားပြီး ဝင်တိုက်ခဲ့တာလေ။

မမက အထင်ကြီးနေသည်။

အဟိ ... ပြာပြာ ရယ်ချင်လိုက်တာ။ နှုတ်ခမ်းလေးတွေက ပြုံးယောင်သမ်းသွားတော့သည်။

"ပြာပြာ"

"ရှင်"

"မင်းကို မမသင်ပေးမယ်"

"ရှင်"

"ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်အောင်လေ"

"ဟုတ်ကဲ့ မမ ... ပြာပြာ လိုအပ်နေတာတွေ ညွှန်ကြားပေးပါနော်"

"အေးကွယ် ... မမအမြင်တော့ ပြာပြာ့မှာ ထူးခြားတဲ့ အစွမ်းအစတွေ ရှိနေမယ်ထင်တာပဲ"

မမက ထမင်းတွေ ဟင်းတွေ ထည့်ပေးလိုက်သည်။

ပြာပြာ ဟန်ကျသွား၏။ ပိုက်ဆံ ထပ်မကုန်တော့။

"မနက်ဖြန်ကစပြီး ကိုလမင်းထိန်ရဲ့ အတွင်းရေးမှူးမလေး အဖြစ် အလုပ်ဝင်ဖို့ သင်တန်းတက်ရမယ်"

"ရှင်"

သူမ ... နားမလည်နိုင်စွာဖြင့် မမယွန်းကို ကြည့်မိသည်။





"ကျွန်မ ... "

"အင်း"

"မဖြစ်ဘူးထင်တယ် မမ"

"ဘာလို့ မဖြစ်ရတာလဲ"

"ကျွန်မက ရုပ်ဖျာဖျာနဲ့၊ ဆရာလမင်းထိန် သဘောကျမှာ မဟုတ်ပါဘူး"

မဖြစ်နိုင်တာပဲ ... ကျွန်မက ခပ်ညံ့ညံ့ မိန်းကလေး ... အမှားအယွင်း အတော်များများကို လုပ်မိတတ်သူဖြစ်သည်။

ကျောင်းစာလည်းညံ့ ...

အိမ်မှုကိစ္စလည်း ဘာမှမသိ။

အအိပ်ကလည်းပုပ် ... အစားကလည်းကြီး ... မမယွန်းက ဘုမသိ ဘမသိ အထင်ကြီးနေခြင်းဖြစ်သည်။

"မမ ရွေးချယ်တယ်ဆိုရင် ကိုလမင်းထိန်က မငြင်းပါဘူး၊ လောလောဆယ် ကိုလမင်းထိန်ဆီမှာ အတွင်းရေးမှူးနေရာလစ်လပ်နေတယ် ပြာပြာ"

ဟိုလူ ... အလုပ်ရှင်တဲ့။ မမကြီးနဲ့ ရွယ်တူလောက်ပဲဖြစ်နိုင်သည်။ ခန့်ညားချောမောတဲ့ ယောက်ျားတစ်ယောက်ဖြစ်သည်။

အရမ်းလည်း ချမ်းသာတယ်တဲ့။

"မင်းလက်ခံပါ ... သင်တန်းတက်ဖို့လည်း ပြင်ထား၊ မမနဲ့ အဖွဲ့ဝင်တွေက ပြာပြာကို လေ့ကျင့်ပေးမယ်"

"မမ"

"ဟင်"

"ကျွန်မ ဘာမှမသိမတတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကောင်းတာပေါ့ ... လှော်ကျွင့်ပေးရတာ ကောင်းတယ်လေ ..."

မမကို မငြင်းချင်။

သူမအား နေရာပေးတာပဲဟု ထင်သည်။

"ပြာပြာ့ကို ခွင့်ပြုပါဦး မမ"

"ကောင်းပြီ ..."

အခန်းထဲ ပြန်ရောက်လာသည်။

"ထမင်းတွေ ဟင်းတွေ အများကြီးပါပဲလား"

"မမ ... ပေးလိုက်တာလေ၊ အားလုံး ဝိုင်းစားကြပါဦး၊ ပြာပြာ တစ်ယောက်တည်း ကုန်မှာမဟုတ်ဘူး"

"စားမယ် ... စားမယ်၊ စိတ်ချ ... မမအိမ်က ဟင်းချက် အရမ်းကောင်းတာပဲ ပြာပြာ"

"မေညို"

"ပြော"

"မမက အရမ်းသဘောကောင်းတယ်နော်"

"အင်း ... ဒါကြောင့်လည်း မမတို့ကုမ္ပဏီ အောင်မြင်ကြီးပွားတာပဲလေ"

"ပြာပြာ့ကိုတောင် မနက်ဖြန်ကစပြီး ကိုလမင်းထိန်ရဲ့ အတွင်းရေးမှူးမလေးအဖြစ် တာဝန်ပေးမယ်တဲ့"

"ဟင်"

မေညိုပင် အံ့သြသွားရသည်။ ကိုလမင်းထိန်က အရမ်းဇီဇာကြောင်လွန်းသော လူပျိုကြီးတစ်ယောက်အဖြစ် နာမည်ကြီးလွန်း၏။





ပြာပြာတော့ မလွယ်ဘူး ... ကိုယ်ကျွင့်တရား ဖြူစင်ရိုးသားပေမယ့် စည်းစနစ်ကြီးလွန်းသည်။

"ပြာပြာ"

"ဟင်"

"ရှင်နဲ့ဖြစ်ပါ့မလား ... ရှင့်အရည်အချင်းကိုတော့ ဟိုကသိပြီးသားနော်"

ပိုင်ရှင်ကိုလမင်းထိန်ကို သူမဝင်ပြီး တိုက်မိခဲ့သည်။ ထမင်းချိုင့်ပင် တစ်စစီ ဖြစ်သွားရ၏။

"ကိုလမင်းထိန်က အရမ်းကို ဇီဇာကြောင်တဲ့ လူပျိုကြီး"

"ဟင်"

"မိန်းမတွေဆိုရင်လည်း သူ့အဖေက တစ်ယောက်ပြီးတစ်ယောက်စပ်တာ၊ ချေးများပြီး အကြောင်းအမျိုးမျိုးပြ ငြင်းနေတာတဲ့"

"ပြာပြာနဲ့ ဖြစ်ပါ့မလား"

"အတွင်းရေးမှူးရာထူးပေးတာတော့ ရှင်ကံကောင်းတာပဲ၊ အင်းလေ ... ရှင်က လှတာကိုး"

"လှလို့"

"အင်း"

"ဖြစ်နိုင်တယ်၊ ကျွန်မ အစွမ်းအစရှိလို့တော့ မဖြစ်နိုင်ဘူး ထင်တယ်မေညို ... မမက လှော်ကျွင့်ပေးရမယ်တဲ့၊ သင်တန်းတက်ရဦးမှာ"

ပြာပြာ့စိတ်ထဲမှာ တစ်မျိုးကြီးပဲဖြစ်နေသည်။ ရင်တုန်နေမိ၏။ အတွင်းရေးမှူးမလေးတဲ့ ... သူမ တာဝန်ထမ်းဆောင်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မလားဟု တွေးနေမိသည်။

“ပြာပြာ”

“ဟင်”

“ရှင် စားလေ”

ပြာပြာ ထမင်းပင် မစားနိုင်တော့ဘဲ ဖြစ်နေသည်။

လည်ချောင်းဝတွင် တစ်ဆို့နေ၏။ ပျော်နေတာတော့ မဖြစ်နိုင်။ စိတ်ညစ်နေတာ။ ဓိဇာကြောင်တဲ့ လူကြီးအနားမှာ ပြာပြာနေရမှာ။

“မစားနိုင်တော့ဘူး”

“ဝမ်းသာလုံးဆို့နေတာလား”

“ဟင့်အင်း ... စိတ်ညစ်တာပါ။ ကိုလမင်းထိန်က ကျွန်မကို သဘောကျပုံ့မလား”

“ရှင် ... ကြိုးစားပေါ့”

“မလွယ်ဘူး”

ပြာပြာက ရှပ်ပလာ ...

ဘယ်အရာကိုမှ အလေးအနက်ထားတာမဟုတ်။ နှုတ်ခမ်းလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားလိုက်မိသည်။

ကြောက်နေလို့ မဖြစ်ဘူး။ မမကြီးသိရင် ဝမ်းသာမှာ။ ညီမဖြစ်သူအား တိုးတက်ကြီးပွားလိုတဲ့ ဆန္ဒတွေ ပြင်းပြစွာ ရှိနေသည်။

“ပြာပြာက သိပ်ချောတယ်၊ ကြော်ငြာတွေတောင် ဝင်ရိုက်လို့ရတယ်”

“ရှင် မြောက်နေပြန်ပြီ”





“တကယ်ပါနော်၊ မြှောက်ပြောနေတာ မဟုတ်ဘူး”

“စား စား ... သူများဟင်းတွေ”

အားလုံး ရယ်နေကြသည်။ ညနေ ရုံးဆင်းတော့ သူမအိမ်ကို အလောတကြီး ပြန်လာခဲ့မိသည်။

“ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်တာလဲ၊ ညည်းလေး အလောတကြီး ဘာဖြစ်လာတာလဲ၊ ပြောစမ်း ... မိပြာ”

“မမကြီး”

“ဘာလဲဟယ် ... ရင်ထိတ်လိုက်တာ ပြောစမ်း”

“ကျွန်မ ရာထူးတက်သွားပြီ”

“ဟင် ... အလုပ်တောင် မဝင်ရသေးဘူး ရာထူးတက်သွားတာလား”

“ဟုတ်တယ် မမကြီး ... ”

မနက်က အဖြစ်အပျက်တွေအားလုံး မမကြီးကို ပြောပြမိသည်။

“ဖြစ်မှဖြစ်ရလေ ပြာပြာရယ်၊ နင်ကတော့ ဒုက္ခပဲ ... ဒီလောက်အထိတောင် ပျာရလား”

“ပြာပြာ နာရီအကြည့်မှားပြီးဖြစ်ရတာ၊ အလုပ်ရှင်က ဘာမှ မပြောဘူး၊ ဒါရိုက်တာယွန်းကလည်း ကျွန်မကို တရင်းတနှီးဆက်ဆံတယ်”

“အေးကွယ် ... ဒီလိုကြားရတာ မမကြီးဝမ်းသာလိုက်တာ ပြာပြာလေး အလုပ်ကို ကြိုးစားလုပ်နော် ... ရှပ်ပလာ ရှပ်ပလာ မလုပ်နဲ့”

“အင်းပါ ... ခုတောင် ပေးတဲ့တာဝန်ကို ပြာပြာ လုပ်နိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မလားလို့”

“ကြိုးစားပေါ့ … မမကြီးကတော့ ညီမလေးဘဝ တိုးတက်မြင့်မားလာတာကိုပဲ မြင်တွေ့ချင်တယ်ကွယ်”

“မမကြီး”

“ဟင်”

“ပြာပြာ့ကို ဘာသဘောနဲ့ ခန့်တာလို့ ထင်လဲဟင်”

“ဘယ်သိမလဲကွယ် … ညီမလေးက ရုပ်ရည်ချောမောလှပလို့ထင်တယ်”

ဒါရိုက်တာ့ယွန်းက သဘောကောင်းတယ်လို့ လူတိုင်းပြောသည်။ သူမအား ကူညီစောင့်ရှောက်တာပဲဖြစ်မှာပါ။

“ဒီနေ့ ညီမလေး ပင်ပန်းလာတယ်၊ ရေချိုးတော့ … ပြီးရင် မမ ထမင်းပွဲပြင်ထားမယ်နော်”

“အင်း”

သူမ … ရေချိုးခန်းထဲ ဝင်လာခဲ့မိသည်။

ရင်တွေ ပူလိုက်တာ … ဖြစ်ပါ့မလား။

ကိုလမင်းထိန်က ဇီဇာကြောင်တဲ့ လူပျိုကြီးတဲ့။ အလုပ်ကနေ ထွက်လိုက်ရင် ကောင်းမလားဟု စဉ်းစားနေမိသည်။

ဇီဇာကြောင်လွန်းတဲ့ လူပျိုကြီးတစ်ယောက်နှင့်အတူနေရမှာ။ ပြာပြာက ဟန်ပန်နှင့်နေတတ်တာမဟုတ်။ သူက … အထင်သေးဦးမယ်။

“ပြာပြာရေ”

“ရှင်”

“ကြာလိုက်တာ … ရေချိုးတာ ဒီလောက်ပဲကြာရလား၊ မြန်





မြန်လုပ်လေ အအေးပတ်လိမ့်မယ်”

“ဟုတ်ကဲ့ မမကြီး”

ဒီကောင်မလေး ဒီလိုပဲ။ နောက်ကနေ လိုက်ပြီး သတိပေးပြောဆိုနေရသည်။ ထမင်းက အသင့်ဖြစ်နေ၏။ အလှပြင်ဦးမယ်။ အလှကြိုက်မလေး … မိုးဝေခင်တစ်ယောက် ညီမအတွက် တစ်နေ့မှ စိတ်မအေးနိုင်ပေ။

ပြာပြာက ဘာမှတတ်တာမဟုတ်။ အတွင်းရေးမှူးမလေးတစ်ယောက်အဖြစ် ဘာဖြစ်လို့ တာဝန်ပေးရတာလဲ။

ရုပ်ရည်ချောမောလို့လား … ညီမလေး ကုမ္ပဏီက ဘယ်လိုကုမ္ပဏီမျိုးလဲဟု စဉ်းစားနေမိသည်။

မိုးဝေခင်လည်း ညီမလေး ကုမ္ပဏီကို သွားပြီးလေ့လာဖို့ လိုအပ်မယ်ထင်တယ်။

ပစ်ထားလို့ မဖြစ်ဘူး။ စိတ်ပူနေမိသည်။

ညီမလေးက ဘာမှအလေးအနက်ရှိတတ်တဲ့ကောင်မလေး မဟုတ်ဘူး။ ထမင်းစားပွဲမှာ ပြာပြာ့အားထိုင်စောင့်ရင်း အတွေးတွေ ရှုပ်ထွေးနေမိသည်။

“မမကြီး”

“အမယ်လေး”

သူမအား နောက်ကျောမှသိုင်းဖက်ပြီး အသံပြဲကြီးနှင့်အော်လိုက်သဖြင့် မိုးဝေခင် အထိတ်တလန့် ဖြစ်သွားရသည်။

“လန့်လိုက်တာ ပြာပြာရယ်၊ လုပ်လိုက်ရင် အရမ်းပဲ … ညည်းလေးဟာလေ”



www.burmeseclassic.com

www.burmeseclassic.com



"အပျိုကြီး ဘာတွေတွေးနေတာလဲ မှန်မှန်ပြောစမ်း၊ မဟုတ်မှလွဲရော လူပျိုကြီးတွေအကြောင်း တွေးနေတာ မဟုတ်လား"

"ကောင်မလေးနော် မဟုတ်တာတွေ ကျုပ်တွေးနေတာ ညည်းလေးအတွက်ပဲ ... ညည်းလေး ကုမ္ပဏီကို တစ်နေ့နေ့တော့ သွားပြီး လေ့လာရဦးမယ် ပြာပြာရယ် ... ကျုပ် ညည်းလေးကိုပဲ စိတ်မချတာဘဲ"

ပြာပြာ အမှားအယွင်းတစ်ခုလုပ်မိမှာကိုပဲ စိတ်ပူနေမိသည်။ အလိုလိုက်ထားတဲ့ ညီမလေး ... လူ့လောကကြီးအကြောင်း ဘာမှ မသိဘဲ ပေါ့ပျက်ပျက်နေတတ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေသည်။ မိုးဝေခင် အလိုလိုက်ထားမိတာ မှားသွားပြီလား။ စိတ်ထဲမှာ ပူပင်သောကတွေ ရောက်နေမိသည်။





## အခန်း ( ၃ )

ပြာပြာက အလှအပတွေကို အစွမ်းကုန် ပြင်ဆင်နေမိသည်။

ဒီနေ့ ...

တာဝန်ကို စတင်ထမ်းဆောင်ရမည်။ ကိုလမင်းထိန်နဲ့ တွေ့ရမည်။ မမယွန်းက အလုပ်တာဝန်ကို စတင်ထမ်းဆောင်ရမည်တဲ့။

"မမကြီး"

"ဟင်"

"ပြာပြာ ချောလားဟင်"

"ချောပါတယ်ကွယ် ... မမကြီး ညီမလေးက အရမ်းချောတာပဲ ... မမကြီး ကြည့်လို့တောင်မဝဘူး"

ဟုတ်တယ် ...

ညီမလေးက ကြည့်လို့တောင် မဝဘူး။

လှလိုက်တာ ...

"ပြာပြာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မမ သတိပေးချင်တယ်"

"မမကြီးကလဲ"

"လူတွေကို သိပ်မယုံနဲ့နော်၊ ညီမလေး ဘဝတိုးတက်မြင့်မားတာမျိုးပဲ ဖြစ်စေချင်တယ်"

"မမကြီးကလဲ"

"ပြာပြာ"

"ဟင်"

"အလုပ်ရှင်ကျေနပ်အောင် အလုပ်ကိုပိပိရိရိ သေသေသပ်သပ်လုပ်နော် … ဣန္ဒြေရှိရှိနေပါ၊ ညီမလေးအတွက် ငွေမလိုဘူးနော် မမကြီးတို့ နေထိုင်စားသောက်လောက်ရင် တော်ပါပြီကွယ်"

ညီမလေး ငွေမက်မှာကို သူမသောကတွေ မအေးနိုင်အောင် ဖြစ်နေမိသည်။

ချစ်ရသော ညီမလေး ဘဝရှေ့ရေးအတွက် ရင်လေးနေမိ၏။

"နေရာတကာ ရှပ်ပလာ ရှပ်ပလာ မလုပ်နဲ့နော်၊ မမစကားကို နားထောင်ပါ"

"အင်းပါ"

ပြာပြာ စိတ်မရှည်ချင်တော့ …

မမကြီးက ဒီအတိုင်းပဲ။

နေရာတကာ သူမကိုပဲ စိတ်မချဖြစ်နေတော့သည်။

"ပြာပြာ ကလေးမဟုတ်တော့ပါဘူး မမကြီးရဲ့"

"ညည်းလေး လူ့လောကကြီးအကြောင်း ဘာမှမသိပါဘူး၊ ချမ်းသာကြွယ်ဝတဲ့ယောက်ျားတွေကိုလည်း အထင်မကြီးနဲ့"

"အင်းပါ"

"ပြာပြာက ဘယ်အရာကိုမှ အလေးအနက်ထားတတ်တာ မဟုတ်ဘူး"

သူမ … အလှပြင်ပြီးသွားသည်။

"သွားပြီနော် မမကြီး"

မမကြီးအနားမှာ ဆက်နေလျှင် ဆုံးမစကားတွေ တသီတတန်းကြီး ပြောနေတော့မည်။

"မမကြီး စကားတွေကို နားထောင်စမ်းပါ ပြာပြာရယ်"

ပြာပြာ အိတ်လေးကိုဆွဲပြီး အပြင်သို့ထွက်လာခဲ့မိသည်။

ဘတ်စ်ကားဂိတ် ရောက်လာ၏။ ပတ်ဝန်းကျင်က လူတွေက သူမအားကြည့်နေကြသည်။

ရှက်လိုက်တာ … တကယ်ဆို … အတွင်းရေးမှူးမလေး တစ်ယောက်ကို ဖယ်ရီကားနှင့်ကြိုသင့်သည်။

ကားကတော့ အကြိုအပို့ရှိပေမယ့် သူမဆီလမ်းကြောင်း မသင့်ပေ။ သီးသန့် လာကြိုရမှာ။ ပြာပြာတို့ရပ်ကွက်မှာ ပြာပြာတစ်ယောက်ပဲ ဝန်ထမ်းရှိနေသည်။

ဟွန်း …

လူတွေကလည်း ကြည့်လိုက်ကြတာ။ ဟုတ်ပါရဲ့ …

ပြာပြာကလည်း ယူနီဖောင်းလေးနဲ့ဆိုတော့ ချစ်စရာကောင်းလွန်းတဲ့ မိန်းကလေး ဖြစ်နေသည်။

ကားမှတ်တိုင်မှာ လူတွေက ကြိတ်ကြိတ်တိုးနေ၏။

တက်မရ … ဒုက္ခပါပဲ … ကြိုးစားပြီး အိပ်ရာက စောစောထတော့လည်း ကားမှတ်တိုင်မှာ ကားတွေက ကျပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း ဝိုင်းကြည့်နေ၏။ မျက်နှာပူလိုက်တာ။ ကားက တက်မရသေး။ နောက်ကျတော့မယ် ... ကိုလမင်းထိန် အနားမှာ တာဝန်ထမ်းဆောင်ရမယ်ဆိုမှ အလုပ်နောက်ကျလို့ မဖြစ်ဘူး။

သူမအား ပေါ့ပျက်ပျက် မိန်းကလေးတစ်ယောက်အဖြစ် ထင်သွားမှာ စိုးရိမ်နေမိသည်။ မနေ့ကလည်း ... လူချင်းဝင်တိုက်မိ၍ ထမင်းချိုင့်ပင် မှောက်သွားရသည်။ အရှက်တကွဲ ဖြစ်ရ၏။

ဒီတစ်ခါတော့ ... ပြဿနာတွေ မတက်အောင် အတတ်နိုင်ဆုံး နေရမယ်။

မမကြီးပြောတာလည်း မှန်တယ်။ ပြာပြာ ဘဝကို တိုးတက်အောင် ကြိုးစားရမယ်။ ဒါရိုက်တာယွန်းလို ဂုဏ်သိက္ခာကြီးမားတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ချင်တယ်။ ဖြစ်အောင် ကြိုးစားမယ်။

ပြာပြာဆိုတဲ့နာမည်ကိုတောင် ပြောင်းပစ်လိုက်ဖို့ ကောင်းနေပြီ။

"ပြာပြာ"

"ဟင်"

ဒါရိုက်တာယွန်း ...

"ဟင် မမ ... "

"ပြာပြာ ကားမှတ်တိုင်မှာရပ်နေတာတွေ့လို့ မမဝင်ခေါ်တာလေ"

"တော်ပါသေးရဲ့ မမယွန်းရယ် ... ရုံးချိန်တောင် နောက်ကျတော့မယ် သွားကြစို့"





"ပြာပြာက အရမ်းလှတာပဲ"

"မမယွန်းကလည်း"

ပြာပြာက ချောတယ်။ လှပအိစက်နေတာပဲ။

ကိုလမင်းထိန် ... ရှင်က သိပ်ပြီးကြီးကျယ်ခမ်းနားတယ်။ မိန်းမတွေကို စိတ်မဝင်စားဘူး။ ယွန်းနဒီရဲ့ နှုတ်ခမ်းသားလေးတွေက တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

ရင်ထဲမှာ နာကျင်နေ၏။

"ကိုယ့်မှာအချစ်ဆိုတာမရှိဘူးယွန်း ... ကိုယ်ဘယ်မိန်းမကိုမှ လက်ထပ်ချင်တဲ့ဆန္ဒ မရှိဘူး"

ကြီးကျယ်စွာ ပြောခဲ့သည်။

ရှင် ... တမင်သက်သက် ... ကိန်းခမ်းကြီးတာ ကိုလမင်းထိန်ရဲ့မျက်ဝန်းတွေက အမြဲတမ်း တင်းမာခက်ထန်နေတတ်သည်။

ဘယ်သူမှ အရောတဝင်မရှိ။ အလုပ်သမားတွေအပေါ်ပဲ ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သည်။

မိန်းမတွေကို ပိုပြီး ကင်းအောင်နေတတ်၏။ အဓိက ... ယွန်းကို ငြင်းဆန်လိုက်တာပဲ။ လူကြီးချင်းတွေကလည်း ရင်းနှီးခင်မင်နေကြသည်။ နှစ်ဦးနှစ်ဖက် လူငယ်တွေကို သဘောတူထားကြ၏။

ကိုလမင်းထိန်ကငြင်းတာ ... မိန်းမတွေကိုအထင်မကြီးတဲ့ သဘောဖြစ်နေသည်။ ယွန်းနဒီဆိုတာက အဘက်ဘက်မှပြည့်စုံနေသော မိန်းမတစ်ယောက်။ ရှင်က ငြင်းဆန်တယ်။ အထင်မကြီးတဲ့ သဘောပဲ။

ပြာပြာ ...



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်ပြာ ...

မိန်းမချောလေးတစ်ယောက် ...

ဘာအရည်အချင်းမှမရှိတဲ့ ရုပ်ပလာမလေး ... ကိုလမင်းထိန်က စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်လှုပ်ရှားပြီး ...

ယွန်းက အုပ်ချုပ်မှုအပိုင်းနှင့်ဝန်ထမ်းတွေကို ထိန်းချုပ်လှုပ်ရှားရသောအပိုင်းဖြစ်သည်။

ထို့ကြောင့်ပင် ...

ယွန်းက ပြာပြာ့အား ကိုလမင်းထိန်အတွက် လိုအပ်နေသော အတွင်းရေးမှူးမလေးနေရာ ခန့်ထားခြင်းဖြစ်သည်။

"ပြာပြာ"

"ရှင်"

"ဒီနေ့ ... ညီမလေး အလုပ်စဝင်ရမှာနော်"

"အင်း"

"ကြောက်နေလား"

"အင်း"

"မကြောက်ပါနဲ့ကွယ်၊ မမ တစ်ယောက်လုံးရှိပါတယ်၊ လေ့ကျင့်ပေးမှာပေါ့"

"မမ"

"ပြော"

"ကျွန်မလို ခပ်ညံ့ညံ့ကောင်မလေးတစ်ယောက်ကိုမှ ဘာဖြစ်လို့ရွေးချယ်ရတာလဲ ... ပြာပြာက ဆယ်တန်းတောင် အမှတ်နည်းနည်းနဲ့ ကပ်အောင်တာ"

"ညီမလေး ရုပ်ရည်ချောမောလှပတယ်လေ၊ အဲဒါ အရည်





အချင်းတစ်ခုပဲ ... မမတို့ကြော်ငြာကုမ္ပဏီအတွက် လိုအပ်တယ်"

"ကျွန်မ ကြိုးစားမှာပါ"

သူမ ဘယ်နည်းနဲ့မဆို အောင်မြင်အောင်တော့ ကြိုးစားရမယ်။

"မမတို့ ကုမ္ပဏီကဖွင့်တဲ့စကားပြောသင်တန်းတွေ ဘာတွေ ညီမလေး တက်ရမယ်"

"ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"ကျွန်မက အင်္ဂလိပ်စာ ညံ့တယ်"

"ကြိုးစားပေါ့"

"ဟုတ်ကဲ့ ... မမကို ပြာပြာအရမ်းကျေးဇူးတင်ပါတယ်"

မမယွန်းသည် သူမကို တရင်းတနှီးဆက်ဆံနေ၍ ပြာပြာအားတက်နေမိသည်။

ပြာပြာ့ကို မမယွန်းပဲ ရွေးချယ်ခဲ့တာ။ ပြီးတော့ ... ကြင်နာယုယစွာ ဆက်ဆံခဲ့သည်။ မမယွန်းအား ပြာပြာကျေးဇူးတွေ တင်နေမိသည်။

"ပြာပြာ့ဘဝမှာ မမကြီးပြီးရင် မမယွန်းအပေါ် အခင်မင်အတွယ်တာဆုံးပါပဲ"

ယွန်းရဲ့ မှားယွင်းမှုလား ... ပေါ့ပျက်တဲ့ကောင်မလေးတစ်ယောက်နဲ့ အနီးကပ်နေရရင် တန်ဖိုးကြီးမားတဲ့ မိန်းမတစ်ယောက်ရဲ့ အစွမ်းအစနဲ့ အရည်အချင်းတွေကို ရှင်သိလာမှာပါ။

ပြာပြာက ခပ်ညံ့ညံ့မိန်းကလေး ...



www.burmeseclassic.com

www.burmeseclassic.com



ယွန်းက ဏ္ဍြောသိက္ခာကြီးမားပြီး တန်ဖိုးကြီးတဲ့မိန်းမ။

မိန်းမနှစ်ယောက်ရဲ့တန်ဖိုးကို ရှင်သိနေအောင်လေ။ ရိုး ရောက်လာသည်။

"လာ ... ပြာပြာ၊ မမ မင်းကိုဝင်ပြီး ပို့ပေးမယ်"

"ဟုတ်"

မမယွန်းကို ကျေးဇူးတွေ တင်နေမိသည်။ ပြာပြာတစ်ယောက်တည်းဆို လုံးဝ ဝင်သွားရဲမှာမဟုတ်။

မမက ရှေ့မှ ဝင်သွားသည်။

"အမေ့"

"အို"

"ဒုန်း"

သူမ ... အမိုက်ပုံးကြီးကို ဝင်တိုက်မိတော့သည်။ တစ်ကိုယ်လုံး ထူထူပူပူကြီး ဖြစ်သွားမိတော့၏။

"ပြာပြာရယ် ... ဒုက္ခပါပဲ"

လမင်းထိန်ရဲ့အကြည့်တွေက ကောင်မလေးဆီ ရောက်သွားတော့သည်။

ဒီကောင်မလေးပဲ ... မနေ့က သူနှင့်ဝင်တိုက်မိပြီး ထမင်းချိုင့် ပြုတ်ကျသွားခဲ့သည်။ ရုပ်ပလာမလေး ...

"ကိုထိန်"

"ထိုင်လေ ယွန်း ... "

တည်တည်ကြည်ကြည် နေတတ်တာ လမင်းထိန်ရဲ့အကျင့်ပင်။ အထူးသဖြင့် ...





မိန်းမတွေပဲ ... သူမှာမိကြောင့် မိန်းမတွေကို သူအထင်သေးနေမိသည်။

မာမီသည် သူအရွယ်ရောက်လာမှ ဒက်ဒီကိုထားခဲ့ပြီး နောက်အိမ်ထောင်ပြုသွား၍ သူ့စိတ်ထဲမှာ နာကြည်းနေခဲ့ရ၏။

ဒက်ဒီသည် စိတ်သဘောထား ပြည့်ဝပြီး စီးပွားရေးအရှာအဖွေကောင်းလွန်းသော ယောကျ်ားကောင်းတစ်ယောက်သာ ဖြစ်သည်။

မာမီ ဘာကြောင့် သစ္စာမဲ့ရတာလဲ ... ဒက်ဒီကို ဘာလို့ စွန့်ပစ်ထားခဲ့ရတာလဲဆိုတာ စဉ်းစားမရခဲ့ပေ။

အခုတော့ ...

မာမီ ကွယ်လွန်သွားပါပြီ။ ထိုအချိန်မှစပြီး မိန်းမတစ်ယောက်ကို လက်ထပ်ယူဖို့ သူတွန့်ဆုတ်နေမိသည်။

အထင်သေးနေမိ၏။ အကင်းရှင်းဆုံးနေသည်။

လုပ်ငန်းသဘောအရပဲ ပြောဆိုဆက်ဆံနေခဲ့၏။

"သူက မိုးတိမ်ပြာလေ ကိုထိန်"

"ဟင်"

ကိုယ့်အတွင်းရေးမှူးမလေးအဖြစ် တာဝန်ထမ်းဆောင်မဲ့မိန်းကလေး။ ရုပ်ပျာမလေးတစ်ယောက် ...

"ကိုထိန့်အတွက်ပါ၊ အရိုင်းလေးဆိုတော့ ပို့ပြီးလေ့ကျင့်လို့ကောင်းတာပေါ့၊ ယွန်းတို့ လေ့ကျင့်ပေးမှာပါ"

သူ ... ဘာပြောရမှန်းပင် မသိတော့ ... ဝန်ထမ်းခန့်ထားရေးနှင့်အုပ်ချုပ်ရေးပိုင်းက ယွန်းတာဝန်ဖြစ်သည်။

ဒက်ဒီက တာဝန်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းနဒီနှင့်သူ့ကိုလည်း ဒက်ဒီ ကိုယ်တိုင်က လက်ထပ်စေ
ချင်သည်။

သူ့ဘက်က ငြင်းဆန်ခဲ့သည်။ အိမ်ထောင်ရှင် ဘဝထက်
လူပျိုကြီးဘဝကို ပို၍ နှစ်သက်သဘောကျမိသည်။

ယွန်းနဒီ ရွေးချယ်သော ကောင်မလေးကို သူသဘောမကျ
မိပေ။

မပြောသာ ...

ဒက်ဒီက ကိုယ့်တာဝန်နှင့်ကိုယ် ထမ်းဆောင်တာမျိုးပဲ
သဘောကျမိသည်။

"ပြာပြာကို ခိုင်းကြည့်ပါဦး ကိုထိန်၊ အတွင်းရေးမှူးမလေး
ဆိုတာ ဘာပဲဖြစ်ဖြစ် ရုပ်ရည်ရူပကာ တင့်တယ်ရမယ် မဟုတ်လား"

ပြာပြာ ငြိမ်သက်နေမိသည်။

ကိုလမင်းထိန်က ပြာပြာ့အား နှစ်သက်သဘောကျပုံမရပေ။

ဘယ်သဘောကျပါ့မလဲ။

သူ့ရှေ့မှာ ပြာပြာက အမြဲတမ်း အမှားမှားအယွင်းယွင်းဖြစ်
နေသည်။

ပြဿနာ တက်နေရ၏။

"ပြာပြာက ရှင့်အတွက် အသင့်တော်ဆုံးမိန်းကလေးပဲ"

ပြာပြာတဲ့ ... နာမည်နှင့်လူ လိုက်လွန်းသည်။

တော်တော်လိုက်ဖက်အောင် နာမည်ပေးတတ်တဲ့မိဘတွေ
ပဲ။

"လောလောဆယ် လုပ်ငန်းတွေအကြောင်းနဲ့ ထမ်းဆောင်
ရမယ့်တာဝန်တွေကို ယွန်း ပြောပြထားပြီးပါပြီ"





"ထားခဲ့လေ"

သူ ... ထိုစကားတွေပဲ ပြောဖို့ရှိသည်။

အထူးသဖြင့် ...

ယွန်းနဒီနှင့်အတိုက်အခံ မလုပ်လိုတာလည်းပါသည်။ ဒက်ဒီ
က ယွန်းနဒီကို အားကိုးနေ၏။ လမင်းထိန် ငြင်းဆန်၍ မဖြစ်
ကြောင်း သိနေသည်။ မိုးတိမ်ပြာ ကျန်ခဲ့၏။

"မင်း ဟိုစားပွဲမှာ ထိုင်ရမယ် မိုးတိမ်ပြာ"

"ဟုတ်ကဲ့"

သူမ ... နေရာပြောင်းထိုင်သည်။

အရေးထဲ လွယ်ထားတဲ့အိတ်က ပခုံးပေါ်က လျှောကျပြီး
ပြုတ်ကျသွား၏။

"ဘုတ်"

"ဟင်"

ကပျာကယာ ကောက်ပြီး စားပွဲမှာ ဝင်ထိုင်မိသည်။

"မိုးတိမ်ပြာ"

"ရှင်"

"မင်း ဒီလောက်ထိ ပျာယာခတ်စရာ မလိုဘူးနော်၊ ဘာမဆို
အေးအေးဆေးဆေးလုပ်တာပဲ ကိုယ်သဘောကျတယ်"

"ဟုတ် ... ဟုတ်ကဲ့"

"မင်း ... ဒီလိုသာ အမှားမှားအယွင်းယွင်းဖြစ်နေရင် လူပုံ
လယ်မှာဆို ဘယ်လိုလုပ်မလဲ မိုးတိမ်ပြာ"

သူ့မျက်နှာကြီးက စူတင်းတင်းနှင့်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင် ... အခြောက်တိုက် ဘဝင်မြင့်နေတာ မဟုတ်လား။

သူမအား ညှိုးဖျင်းတဲ့ကောင်မလေးပဲဆိုတဲ့ အကြည့်တွေနှင့် ကြည့်နေသည်။

အနေရအထိုင်ရ ခက်လိုက်တာ ... စားပွဲမှာငြိမ်ကုပ်စွာ ထိုင်နေမိသည်။ ပြာပြာက ငြိမ်ငြိမ်သက်သက် နေတတ်တာ မဟုတ်ပေ။

စိတ်အိုက်နေမိသည်။

မတတ်နိုင်ဘူး။ အလုပ်ထဲမှာပဲ စိတ်တွေကိုနှစ်ထားဖို့ ဆုံးဖြတ်ထားမိသည်။

ဟ ဟ ဟ





အခန်း ( ၄ )

"ကရင် ... ရင်"

ဖုန်းသံ မြည်လာသည်။ သူမ ကောက်ကိုင်ပြီး နားထောင်လိုက်မိသည်။

"ဟဲလို ... ပြော"

"ကိုလမင်းထိန်နဲ့ စကားပြောချင်လို့ပါ"

"ဟိုမှာ ဖုန်းပြောနေတယ် ... မအားသေးဘူး"

"ကျွန်တော် ထွန်းဇလပါ ... သူ့သူငယ်ချင်းပါ။ ညကျရင် ကျွန်တော့်မွေးနေ့ဖြစ်လို့ ညစာစားပွဲနဲ့ ဧည့်ခံလိုပါတယ်လို့ ဆက်ဆက်ကြွဖြစ်အောင် ကြွခဲ့ပါလို့"

"ဟုတ်ကဲ့"

ပြောပြီး သူမဘက်မှ ဖုန်းချလိုက်တော့သည်။ ကိုလမင်းထိန် ဖုန်းပြောပြီးသွား၏။

"ဒီမှာ"

သူ မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းဗလဆိုတဲ့လူ ဖုန်းဆက်ပါတယ်၊ ဒီည သူ့မွေးနေ့ဖြစ်လို့ ညစာစားပွဲနဲ့ ဧည့်ခံချင်ပါတယ်တဲ့၊ ဆက်ဆက်ကြွခဲ့ပါတဲ့"

ထွန်းဗလက သူနှင့်ကျောင်းနေဘက်သူငယ်ချင်းဖြစ်သည်။

"ဘယ်မှာလဲဟင်"

"ဟင်"

သူမ ...

မေ့သွားသည်။

ဟိုဘက်က စကားမပြတ်သေးဘဲနှင့် သူမဖုန်းချမိ၏။

ဘုရားရေ ... သူမ မျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက်သွားသည်။

"မင်းမေ့ပြီး ဖုန်းချပစ်လိုက်တယ် မဟုတ်လား"

စလာတည်းက သူမကို အထင်သေးစရာတွေဖြစ်လာရသည်။ သူမကလည်း သူမပဲ ... ဘယ်နေရာကိုလာရမလဲဆိုတာ မမေးမိ။ ပေါ့လျော့သည်။

"တီ ... တီ"

"တီ"

ကိုလမင်းထိန်ရဲ့ ဟမ်းဖုန်း မြည်လာသည်။

"ဟဲလို"

သူမ နည်းနည်းတော့ လန့်နေသည်။

"ထွန်းဗလလား ... အေး မင်းဖုန်းဆက်တယ်လို့ပြောတယ် ဘယ်နေရာမှာလဲဆိုတာ မမေးမိလိုက်ဘူးတဲ့၊ မင်းအခုဆက်တာနဲ့ အတော်ပဲ"

ထွန်းဗလတဲ့။





ဘုရားရေ ...

"အေးကွာ ... အခုမှ လူသစ်ဆိုတော့ နည်းနည်းဆက်ဆံရေးကျဲတယ်"

သူမအကြောင်းပြောနေတာပဲဖြစ်၍ ရင်ထိတ်နေမိသည်။

"အေး ... လာခဲ့မယ်၊ စိတ်ချ"

ဖုန်းချသွားသည်။

သူမ အထိတ်တလန့်နှင့် လမင်းထိန်ကို မော့ကြည့်မိ၏။

"မိုးတိမ်ပြာ"

"ရှင်"

"မင်းဖုန်းနဲ့ စကားမပြောတတ်ဘူးလား"

"ရှင်"

"မင်းလေသံက အရမ်းမာထန်လွန်းတယ်"

ရုတ်တရက်ကြီးဆိုတော့ သူမ လေသံတွေက ထိန်းချုပ်၍မရ၊

တုန်ယင်တင်းမာနေသည်။

"မင်းပြင်ပါ"

"ရှင်"

"ဘာရှင်လဲ ... မင်းလို နုံအအ ခပ်ညံ့ညံ့ ကောင်မလေးတစ်ယောက်ကိုမှ ယွန်းက ဘာဖြစ်လို့ တာဝန်ပေးရတာလဲ"

သူ ...

စိတ်ပျက်လက်ပျက် ညည်းညူနေသည်။ မိုးတိမ်ပြာကို အများကြီး လေ့ကျင့်ပေးရဦးမည်ဟု ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အသုံးမကျတဲ့ကောင်မလေး ... ဖုန်းတောင် မပြောတတ်ဘူး။

"မိုးတိမ်ပြာ"

"ရှင်"

"ငါညစာစားပွဲသွားမယ်၊ ညနေ ခြောက်နာရီမှာ မင်းမှတ်ထားပါ ... ပြီးတော့ သတိပေး ... "

"ဟုတ်ကဲ့"

"စောစောစီးစီး ကြိုတင်ပြီး သတိပေးနော်၊ ငါအဝတ်အစားလဲရဦးမယ်"

"ဟုတ်ကဲ့"

"ခဏနေရင် ကြော်ငြာကိစ္စအတွက် မင်းနဲ့ငါ အပြင်ထွက်ရမယ်"

"ဟုတ်ကဲ့"

"မင်းယူလာရမယ့် ပစ္စည်းတွေကို ငါပြထားမယ် ... အားလုံးစနစ်တကျ ယူခဲ့ပါ"

"ဟုတ်"

"မင်းက လူသစ်ဆိုတာ ငါခွင့်လွှတ်ပါတယ်၊ မင်းကိုယွန်းနဲ့အဖွဲ့ဝင်တွေက လေ့ကျင့်သင်ကြားပေးဦးမှာပါ"

"ဟုတ်ကဲ့"

"မင်းလေသံက မာတယ်၊ နည်းနည်းတော့ ပျော့ပျောင်းသွားအောင် မင်းပြင်သင့်တယ်"

"ဟုတ်ကဲ့ ... "





"ငါ့ကို ဆရာလို့ခေါ်ပါ"

"ဆရာ"

"ဟုတ်တယ်"

သူ ...

ဘာမှ မပြောတော့ ...

သူမ လုပ်ရမယ့်အလုပ်တွေအတွက် အမှားအယွင်းမရှိအောင် ကြိုးစားနေရသည်။

မမကြီးရေ ...

ပြာပြာတော့ မလွယ်ဘူး။

အလုပ်တာဝန်တစ်ခုကိုတော့ ကျေပွန်အောင်လုပ်ချင်ပါတယ်။

ယောက်ျားတစ်ယောက်ရဲ့ အထင်သေးမှုတွေကိုခံရတာ ပထမဆုံးအကြိမ်ပဲဖြစ်နေလို့ နည်းနည်းတော့ အောက်သက်သက်ဖြစ်ရတယ်။

မမကြီးကို သတိရမိသည်။

သူမ အလွဲလွဲအချော်ချော်တွေ ဖြစ်နေတာ။ မမကြီးသိရင် စိတ်ပူမှာပဲ။

မကြာခင် ... ကြော်ငြာကိစ္စ လုပ်ငန်းရှင်တွေနှင့်တွေ့စရာရှိနေသည်။

ဒုက္ခပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းက အခုမှစတင်ရသေးသည်။ အလုပ်ကများနေသည်။

ပြာပြာ စိတ်ညစ်နေမိ၏။

ရှုပ်လိုက်တာ ... မှတ်ဥာဏ်နည်းပါတယ်ဆိုမှ ဟိုလူက မှတ်နိုင်းတာတွေက အများကြီး။

"ပြာပြာ"

"ရှင်"

"ညစာစားပွဲကို မင်းပါလိုက်ရမယ်"

"ရှင်"

"မင်းကို လူတွေထဲတိုးဝင်တတ်တဲ့အကျင့်တွေရအောင်ပဲ"

"ကျွန်မ အိမ်ကိုဘာမှမပြောခဲ့ရသေးဘူး ဆရာ"

ဟွန်း ...

ဆရာတဲ့ ...

ရှင်အပေါ်စီးကနေ ပြာပြာ့ကို ဆက်ဆံနေတာပါ။ သူများကြတော့ လေသံမာတယ်ပြောပြီး သူ့မျက်နှာထားကြီးက တင်းမာနေသည်။

ပြာပြာ မကျေနပ်ပါဘူး။

"မင်း အိမ်ကိုပြန်ပြီးမှ ကိုယ်ဒရိုင်ဘာနဲ့ အကြိုခိုင်းပါ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

သူ သဘောမကောင်းချင်တဲ့အခါတွေမှာဆို ငါတွေဘာတွေ





နှင့် ပြောတတ်ပြီး အခုကျတော့လည်း ကိုယ်တဲ့ ...

ဝန်ထမ်းတွေနဲ့ ဆက်ဆံတဲ့အခါကျရင်တော့ သူကဆက်ဆံရေး ပြေပြစ်တယ်တဲ့။

"ကဲ ... ကိုယ်တို့လုပ်ငန်းရှင်တစ်ယောက်နဲ့ သွားတွေ့ရမယ်၊ မင်းယူစရာရှိတာတွေ ယူခဲ့"

"ဟုတ်"

"မိုးတိမ်ပြာ"

"ရှင်"

"မင်းနုံနုံအအ မလုပ်နဲ့နော် ... ငါက သွက်သွက်လက်လက်ပဲ သဘောကျတယ်"

"ဟုတ်ကဲ့"

သူ့ကို တလေးတစားနှင့် ဟုတ်ကဲ့ဆိုတဲ့စကားကို တွင်တွင်ပြောနေရသည်။

"ကိုယ်တို့သွားမယ့် လုပ်ငန်းကိစ္စအတွက်လည်း ဆက်ဆံရေး ပြေပြစ်ဖို့က အဓိကနော် အမိ"

"ဟုတ်ကဲ့"

"မင်းအတွေ့အကြုံရှိအောင်ပါ ... ဒါရိုက်တာယွန်းက မင်းကိုဘာကြောင့် ရွေးချယ်မှန်းမသိပါဘူး"

သူက ဒါရိုက်တာယွန်းကိုတော့ တော်တော်လေးကြောက်ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မငြင်းဆန်ပုံ။

သူမအား သူ့စိတ်ထဲမှာ သဘောကျကြောင်း ပြောင်ပင်ဖွင့်ပြောနေသည်။

မကျေမနပ်နှင့် နှုတ်ခမ်းသားလေးတွေကို စုထော်ချင်လာ၏။

ပြာပြာ ကြိုးစားပြမယ်။

အစွမ်းအစရှိတဲ့ မိန်းမတစ်ယောက်ဖြစ်အောင် ဒီနေ့ကစပြီး ကြိုးစားမယ်။

ဆုံးဖြတ်လိုက်မိသည်။





အခန်း ( ၅ )

"ပြာပြာ"

"ရှင်"

"မနေ့က အပ်ထားတဲ့ကြော်ငြာဒီဇိုင်းရော"

"ဟုတ်ကဲ့"

ဖိုင်တွဲမှာ ရှာသည်။ မတွေ့ပေ။ ဟောတော့ ... ဒုက္ခပါပဲ။ ကျန်ခဲ့ပြီ။ ဖိုင်တွဲထဲ ထည့်မည်လုပ်ပြီးမှ စားပွဲပေါ်မှာ မေ့ကျန်ခဲ့သည်။

ပြဿနာပဲ။

"ပြာပြာ"

"ရှင်"

"ပေးလေ"

"ဟို ... ဟို"

သူမ ... ဘယ်လိုပြောရမလဲ။ သေချင်တာပဲ ... ဆရာက သေသေချာချာယူလာခဲ့ပါလို့ ပြောထားသည်။ သူမက မေ့ကျန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဟို ... ဟို ... ဆရာ့စားပွဲပေါ်မှာ မေ့ကျန်ခဲ့ပြီ၊ တောင်းပန်ပါတယ် ယူမယ်ပြင်ပြီးမှ မေ့ကျန်ခဲ့တာပါ"

"မင်းကွာ ... တောက်"

ဘယ်လောက် ဒေါသဖြစ်စရာကောင်းတဲ့ ကောင်မလေး တစ်ယောက်လဲ။

ညှိုးလွန်းတယ်။

နေရာတကာ ပေါ့ပျက်ပျက်နဲ့၊ တစ်ဖက်ကို တောင်းပန်ရသည်။

"ပြာပြာ"

"ရှင်"

"မင်းပြန်ယူစမ်း ... နာရီဝက်အတွင်း မင်းရအောင်ယူလာခဲ့ ကားငှားသွား ... သွားလေ"

"ဟုတ်ကဲ့"

ကားငှားသွားတဲ့ ... သူ့ကားနှင့်ပြန်ယူလျှင် ရပါလျက်နှင့် သူမအား တစ်ယောက်တည်း လွှတ်နေသည်။

ရှင် ... တမင် ... အပြစ်ဒဏ်ပေးတာ မဟုတ်လား။

တစ်ဖက်က မနက်ဖြန်မှ ယူခဲ့ပါတဲ့။ သူက သူမအား တမင် ယူခိုင်းလိုခြင်းသာဖြစ်သည်။ ပြာပြာ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ကားငှား ရ၏။ ရုံးခန်းသို့ အမြန်ဆုံးပြန်ရသည်။

"ခဏလေး စောင့်ပါနော် ... ကျွန်မ အရေးကြီးလို့ပါ"

အငှားကားသမားကို ခဏစောင့်ရန် တောင်းပန်ရသည်။

ရုံးခန်းထဲ အပြေးအလွှား ဝင်ရ၏။

ဖိုးလပြည့်စာပေ



နာရီဝက်အတွင်းတဲ့ ...

"ဒေါက်"

"ဒေါက်"

"ဒေါက်"

"ဟဲ့ ... ပြာပြာ ဘာဖြစ်တာလဲ ကိုလမင်းထိန်ရော"

ပြာပြာမဖြေနိုင်ဘဲ လက်ကာပြပြီး ရုံးခန်းထဲပြေးဝင်ရသည်။

ရုံးခန်းထဲရောက်တော့ စားပွဲပေါ်မှာ ကြော်ငြာက ရှိနေ၏။

"ဟူး"

တော်ပါသေးရဲ့။

အမြန်ဆုံးယူပြီး ပြေးထွက်လာခဲ့မိသည်။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

ခွာမြင့်ဖိနပ်သံက ကုမ္ပဏီတစ်ခုလုံး ဆူညံသွားတော့သည်။

"ပြာပြာ"

ယွန်း စိတ်ပူသွားသည်။

"ဒီကောင်မလေး ပျာယာခတ်ပြီး ဘာတွေဖြစ်သွားပြီး ဘာတွေဖြစ်နေလဲ"

"ပြာပြာ ... ပြာပြာ"

"ဟို ... ကျွန်မ ကြော်ငြာကျန်ခဲ့လို့ နာရီဝက်အတွင်းယူရမယ်တဲ့"

သူမ ...

www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်လာခဲ့သည်။ နာရီဝက်အတွင်းတဲ့။ ဆရာ ဒေါသဖြစ်နေပြီ။

ပြာပြာကိုယ်တိုင်လည်း ပေါ့ပါတယ်။

မေ့ဖြစ်အောင် မေ့ကျန်ခဲ့သေးသည်။ ဒီလောက် ဂရုစိုက်နေတာကအစ မေ့ဖြစ်အောင် မေ့ကျန်ခဲ့သေးသည်။

ကိုလမင်းထိန်က သူမအားမှတ်လောက်သားလောက်အောင် ပညာပေးတာပါ။

"ဟူး"

ပြန်ရောက်လာသည်။ တက္ကစီကားခက သူမပိုက်ဆံအိတ်ထဲက သုံးထောင်ထွက်သွားသည်။

မရှိရတဲ့အထဲ။ ကြော်ငြာကိစ္စ စီစဉ်ပြီး ရုံးခန်းပြန်ရောက်လာကြသည်။

"မင်းဟာ တော်တော်အသုံးမကျတဲ့ ကောင်မလေးပဲ၊ ငါ သေသေချာချာ မှာထားပါလျက်နဲ့ကွာ"

သူ ... ဒေါသဖြစ်နေမိသည်။ ညံ့ဖျင်းလွန်း၏။ ဘာမှ သေသေသပ်သပ်မရှိ။

"ငါ ဘယ်လောက်အထိ မျက်နှာပျက်ရသလဲ ပြာပြာ၊ မင်းအသုံးမကျလို့ အခုလိုဖြစ်ရတာ"

မိန်းကလေးတစ်ယောက်ရဲ့ ပေါ့ပျက်မှုကို သူတွေ့လိုက်ရသည်။

ဒီကောင်မလေးက အလွန်ညံ့ဖျင်းတဲ့ ကောင်မလေးပဲ။

"မင်းတာဝန်မထမ်းဆောင်နိုင်ဘဲ ဘာဖြစ်လို့ ဒီတာဝန်ကို လက်ခံရတာလဲ ပြာပြာ"





တော်မတော်ညံ့တဲ့ ကောင်မလေးတစ်ယောက်ပဲဟု တွေးနေမိသည်။

"ဒါလောက်လေးတော့ မင်းလုံးဝ မမေ့လျော့သင့်ဘူး"

သူမ ... ငြိမ်သက်နေမိသည်။ ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်နေ၍ ဖြစ်သည်။

"မင်းပြန်တော့"

"ဟုတ်ကဲ့"

"ညနေ ညစာစားပွဲရှိတယ် ... မင်းအဆင်သင့်ပြင်ထား"

"ဟုတ်ကဲ့"

"ကျွန်မ အပြင်အဝတ်အစားပဲ ဝတ်ရမှာလား"

"ဟုတ်တယ်"

ရုံးဆင်းပြီ။

ဒရိုင်ဘာ ကိုဘမောင်က သူမအား လိုက်ပို့ပေးသည်။

"ကိုဘမောင်"

"ဟင်"

"ညစာစားပွဲက ဘယ်နှနာရီလဲ၊ ကျွန်မကို ဘယ်အချိန်လာခေါ်မှာလဲ"

ဒီတစ်ခါတော့ ...

သေချာအောင် မေးထားရသည်။

အမှားအယွင်း အဖြစ်မခံနိုင်။

"ညနေ ခြောက်နာရီခွဲ ပြာပြာ၊ ဆရာက အချိန်တိကျမှ သဘောကျတာ၊ စည်းစနစ်လည်း အရမ်းကြီးတယ်"

"အင်းနော် ... ကျွန်မ အမှားအယွင်းတစ်ခု လုပ်မိတာ



www.burmeseclassic.com

www.burmeseclassic.com



ဆူလိုက်တာ မပြောပါနဲ့တော့”

အိမ်ပြန်ရောက်လာသည်။

မမကြီးကိုပြောပြတော့ သူမအား အပြစ်တင်နေ၏။

“ညီမလေး ညံ့တယ်၊ ဒီရာထူးကိုရအောင်ယူပြီးမှ အလုပ်က အထုတ်ခံရတာပဲဖြစ်ဖြစ်၊ ရာထူးအချခံရတာပဲဖြစ်ဖြစ် ဘယ်လောက်အထိ ဂုဏ်သိက္ခာမဲ့လဲ ပြာပြာ”

မမကြီးပြောတာလည်း ဟုတ်တယ်။ ပြာပြာ ညံ့ဖျင်းလွန်းတယ်။ အသုံးမကျဘူး။ သူမကို အသုံးမကျဘူးဟု အထင်ခံရမှာကို ရှက်မိသည်။

ကိုလမင်းထိန်ရဲ့ အထင်သေးအမြင်သေးစွာ ကြည့်တတ်တဲ့ မျက်ဝန်းတွေ … မာနတွေကို ထိပါးလာရသည်။

ပြာပြာ ကြိုးစားမယ်။

“ပြာပြာ”

“ရှင်”

“ညီမလေး ဘဝတက်လမ်းတစ်ခုပဲ ကြိုးစားပါကွယ်၊ ဘာမဆို စိတ်ကပဲအရေးကြီးတာပါ၊ အပျင်းမကြီးဘဲ ကြိုးစားပါကွယ်”

“ဟုတ်ကဲ့ မမကြီး၊ ပြာပြာ အတတ်နိုင်ဆုံးတော့ ကြိုးစားပါ့မယ်”

“မမကြီး ဝမ်းသာလိုက်တာ၊ ညီမလေးအတွက်ပဲ မမကြီး ပူတာ”

ညီမလေးအား ငယ်စဉ်လေးတည်းက မိုးဝေခင် အလိုလိုက်ထားခဲ့သည်။

အိမ်မှုကိစ္စတွေလည်း စိတ်မဝင်စား။ အလှအပပြင်ပြီး ပျော်





ပျော်နေတတ်သော မိန်းကလေးသာဖြစ်သည်။

“ဒီနေ့ ညစာစားပွဲ သွားရမယ် မမကြီး”

“ဟုတ်လား”

“ခြောက်နာရီခွဲ လာခေါ်မှာ”

“ပြင် … ပြင်၊ ညီမလေး ဘဝကို ညီမလေးထိန်းကျောင်းနိုင်အောင် ကြိုးစားနော် ပြာပြာ”

“ဟုတ်”

“ညီမလေး မငယ်တော့ဘူး … ကြိုးစားနော်၊ မမကြီးကလည်း လိုက်ပြီး မစောင့်ရှောက်နိုင်ဘူး”

ညီမလေး ညဘက်သွားမယ်ဆိုတော့ စိတ်ထဲမှာနည်းနည်းတော့ ပူမိသည်။

ဘယ်တတ်နိုင်မလဲလေ။

တာဝန်ပဲ …

“ပြာပြာ”

“ရှင်”

“ကိုယ်ကျင့်တရားတော့ အတတ်နိုင်ဆုံး မပျက်ယွင်းအောင် ထိန်းပါ”

“စိတ်ချပါ မမကြီး၊ အခု အလုပ်ရှင်ကလေ သိပ်ကြီးကျယ်ခမ်းနားတဲ့လူသိလား၊ မိန်းမတွေလည်း အရမ်းအထင်သေးတာပဲ”

“ညီမလေးရယ် … ဘာဖြစ်ဖြစ် မိန်းကလေးတစ်ယောက်ဖြစ်နေတော့ ပေါ့ပျက်ပျက် မိန်းကလေး မဖြစ်စေချင်ဘူး၊ ထက်ထက်မြက်မြက် မိန်းကလေးတစ်ယောက်ဖြစ်စေချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာ ကြိုးစားမယ် ...

ရှင် ... အထင်သေးတာတော့ မခံနိုင်ဘူး။ တာဝန်က ရုပ်စဲခံလိုက်ရရင် ဘယ်လောက်အရှက်ကွဲမလဲ။

အဖြစ်မခံနိုင်ဘူး။

"ပြာပြာ ပြင်တော့"

"အင်း"

"ညီမလေးကိုပဲ မမကြီး စိတ်မချ ဖြစ်နေတာပါကွယ်"

မမကြီးသည် ရိုးသားဖြူစင်ပြီး အလုပ်ကိုကြိုးစားသောသူသာဖြစ်သည်။

စည်းစနစ်ရှိ၏။ ပြာပြာနဲ့ တခြားစီပဲ။ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

ပြာပြာတို့ ညီအစ်မ အချမ်းသာကြီးမဟုတ်ပေမယ့် သိပ်အဆင်းရဲကြီးလည်းမဟုတ်။ အသင့်အတင့်တော့ စားသောက်နေနိုင်သည်။

မမကြီးကြောင့်ပါ။ ပြာပြာကတော့ ရုပ်ပလာမလေး။

မဖြစ်ဘူး။ ကြိုးစားပြင်ရမယ်။ ရှင့်ရဲ့အထင်သေးမှုကိုတော့ ကျွန်မ လုံးဝ မခံနိုင်ပါဘူး ကိုလမင်းထိန်။

မျက်နှာကြီးက တင်းမာတာပဲ။ ဆူလိုက်တာ ... ကိုလမင်းထိန် မျက်နှာကြီးက တင်းမာခက်ထန်နေတတ်သည်။

သူမ လန်းဆန်းသွားအောင် ရေကိုတဝကြီးချိုးပစ်မိ၏။

မလွယ်ဘူး ... ဦးလမင်းထိန်လို ဇီဇာကြောင်တဲ့လူကြီးတစ်ယောက်ရဲ့ လက်အောက်မှာမှ တာဝန်ကိုလာပြီးထမ်းဆောင်နေရ





သည်။ ပြာပြာ အလုပ်မထွက်လို။ ရှက်စရာကောင်းတယ်။ နာမည်ပျက် ရှိမှာကိုတော့ ပြာပြာ အကြောက်ဆုံးပင်ဖြစ်သည်။

အလုပ်ကနေ မထွက်စေရဘူး။ ကြိုးစားမယ်။ အတတ်နိုင်ဆုံး ကြိုးစားမယ်။

ပြာပြာ အလှပြင်နေမိသည်။

"ညီမလေးရဲ့အလှဟာ လူတွေကိုဖမ်းစားနိုင်တယ် ပြာပြာ ဒါကြောင့် ... မမယွန်းတို့က ကြော်ငြာလုပ်ငန်းဆိုတော့ ညီမလေးနဲ့အရမ်းလိုက်ဖက်တယ်လို့ မမ ထင်မိတယ်"

ပြာပြာ လှသည်။ ချော၏။ အိစက်ဖြောင့်စင်းနေသည်။

ဒါပေမယ့် ... ညှို့ဖျင်းတဲ့ကောင့်မလေး။ ပြာပြာ ဝန်ခံပါတယ်။

မမကြီးရဲ့အလိုလိုက်မှုအောက်မှာ ကြီးစလွယ် ပေါ့ပျက်ပျက်နေတတ်သည်။

လောကကြီးအကြောင်းလည်း ဘာမှစိတ်မဝင်စားခဲ့ပေ။

ပျော်သလိုသာ နေခဲ့သည်။ မမကြီး စျေးဆိုင်ကိုလည်း လုံးဝစိတ်မဝင်စားခဲ့ပေ။

"ကုမ္ပဏီတွေမှာ အလုပ်အဆင်မပြေရင်တော့ ညီမလေးမမကြီး ဆိုင်မှာပဲ စျေးရောင်းတော့နော်"

မမကြီးက စျေးရောင်းဖို့ ဖွတ်အတင်း တိုက်တွန်းနေသည်။

သူမကလည်း စျေးရောင်းရမည့်အလုပ်မျိုးကို မလုပ်လိုပေ။

ထို့ကြောင့်ပင် ... နေလရောင် ကုမ္ပဏီမှာ အလုပ်မြဲအောင်ကြိုးစားရမည်ဖြစ်သည်။

အလှပြင်ပြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ပြာပြာက ပြင်တော့လည်း အရမ်းလှတာပဲ၊ မမကြီးတောင် မမှတ်မိတော့ဘူး"

"အဟဲ"

"ပြာပြာ"

"ရှင်"

"မမကြီးကတော့ ညီမလေးနောက်လိုက်ပြီး မစောင့်ရှောက်နိုင်ဘူး"

"အင်းပါ"

"ကိုယ်ကျင့်သိက္ခာကိုတော့ တန်ဖိုးထားပါ၊ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးကို ထိန်းသိမ်းပါ"

"စိတ်ချပါ မမကြီး၊ ပြာပြာက လူကသာ ပေါ့ပျက်ပေမယ့် ကိုယ်ကျင့်တရားကိုတော့ အပျက်မခံပါဘူး၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ပါတယ် မမကြီးရယ်"

"အေး ... အေး ... မမကြီးက ပြာပြာ့ဘဝရှေ့ရေးအတွက်ပါ"

မိုးဝေခင်ကတော့ အပျိုကြီးပီပီ အတွေးလွန်ပြီး ပူပင်နေမိသည်။

ညီမလေးက ချောလွန်းတယ်။ ဘဝအပျက်မခံနိုင်။

"တီ ... တီ ... "

"တီ"

"ဟော လာကြိုပြီထင်တယ် ပြာပြာ"

"ဟုတ်တယ် မမကြီး ... ဒုက္ခပါပဲ၊ အင်္ကျီတောင် မဝတ်ရသေးဘူး မမကြီး ခြောက်နာရီခွဲပြီလား"





"ဆယ့်ငါးမိနစ်လောက်တော့ လိုပါသေးတယ်၊ ဝတ် ... ဝတ် အင်္ကျီ မြန်မြန်ဝတ်လိုက်တော့"

အခုမှ ... အတွင်းခံအင်္ကျီဝတ်ဖို့ ပြင်နေဆဲပင်ဖြစ်သည်။

"အဲဒီ ကိုဘမောင်ကြီးကလည်း အစောကြီးလာကြိုရတယ်လို့ မမကြီး ခဏစောင့်ပါလို့ အချိန်လိုသေးတယ်လို့"

"အေး ... အေး ... ညည်းလေး မြန်မြန်လုပ်လေ"

"အင်းပါ"

မမကြီး အပြင်ထွက်သွားပြီး ညှို့ခံနေသည်။ တော်သေး၏။

ဝတ်စရာ အဝတ်အစားက အဆင်သင့်ရွေးထားပြီးသား ဖြစ်သည်။ အလျှင်အမြန် ကောက်ဝတ်လိုက်ရ၏။ မှန်ကို နောက်ဆုံးအကြိမ် ကြည့်လိုက်၏။ သွားတော့မယ် ... အပြင်ထွက်လာခဲ့သည်။

"ကိုဘမောင်ကြီးက အစောကြီးလာကြိုတယ်နော်"

"ခင်ဗျားလေးအကြောင်းသိလို့ ဆရာက စောစောကြိုတင်အကြိုခိုင်းလိုက်တာ"

"တွေ့လား ... အတိအကျပဲ"

အချောင် အမှတ်ယူပစ်လိုက်ရသေးသည်။ သူမအား မတိကျမသေချာတဲ့ ကောင်မလေးဟု အထင်သေးမခံနိုင်ပေ။

ကျော့မော့စွာ ကားလေးဖြင့် လိုက်လာခဲ့မိသည်။

ශ ශ ශ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

နည်းနည်းတော့ ရှက်နေမိသည်။

ပြာပြာ့ကို ပတ်ဝန်းကျင်မှလူတွေက ကြည့်ကွက် ကြည့်ကွက် ဖြစ်နေကြ၏။ မနေတတ် မထိုင်တတ်တော့ အနည်းငယ်ဖြစ်ရသည်။

သူမ ဟန်ဆောင်နေရ၏။ အမှားအယွင်းမဖြစ်အောင် အတတ်နိုင်ဆုံး ထိန်းချုပ်နေရသည်။

ထိုပွဲမျိုးကို တစ်ကြိမ်တစ်ခါမှ သွားလာခဲ့ဖူးခြင်း မရှိပေ။

ကိုလမင်းထိန်က ရှေ့မှသွားနေသည်။ နှစ်ယောက်တည်း။ တခြားဘယ်သူမှ မလိုက်ကြ။ မမယွန်းနဲ့ မသိဘူးထင်ပါရဲ့။

သူမ ... စိတ်တွေလှုပ်ရှားမှု မရှိစေရန် ကြိုးစားနေရသည်။

ကိုလမင်းထိန်က လူရှေ့သူရှေ့မှာ လုံးဝဟန်မပျက်စေနဲ့တဲ့။ မင်းကို လေ့ကျင့်ပေးတာတဲ့။

"နောက်ဆို ဒီလိုပွဲမျိုးတွေ မင်းအများကြီးသွားရမှာနော် ပြာပြာ ... အမှားအယွင်းတွေ မဖြစ်စေချင်ဘူး၊ စိတ်တွေတည်ငြိမ်မှုရှိရမယ် ... မင်း ကြိုးစားပါ"

"ဟုတ်ကဲ့"





လောလောဆယ်တော့ ပြာပြာ ဘာမှမများသေးဘဲ ဖြစ်နေသည်။ အေးဆေးပဲ ...

"ပြာပြာ"

"ရှင်"

"စားလေ"

"ဟုတ်"

စားစရာတွေကလည်း အများကြီးဖြစ်နေသည်။ ကိုထွန်းဗလ ရောက်လာ၏။

"ကိုထိန် ... မင်းရောက်နေတာ ကြာပြီလား၊ ကိုယ်ဧည့်သည်တွေ များနေလို့ကွာ"

"ရတယ် ... ဗလ၊ မင်းလုပ်စရာရှိတာ လုပ်ပါ၊ ကိုယ်က လူရင်းတွေပဲ"

"ထွန်းဗလရဲ့အကြည့်တွေက ကိုထိန့်ဘေးက ကောင်မလေး ဆီ ရောက်သွားရသည်။

လေသံမာမာနှင့် အဆီအငေါ်မတည့်စွာ ပြောတတ်တဲ့ ကောင်မလေး။

"သူလား ... ကိုယ့်ကို ဖုန်းပြောတာ"

"ဟုတ်တယ် ... ကိုယ့်အတွင်းရေးမှူးမအသစ်လေး"

ထွန်းဗလစိတ်ထဲမှာ အတော်ချော့တဲ့ ကောင်မလေးဟု တွေးမိသွားသည်။ ကိုထိန် အရွေးတော်တယ်။

"ကိုထိန် ... ခဏ"

ကိုထိန့်အား လက်ဆွဲပြီး တခြားဝိုင်းသို့ခေါ်ထုတ်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထိန်"

"ဟင်"

"မင်းအတွင်းရေးမှူးမလေးက တော်တော်ချောတာပဲ၊ အရွေးတော်တယ်"

သူ ... ငြိမ်သက်နေမိသည်။ သူငယ်ချင်းတွေကတော့ ပြာပြာ့ကို စိတ်ဝင်စားနေကြ၏။

"နာမည်က ပြာပြာတဲ့လား ကိုထိန်"

"မိုးတိမ်ပြာပါ"

ပြာပြာဆိုတဲ့နာမည်က သူသိပ်ပြီးသဘောမကျချင်ပေ။ နာမည်နဲ့လိုက်တယ်။ အလကား ... ရုပ်ပလာမလေး။

"ကိုထိန်"

"ဘာလဲ ဗလ"

"ပြာပြာ့အကြောင်း ကိုယ်သိချင်တယ်"

"ဘာအကြောင်းလဲ"

သူ သိပ်မပြောချင်။ ဒီကောင်မလေးကိုပဲ ဗလတို့အုပ်စုက စိတ်ဝင်တစား ရှိနေကြသည်။

"လေသံကတော့ မာတယ်နော်"

"အင်း"

"ကိုထိန်"

"ဘာလဲကွ"

"မောင်ရင်က မောင်ရင့်အတွင်းရေးမှူးမလေးအကြောင်း မပြောချင်ဘူးလား"

"ကိုယ် စိတ်မဝင်စားလို့ပါ"





"မောင်ရင်က မိန်းမတွေကို အခြောက်တိုက် အထင်သေးနေတာပဲ"

သူ ဘာမှမပြောပေ။

မိန်းမတွေကို သူငယ်စဉ်လေးတည်းက အထင်မကြီးတာ ဗလတို့သိသည်။

"မင်းအတွင်းရေးမှူးမလေးနဲ့ မိတ်ဆက်ပေးကွာ၊ တို့တွေ စိတ်ဝင်စားတယ်"

"မင်းတို့ သွားမိတ်ဆက်ပေါ့"

ပြာပြာ တစ်ယောက်တည်း ထိုင်နေရသည်။ ဒီကောင်မလေး ဘာဖြစ်လို့ ဒီလောက်အထိ အလှအပတွေ ပြင်လာရတာလဲ။ မဖြစ်သင့်ပါဘူး။ ယောကျ်ားလေးတွေကို စိတ်ဝင်စားလာအောင် ဖိတ်ခေါ်နေတာပဲ။

သူ ... ပြန်ချင်နေသည်။ စားပွဲမှာ သူငယ်ချင်းတွေက ပြာပြာ့ အကြောင်းပဲ ပြောနေကြ၏။

"မင်း ... ဒီမှာနေနော် ကိုထိန်၊ တို့တွေ ပြာပြာနဲ့သွားပြီး မိတ်ဆက်မယ်"

"သွားလေ"

သူကတော့ ပြာပြာဆိုတဲ့ကောင်မလေးကိုစွ စိတ်မဝင်စားပေ။

ဗလနှင့် စကားပြောနေလိုက်သည်။ စားပွဲမှာတော့ ပြာပြာ တစ်ယောက်တည်း ဒုက္ခရောက်နေရသည်။

"ဒုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘုရားရေ ...

အတွင်းခံအင်္ကျီချိတ်က ပြုတ်သွားသည်။ ဒုက္ခပါပဲ။

ချောင်ချိကြီးဖြစ်သွား၍ အနေရအထိုင်ရ ခက်သွားရတော့သည်။ ပြန်တပ်ရင် ကောင်းမလား။

သူမထိုင်နေတဲ့ စားပွဲက ချောင်ကျ‌ေန၍ တော်သေးသည်။ လက်ကို နောက်ပြန်တပ်ဖို့ ကြိုးစား၏။ မလွယ်။

ပြာပြာ့ ကိုယ်လေး ရှုစိရှုစိ ဖြစ်လာရတော့သည်။

"ပြာပြာ"

"ဟင်"

"ကိုယ်က ကိုထိန်နဲ့သူငယ်ချင်း ကိုကိုပါ"

သူက စတင်မိတ်ဆက်၏။

ပြာပြာကတော့ ကိုလမင်းထိန်ကလွဲပြီး တခြားယောကျ်ားတွေနှင့် အကြောင်းမဲ့ မပတ်သက် မဆက်ဆံလိုပေ။

မျက်နှာထားလေးကို တင်းတင်းလေး ထားပစ်လိုက်မိသည်။

"ပြာပြာနဲ့ ခင်ချင်လို့လေ"

"ကျွန်မ နာမည် မိုးတိမ်ပြာပါ။ ကျွန်မ အလုပ်တာဝန်ဝတ္တရားအရပဲ တခြားသူတွေနဲ့ ပတ်သက်ချင်ပါတယ်"

ထိုလူ ထသွားသည်။

ဟုတ်တယ်လေ ... ပြာပြာ့ကို ရိုးသားစွာ လာရောက်ပတ်သက်ခင်မင်တာ မဖြစ်နိုင်။

မမကြီးကလည်း မှာထား၏။ ကိုယ်ကျင့်သိက္ခာတွေကို အတတ်နိုင်ဆုံး ထိန်းသိမ်းပါတဲ့။ ကိုလမင်းထိန် ပြန်ရောက်လာသည်။

အတွင်းခံအင်္ကျီချိတ် ပြုတ်နေသဖြင့် သူမစိတ်တွေ ပိုပြီး မလုံမလဲဖြစ်ရ၏။

ပြန်တပ်ချင်နေမိသည်။

သူမကိုယ်လေးက လှုပ်စိလှုပ်စိ ဖြစ်နေ၏။

"ပြာပြာ"

"ရှင်"

"မင်း ဘာဖြစ်နေတာလဲ"

"ရှင်"

"တောက်"

ဟွန်း ... ဒေါသကြီးပဲ။

မျက်နှာထား တင်းတင်းကြီးနှင့် သူမကိုဟောက်နေသည်။

"မင်း ဣန္ဒြေသိက္ခာနဲ့ နေစမ်း"

ဘုရားရေ ...

ကျွန်မက ဘာတွေများ ဣန္ဒြေသိက္ခာမဲ့အောင်လုပ်နေလို့လဲ။

"မင်းကို တည်တည်ငြိမ်ငြိမ်နေဖို့ ပြောထားတယ်နော်၊ ဟိုမှာ ငါ့အပေါင်းအသင်းတွေ ရှိနေတယ်"

သူမ ... ငြိမ်သက်နေရသည်။ သူအထင်သေးစရာ ဖြစ်ရ၏။

တကယ်တော့ ... သူမရဲ့ အတွင်းခံအင်္ကျီချိတ်က ပြုတ်နေ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်"

အမယ်လေး ...

တော်ပါသေးရဲ့။ သူ့ရှေ့ကနေ ထွက်သွားတော့သည်။

သူမစိတ်တွေ မလုံမလဲနှင့် အနောက်မှ လိုက်ခဲ့ရ၏။

ဒရိုင်ဘာကိုဘမောင်က အဆင်သင့် စောင့်ကြိုနေသည်။

"ကောင်မလေးကို အရင်ပို့ပေးလိုက် ဘမောင်"

"ဟုတ်ကဲ့ ဆရာ"

အမှားအယွင်းမလုပ်မိအောင် ကြိုးစားနေကာမှ အမှားအယွင်းက ဖြစ်ရသေး၏။

မတတ်နိုင်ဘူး။ ကျွန်မ ဘယ်လိုရှင်းပြရမလဲ။

ရှင်းပြလို့မဖြစ်တဲ့ အကြောင်းတစ်ခုနှင့် သူမက ရင်ဆိုင်နေရတာပဲ။ အိမ်ပြန်ရောက်လာသည်။

အမြင်ကတ်၍ အိမ်ထဲဝင်ထိုင်ပါဦးဟုပင် မဖိတ်ခေါ်တော့။

သူမ ...

အိမ်လေးထဲ ဝင်လာခဲ့သည်။

"ပြာပြာ ညီမလေး အလုပ်ရှင်ပါတယ် မဟုတ်လား၊ အိမ်ပေါ်ခေါ်ဦးလေ"

"မခေါ်ချင်တော့ဘူး"

"ဟင် ... ဘာဖြစ်လာပြန်ပြီလဲ ပြာပြာ"

မမကြီးကတော့ ထုံးစံအတိုင်း ထိတ်ထိတ်ပျာပျာနှင့်မေးနေသည်။

အဖြစ်အပျက်တွေကို သူမ ပြောပြလိုက်မိ၏။

"ဖြစ်မှဖြစ်ရလေ ပြာပြာရယ် ... ညည်းလေးအဖြစ်တွေက





တော့ သေတောင် သေလိုက်ချင်တယ်"

မမကြီးက သဘောကျစွာဖြင့် ရယ်မောနေတော့သည်။

"အဲဒီ လမင်းထိန်ဆိုတဲ့လူက မိန်းမတွေကို အခြောက်တိုက်အထင်သေးနေတာ၊ သိပ်ကိုကြီးကျယ်ခမ်းနားတဲ့ လူကြီး"

မုန်းလိုက်တာ။

ပြာပြာ နှုတ်ခမ်းသားလေးတွေက တွန့်မဲ့နေသည်။

"ကိုလမင်းထိန်ရဲ့အပြစ်မဟုတ်ပါဘူးကွယ်၊ စည်းစနစ်သိပ်ကြီးတဲ့ လူတွေက ဒီလိုပဲ ... ညီမလေးကိုက ပေါ့လျော့တာပဲ ချိတ်ကောင်းတဲ့အင်္ကျီကို ရှာဝတ်ရမှာ"

သူမ ပျာယာခပ်တာပါ။

အိမ်ရောက်လာမှပဲ အသက်ရှူ ချောင်သွားရလေသည်။

အင်္ကျီတွေ ချွတ်လိုက်သည်၊ ညဝတ်အင်္ကျီ ဝတ်လိုက်၏။

"ဟူး ... မလွယ်ဘူး မမကြီးရေ၊ အိုက်တင်ကြီးတစ်ခွဲသားနဲ့ အရမ်းစိတ်ကျဉ်းကျပ်တာပဲ"

"အလုပ်တာဝန်ဆိုတာ ဒီလိုပဲပြာပြာ၊ ညည်းလေး ဒါအစပဲရှိနေတာ၊ နောက်ထပ်အများကြီး တွေ့ကြုံရဦးမယ်"

ဟုတ်တယ် ... စကားပြောသင်တန်းတွေ ဘာတွေတက်ရဦးမယ်။ မမယွန်းက လူမှုရေးပညာရပ်တွေ ဘာတွေ သင်ပေးမယ်တဲ့။

ပြာပြာ စိတ်အိုက်နေမိသည်။

ဉာဏ်က ရပ့်မလား။

"မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ပြာပြာ ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ပါ့မလားမသိဘူး နော်"

"စိတ်မလျှော့ပါနဲ့ ပြာပြာရယ်၊ ညည်းဖြစ်မှာပါ၊ မမကတော့ မဖြစ်မနေ ကြိုးစားစေချင်တယ်၊ ညီမလေးဘဝရဲ့တိုးတက်ဖို့ အခွင့်အရေးတစ်ခုပဲ ပြာပြာ"

"ပြာပြာက စာကျက်ပျင်းတာ မမကြီးအသိပဲ"

"ကြိုးစားပါ ပြာပြာရယ်၊ ညည်းလေး နေရာတကာ ပေါ့ပျက်ပျက်နေတာ မမကြီး လုံးဝ သဘောမကျဘူး"

မိုးဝေခင် စိတ်ပူမိတာက ညီမလေးဘဝ ပျက်စီးသွားမှာပဲ။

အလုပ်ရှင်က တည်ကြည်ခန့်ညားတဲ့ လူတစ်ယောက်ဖြစ်၍ သဘောကျမိသည်။

စိတ်တော့ အေးရ၏။

"ပြာပြာ အိပ်တော့၊ မနက်အိပ်ရာထ နောက်ကျနေဦးမယ်"

"အိပ်တော့မယ်၊ မဖြစ်ပါဘူး ... နှုတ်ဆက်တော့ ပေးထားမှ"

"မဖြစ်ပါဘူး မမကြီးထပြီး နှုးပါ့မယ် ပြာပြာရယ်"

"မမကြီးက ဆိုင်တစ်ဖက်ရှိသေးတော့ ပင်ပန်းပါတယ်၊ မနှိုးပါနဲ့နော် ... ပြာပြာ အကျင့်ဖြစ်အောင် ကြိုးစားမယ်၊ ဒီအလုပ်ရှင်နဲ့တော့ အလုပ်နောက်ကျလို့ မဖြစ်ဘူး"

သူမ အိပ်ရာထဲ ဝင်ခဲ့သည်။ မျက်လုံးတွေကိုမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားနေရ၏။

မှေးခနဲ အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် ကိုလမင်း





ထိန်က သူမကို ဒေါသတကြီးနှင့် ဆူပွက်နေသည်။

"မင်းဟာ အသုံးမကျတဲ့ ကောင်မလေးတစ်ယောက်ပဲ ပြာပြာ၊ ယောက်ျားလေးတွေ မြင်ရင်လည်း မင်းဟာ ဣန္ဒြေသိက္ခာ ကို မရှိဘူး"

"ကျွန်မ ... ကျွန်မ ... "

သူမ ရှင်းပြဖို့ ကြိုးစားပေမယ့် နှုတ်ခမ်းသားတွေက လှုပ်ရှား၍ မရပေ။

"ကျွန်မက ရှင်ထင်ထားသလို ဣန္ဒြေသိက္ခာမဲ့တဲ့ ပေါ့ပျက်ပျက် မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး"

ပြောဖို့ ကြိုးစားနေမိသည်။

နှုတ်ခမ်းသားဖွာလေးတွေက လှုပ်ရှား၍မရ ဖြစ်နေ၏။

"ကရင် ... ကရင်"

"ကရင် ... ကရင်"

နှိုးစက်အသံကြောင့် သူမ ဖျတ်ခနဲ လန့်နိုးသွားရသည်။

မျက်လုံးတွေက ဖွင့်မရ။

အိပ်ချင်လိုက်တာ ...

"ကရင် ... ရင်"

နှိုးစက်ကိုထပြီး ပိတ်ပစ်လိုက်ပြီး ပြန်၍အိပ်ပစ်လိုက်သည်။

ဟွန်း ...

အိပ်မက်ကလည်း ... သူမအား အထင်သေးနှိမ်ချပြီး ပြောဆိုဆူပွက်နေတဲ့ ကိုလမင်းထိန် မျက်နှာကြီးကို မြင်ယောင်နေမိသည်။

အိပ်မက်ထဲမှာတောင် မလွယ်ဘူး။ မျက်လုံးတွေက ဖွင့်မရ။



www.burmeseclassic.com

www.burmeseclassic.com



နဂိုတည်းကမှ ... ပြာပြာက အိပ်ပုပ်ကြီးသည်။ စောစောထတတ်တဲ့ အကျင့်မရှိ။ မျက်လုံးတွေ ဖွင့်မရသဖြင့် ပြန်ပြီးအိပ်ပစ်လိုက်မိသည်။

"ပြာပြာ"

"ဟဲ့ ... ပြာပြာ"

"ဒုန်း ... ဒုန်း"

အခန်းအပြင်ဘက်မှ တဒုန်းဒုန်း ထုသံနှင့်အတူ သူမနာမည်ကိုခေါ်နေတဲ့ မမကြီးအသံကြောင့် လန့်ပြီးနိုးသွားရသည်။

"ပြာပြာ"

"ပြာပြာ"

"ထလေ ... နေမြင့်နေပြီ ပြာပြာ"

သူမ ... အလူးအလဲ ထမိသည်။ တံခါးဖွင့်လိုက်တော့ အခန်းဝမှာ မမကြီးရပ်နေတာ တွေ့လိုက်ရ၏။

"ဟင် ... မမကြီး"

"ညည်းလေး နှိုးစက်ကိုပိတ်ပြီးအိပ်နေတာကိုး၊ ရုံးနောက်ကျတော့မယ် မြန်မြန်လုပ်"

"ဟင်"

ဟုတ်သားပဲ။ နာရီကိုလှမ်းကြည့်လိုက်ပြီး ထိတ်ထိတ်ပျာပျာဖြစ်သွားမိသည်။

ရုံးနောက်ကျလို့ မဖြစ်ဘူး။ ကိုလမင်းထိန်က အချိန်ကိုတိကျမှ သဘောကျတတ်သူဖြစ်သည်။

မဖြစ်ဘူး။ အမြန်ပြန်မှ ... နှိုးစက်ပိတ်ပြီး ပြန်အိပ်လိုက်မိ





တာ မှားတာပဲဟု စိတ်ထဲမှာ တွေးမိသည်။

ရေချိုးခန်းထဲ အမြန်ဝင်လိုက်၏။ အချိန်က နောက်ကျနေပြီဖြစ်၍ ရေမချိုးတော့ဘဲ မျက်နှာသစ်သည်။

အလှအပပြင်၏။ ကိုယ်က အနံ့အသက်တွေ ပျောက်စေရန် ရေမွှေးပဲ ခပ်များများလေး ဆွတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

"ဒေါက်"

"ဒေါက်"

"ဒေါက်"

ခွာမြင့်ဖိနပ်က ကုမ္ပဏီတစ်ခုလုံး ဆူညံသွားတော့သည်။

ပြာပြာ အပြေးအလွှား ဝင်လာခဲ့၏။

ရှုံ့ချိန် နောက်ကျနေပြီ။ အိပ်ရာထ နောက်ကျတာရော ကားနောက်ကျတာရော နှစ်ခုဖြစ်နေသည်။

ကိုလမင်းထိန် ရောက်နေလောက်ပြီ။

တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တတ်တဲ့လူတစ်ယောက်ဖြစ်သည်။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

"ဟဲ့ ပြာပြာ ... ဘာဖြစ်လာတာလဲ အလောတကြီးနဲ့"





မမယွန်းကို ရုံးချိန်နောက်ကျနေလို့ပြောပြီး ရုံးခန်းထဲပြေးဝင်လာခဲ့သည်။

ကိုလမင်းထိန် ရောက်နေပြီ။

"ဒေါက် ... ဒေါက်"

"ဒေါက်"

စားပွဲမှာ ဝင်ထိုင်မိသည်။

"ပြာပြာ"

"ရှင်"

"မင်း ဘာဖြစ်လာရတာလဲ"

"ဟို ... ဟို ... ရုံးချိန်နောက်ကျသွားလို့ပါ ဆရာ"

"ရုံးချိန်နောက်ကျတာပဲ ဒီလောက်တောင် ပျာယာခတ်လာရတာလား"

"ကျွန်မ"

"မင်း ... ရေမချိုးခဲ့ဘူး မဟုတ်လား"

"ရှင်"

သူမ ... ရေချိုးမလာတာ သူဘာကြောင့်သိသွားရတာလဲ။

"မင်းရေမွှေးတွေ ဆွတ်လာတာ အနံ့အသက်တွေကို ဖုံးကွယ်ဖို့ မဟုတ်လား"

"ဟုတ်ကဲ့ ... အဲ"

သူ့မျက်နှာက တင်းမာခက်ထန်သွားသည်။ သဘောမကျသလို အကြည့်တွေကြောင့် သူမသိလိုက်၏။ ပြာပြာကလည်း ပြာပြာပဲ။ အရာရာနဲ့အကြောင်းကြောင်း။

"မင်းရေမွှေးနံ့ကို ငါမခံနိုင်ဘူး ... တစ်နည်းနည်းနဲ့ပျောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် မင်းလုပ်ခဲ့"

"ဟင်"

ဘယ်လိုလုပ်ရမလဲ။ ယူနီဖောင်းလဲမှ ဖြစ်တော့မည်ဖြစ်သည်။ အိမ်ပြန်မှ ဖြစ်မှာပါ။ သေချင်တာပဲ။

ရေမွှေးက အဆွတ်လွန်သွားသည်။ သူမ ထလိုက်၏။

ရေမွှေးနံ့နှင့်ချွေးနံ့ရောပြီး သူမပင် ခေါင်းထဲမှာ အီနောက်နောက်ကြီး ဖြစ်လာတော့သည်။

"ဆရာ"

"ပြော"

"ကျွန်မ အဝတ်အစားလဲမှဖြစ်မယ်ထင်တယ် ဆရာ၊ အိမ်ခဏပြန်ရမလားဟင်"

"ဘာ"

"ဟို ... ဟို ... အဝတ်အစားလဲမှ"

"သွား ... သွား ... မင်းရေပဲချိုးခဲ့၊ မင်းရေမွှေးနံ့ လွန်ကဲနေတာ မင်းလက်ခံတယ် မဟုတ်လား"

"ဟုတ်"

"မင်းသွားတော့"

သူမကို ပြန်လွှတ်မှဖြစ်မည်။ ရေမွှေးနံ့တွေက မခံနိုင်လောက်အောင် ပြင်းပြနေသည်။

တော်တော်အသုံးမကျတဲ့ ကောင်မလေးတစ်ယောက်ဖြစ်၏။

ယွန်းကို ခေါ်လိုက်သည်။





"ယွန်း"

"ပြောပါ ကိုလမင်းထိန်"

"ဒီလောက်ညံ့ဖျင်းတဲ့ ကောင်မလေးတစ်ယောက်ကို မင်းဘာဖြစ်လို့ အလုပ်ခန့်ရတာလဲ"

ယွန်းစိတ်ထဲကနေ ကြိတ်ပြီး ပြုံးမိသည်။

ရှင်က ... ခပ်ညံ့ညံ့မိန်းမနဲ့ပဲ တန်တာလေ။ မိန်းကလေးတွေအပေါ် ဓိဇာကြောင်လွန်းပြီး အထင်သေးတတ်တဲ့ ရှင့်ကိုပညာပေးတာ။

ပြာပြာက ရုပ်ရည်ပဲရှိသည်။ တခြား ဘာအရည်အချင်းမှ မရှိ၊ ရှင်နဲ့တန်တဲ့ မိန်းမတစ်ယောက်ဖြစ်နေလို့ ရှင့်အနားရောက်အောင် ပို့ပစ်လိုက်တာပဲ။

"ရှင် သဘောမကျဘူးလား"

"မကျဘူး"

"ဒါဆိုရင် ကျွန်မအလုပ်ကနေ ထုတ်ပစ်လိုက်မယ်"

သူ ... ယွန်းအား ဆတ်ခနဲ မော့ကြည့်မိသည်။ အဲဒီလိုလည်း မဖြစ်စေချင်ပါဘူး။ ကောင်မလေးက စိတ်သဘောထားဖြူစင်တဲ့ မိန်းကလေးပါပဲ။

သူ့ကြောင့် အလုပ်က ထွက်ရတဲ့အထိဖြစ်ရတာမျိုး စိတ်မကောင်းဖြစ်သွားရသည်။

ပြာပြာ ... မင်းတော်တော်ဆိုးတဲ့ ကောင်မလေးတစ်ယောက်ပဲ။

သူ ... ဘယ်လို ဆုံးဖြတ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းက အရိုင်းလေးဆိုတော့ သင်ပေးရင် ပိုပြီးအရည်အသွေးထက်မြက်မယ်ထင်လို့ပါ ကိုထိန် ... ပြီးတော့ ပြာပြာက ငယ်ရွယ်နုပျိုချောမောတယ်လေ"

"ကိုယ်လိုအပ်တာ အရည်အချင်းပဲ ... အလုပ်တော့မထုတ်ပါနဲ့ တခြားတစ်နေရာမှာ ထားပါ"

"ကောင်းပါပြီ ကိုထိန်"

"ကိုယ့်အတွက် ယောကျ်ားလေးတစ်ယောက်ပဲလိုအပ်တယ်၊ ထက်ထက်မြက်မြက်တစ်ယောက်ပေါ့"

ဝန်ထမ်းရွေးချယ်ရေးနှင့်စီမံခန့်ခွဲရေး အုပ်ချုပ်ရေးကို ဒါရိုက်တာယွန်းက တာဝန်ယူရသည်။

ဒက်ဒီ တာဝန်ပေးထားတာ။

ယွန်းက ပညာတတ် ထက်မြက်သွက်လက်သော မိန်းကလေးပင်။

ဒက်ဒီက ချွေးမအဖြစ် သဘောကျနေခဲ့သည်။ သူက လက်မခံခဲ့။

မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ဝန်လေးတွန့်ဆုတ်နေမိသည်။

မာမီ ရက်စက်တယ်။ သူ့ကို ပစ်သွားခဲ့သည်။

အိမ်ထောင်ရေးသောကတွေ ခံစားပြီး ဒက်ဒီအရက်သမားကြီးဖြစ်ရ၏။ ဘဝကို ပေတေလေလွင့်ခဲ့ရသည်။

သူကြီးပြင်းလာမှ အခြေအနေကပြန်၍ ငြိမ်သက်သွားရ၏။ စီးပွားရေးတွေ အောင်မြင်လာသည်။ သူ့ဘဝမျိုး သူခံစားခဲ့





ရတဲ့ ကြေကွဲမှုမျိုးတွေ သူ့သားစဉ်မြေးဆက် မခံစားစေချင်၍ဖြစ်၏။

"ယွန်းကို ခွင့်ပြုပါပြီး ကိုထိန်"

"အင်း"

သူ ... စိတ်မကောင်း ဖြစ်နေမိသည်။ ကောင်မလေး အဝတ်အစားသွားလဲနေ၏။ ပြန်လာရင် ...

ပြာပြာ သူ့အနားမှာမရှိတော့လည်း ဟာတာတာကြီးဖြစ်နေသည်။ မဖြစ်သေးပါဘူး ... အလုပ်ပြန်ဝင်ခိုင်းရင် ကောင်းမလား။ သူ ... အကြီးအကဲတစ်ယောက်အနေနှင့် ပြောပြီးသားစကားတွေကို ပြန်၍ရုပ်သိမ်းလျှင် အထင်သေးစရာ ဖြစ်မည်။ ပြီးတော့ ...

မိန်းကလေးတစ်ယောက် ... လမင်းထိန်သည် ဘယ်အလုပ်မဆို တိကျပြတ်သားစွာ ဆုံးဖြတ်တတ်သူဖြစ်သည်။

မတတ်နိုင်တော့ဘူး ... ပြောပြီးပြီပဲ။ နေပါစေတော့။

ဒီလောက်အထိ ပေါ့ပျက်ပျက်နိုင်တဲ့ ကောင်မလေးတစ်ယောက်။ အသုံးမှမကျတာ။ စိတ်ထဲမှာတော့ ဆူးနစ်တဲ့ဝေဒနာတွေ ခံစားနေရသည်။

ဒီကောင်မလေးကို မေ့ပစ်လိုက်တာပဲ ကောင်းပါတယ်လေ။ သူ့အလုပ်တွေကိုသာ စိတ်တွေနှစ်မြှုပ်ထားပစ်လိုက်သည်။

ပြာပြာ အဝတ်အစားပြန်လဲတော့ မမကြီးက ဒီလိုမဖြစ်သင့်ကြောင်း ဆုံးမ၏။

"ပြာပြာ မှားတယ်"

ပြာပြာ နောင်တရနေမိသည်။ ကိုလမင်းထိန်ရဲ့ အထင်သေးတဲ့မျက်ဝန်းအကြည့်တွေကို မေ့ပျောက်၍မရတော့။

ဒေါသတွေ ပေါက်ကွဲနေသည်။ သူမ နည်းနည်းတော့ရှက်

www.burmeseclassic.com

www.burmeseclassic.com

သွား၏။ အဝတ်အစားတွေ လဲပြီး ရုံးခန်းသို့ပြန်ရောက်တော့ မမယွန်းက ခေါ်တွေ့သည်။

"ပြာပြာ"

"ရှင် မမ ..."

"ကိုထိန်က နည်းနည်းတိကျတယ် ပြာပြာ"

"ရှင်"

"ညည်းလေးကို သူ့အတွင်းရေးမှူးမလေးအဖြစ် လုံးဝမလိုလားဘူးတဲ့"

"ရှင်"

ပြာပြာ ထင်ထားသားပဲ။ ရှက်သွားမိသည်။ မျက်နှာပူရ၏။

သူမသည် အလွန်အသုံးမကျလွန်းတာ ကုမ္ပဏီတစ်ခုလုံး သိသွားပြီဖြစ်သည်။

"မင်း ဘာဆက်လုပ်မလဲ ပြာပြာ"

ယွန်းကတော့ ကိုထိန်နှင့်အား ပြာပြာစိတ်နာသွားစေရန် အလုပ်မှ ထုတ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

ပြာပြာ့ကို ယွန်းအလုပ်ခန့်တာ ပြာပြာညံ့ဖျင်းမှုတွေသိပြီး ယွန်းအပေါ် အထင်ကြီးလာမလားဟုပင်။

ရှင်က မိန်းမတွေကို လုံးဝအထင်သေးနေတာပဲ။ ပြာပြာသည် ဆန့်ကျင်ဘက် ယောက်ျားတွေကို ဆွဲဆောင်နိုင်ဆုံးသော မိန်းမချောလေးတစ်ယောက်သာ ဖြစ်သည်။

ဒါတောင် ... ကိုထိန်က စိတ်မဝင်စားဘူး။

"ပြာပြာ"

"ရှင်"





"မင်း ပြောလေ"

"ကျွန်မကို အလုပ်ကနေထုတ်ပစ်လိုက်တဲ့ သဘောလား မမယွန်း"

"အင်း"

သူမ ... စိတ်ဓာတ်ကျသွားမိသည်။ မမကြီးသိသွားရင် စိတ်မကောင်းဖြစ်မှာပဲ။ သူမအား ဈေးရောင်းခိုင်းတော့မည်သာ ဖြစ်သည်။ ဈေးမရောင်းချင်ဘူး။ ပြာပြာကိုက ညံ့ဖျင်းတာ။

"မမယွန်းလည်း စိတ်မကောင်းပါဘူး ... **ကိုထိန်က အရမ်း** ဇီဇာကြောင်တာပဲ ပြာပြာ၊ မမယွန်းက **ညီမလေးကို သဘောကျ**တာပါ"

"ပြာပြာ အလုပ်ကနေ မထွက်ဘူးမမ"

"ဟင်"

"သူ့ကိုသွားပြောမယ် ... နောက်ထပ် **အမှားအယွင်းတွေ** မကျူးလွန်မိအောင် ပြာပြာ ကြိုးစားပါ့မယ်လို့ပြောမယ်"

"မဖြစ်ဘူးထင်တယ်ပြာပြာ ... သူက ဆုံးဖြတ်ချက်ချထားပြီးရင် ဘယ်တော့မှ ပြန်ပြင်တတ်တာ မဟုတ်ဘူး"

"ပြာပြာ ကြိုးစားကြည့်မယ် ... နောက်ဆုံးအကြိမ် အဖြစ် လက်ခံပေးဖို့"

ပြာပြာ အလုပ်က အသုံးမကျလို့ ထုတ်ပစ်ခံရတယ်ဆိုတဲ့ အဖြစ်မျိုးတော့ အရောက်မခံ။ ဘယ်လောက်သိက္ခာကျမလဲ။

နာမည်ပျက်ရမည်။ ကိုလမင်းထိန်အနေနှင့် ဒီလောက်အထိ အရေးယူဖို့ မကောင်းပါဘူး။

"ပြာပြာသွားမယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"ပြာပြာ"

သူမ ဝင်လာခဲ့သည်။

"ဆရာ"

"ဟင်"

အသံကြောင့် သူမော့ကြည့်လိုက်တော့ ပြာပြာဖြစ်နေသည်။

"ကျွန်မကို ဒီတစ်ကြိမ် ခွင့်လွှတ်ပေးဖို့ လာပြီးဝန်ချတောင်းပန်တာပါ ဆရာ"

"မင်း ငါ့အနားမှာနေလို့ မဖြစ်ဘူး၊ မင်းအသုံးမကျမှုတွေကြောင့် ငါ့စိတ်တွေရော အလုပ်တွေပါ အနှောက်အယှက်အဟန့်အတားဖြစ်စေတယ်"

သူ ... ပြောပြီးပြီ။

အမြဲတမ်း ... ဆုံးဖြတ်ချက် တိကျခိုင်မာခဲ့သော လူတစ်ယောက်အနေနှင့်စကားကို ဟိုတစ်မျိုး ဒီတစ်မျိုးပြောဖို့ မသင့်ဟု ထင်မိသည်။ စိတ်တွေကို ထိန်းချုပ်ထားလိုက်သည်။

နေပါစေ ... ဒီလောက် ပေါ့ပျက်တဲ့ဟာမလေး။ မှတ်လောက်သားလောက်အောင်တော့ ပညာပေးရမည်ဖြစ်သည်။

"ဆရာ"

"မင်း ... သွားတော့"

"ကျွန်မ ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်၊ ဆရာစိတ်တိုင်းကျဖြစ်အောင် နေထိုင်ပါ့မယ်"

ပြာပြာ အလုပ်က မထွက်ချင်ဘူး။ ဆရာကိုလမင်းထိန်ကိုပဲ





အောက်ကျခံပြီး ပြောရတော့မည်။

ပြာပြာ နောင်တရနေမိသည်။ ခပ်ညံ့ညံ့ကောင်မလေးအဖြစ်တော့ အလုပ်က မထွက်လိုပေ။

"ဆရာ့ကို ပြာပြာတောင်းပန်ပါတယ်၊ နောက်ဆို အမှားအယွင်းတွေမရှိအောင် ပြာပြာ ကြိုးစားပါ့မယ်နော်"

သူမကတော့ သူ့အား အတတ်နိုင်ဆုံးအောက်ကျခံပြီး တောင်းပန်စကားတွေ ပြောနေမိသည်။ မမကြီးကြောင့်ပါ။

ပြာပြာ့ကို တိုးတက်မြင့်မားတဲ့ ဘဝတစ်ခုကို မမကြီးက ပိုင်ဆိုင်စေချင်သည်။

သာမန်စာရေးမလေးတစ်ယောက် မဟုတ်ဘဲ အလုပ်ရှင်အတွက် အားကိုးအားထားပြုရသော အတွင်းရေးမှူးမလေးတစ်ယောက်အဖြစ် ရပ်တည်ခွင့်ရတာကို မမကြီးအနေနှင့် ပို၍ဝမ်းသာဂုဏ်ယူနေသည်။

ပြာပြာကလည်း ရှက်တယ်။

"ဆရာ"

"မင်းကိုမယုံတော့ဘူး ပြာပြာ၊ မင်းဟာ မှတ်ဉာဏ်အတော်နည်းတဲ့ ကောင်မလေးပဲ"

"ကျွန်မ တောင်းပန်ပါတယ်ဆရာ ... နောက် ဒါမျိုးမဖြစ်စေရတော့ပါဘူး၊ ပြာပြာ့ကို အလုပ်ထုတ်တဲ့အထိတော့ အရေးမယူသင့်ပါဘူး"

"ဘာ"

"ကျွန်မ အလုပ်ကမထွက်ချင်ပါဘူး ... ငွေကြေးကြော မဟုတ်ပေမယ့် နာမည်ပျက်နဲ့တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာ့ကို အလုပ်ထုတ်ဖို့အထိ သူလုံးဝမပြောခဲ့ပေ။

ယွန်းက ဘာကြောင့် သူအမိန့်မပေးတဲ့ကိစ္စတစ်ခုကို လုပ်ဆောင်ရတာလဲ။ နားမလည်နိုင်။

"ကျွန်မကိုထပ်ပြီး ကြိုးစားခွင့်တစ်ကြိမ်တော့ ပေးစေချင်ပါတယ်ဆရာ"

ကောင်မလေးမျက်ဝန်းတွေနှင့် ဆုံမိသွားကြတော့သည်။

နူးညံ့သိမ်မွေ့စွာ တောင်းပန်ခယနေသော မျက်ဝန်းလေးတွေ။ လမင်းထိန် ... မင်း မပျော့ညံ့သင့်ဘူး။

မိန်းကလေးတွေနှင့်ပတ်သက်ပြီး အမြဲတမ်း တင်းမာခက်ထန်ခဲ့သည်။

"ကျွန်မ ကြိုးစားပါ့မယ်"

သူမ အောက်ကျခံပြီးပြောပေမယ့် သူက လက်မခံတော့။

မပြောတော့ဘူး။ မမကြီးကြောင့် ရှင့်ကိုဒီလောက်အထိအောက်ကျခံပြောနေတာပါ။

သူမ ထလိုက်သည်။ ကိုလမင်းထိန်အားဆက်ပြီးပြောနေလို့အကြောင်းထူးမှာ မဟုတ်တော့။

"ကျွန်မ အလုပ်က ထွက်ပါ့မယ်"

သူမ လှည့်ထွက်ဖို့ ပြင်သည်။

"မိုးတိမ်ပြာ"

"ရှင်"

"မင်းကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်မယ်နော်၊ မင်းအလုပ်ပြန်ဝင်ပါ"

သူမ ... ထွက်သွားသည်။





လမင်းထိန်ကတော့ သူ့ကိုယ်သူ နည်းနည်းတော့ မကျေမနပ်ဖြစ်သွားရ၏။

ဒီကောင်မလေး ဆန္ဒတွေကို သူဘာဖြစ်လို့များ လိုက်လျောမိတာလဲ။ ယွန်းက ဘာပြောမလဲ။

စိတ်တွေ တည်ငြိမ်သွားအောင်တော့ အတော်လေးထိန်းချုပ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

ပြာပြာဆိုတဲ့ ကောင်မလေးတစ်ယောက်ကို သူဘာဖြစ်လို့ သတိရနေရတာလဲ။ ဘာမှအလေးအနက်ထားတတ်တဲ့ ကောင်မလေးတစ်ယောက် မဟုတ်ပေ။

ခပ်ညံ့ညံ့ ကောင်မလေး။ သူ ... ဘယ်လို မိန်းမမျိုးကိုမှ စိတ်ဝင်စားခဲ့တာ မရှိပေ။

ဒက်ဒီက သူ့ကို အိမ်ထောင်ပြုစေချင်နေသည်။ ချွေးမတွေကို ပြပေမယ့် သူကတော့ ပယ်ချခဲ့တာပဲဖြစ်၏။

"ကျွန်မကို နောက်ဆုံးအကြိမ်အဖြစ် ကြိုးစားခွင့်ပြုပါ။ အမှားအယွင်း ထပ်မလုပ်မိဖို့ ကတိပေးပါတယ်"

ပြာပြာ ... မင်းဟာ တော်တော်ဆိုးတဲ့ ကောင်မလေးတစ်ယောက်ပါပဲလား။

ကလေးဆန်လွန်းသည်။ အပြစ်ကင်းစင်သော မျက်ဝန်းလေးတွေကို မင်းပိုင်ဆိုင်ထားတယ်။

သူ ... ပြာပြာ့အကြောင်းပဲ ဘာဖြစ်လို့ တွေးနေရတာလဲ။





ယွန်းနဒီနှင့်ပတ်သက်ပြီး သူဘယ်လိုမှ မခံစားခဲ့ရပေ။

သွက်လက်ထက်မြက်ပြီး ပညာတတ်မိန်းကလေးတစ်ယောက်။ ဒက်ဒီ အားကိုးမယ်ဆိုရင်လည်း အားကိုးချင်စရာကောင်းလောက်အောင် လုပ်ငန်းတွေအပေါ် စိတ်ဝင်တစားနှင့်ကျွမ်းကျင်သော မိန်းကလေးဖြစ်သည်။

သူ စိတ်မဝင်စား။ အလုပ်သဘောအရပဲ ဆက်ဆံပတ်သက်ခဲ့သည်။ ဒက်ဒီက ဇွတ်အတင်း ပတ်သက်စေခဲ့၍ဖြစ်၏။

"သားရေ"

"ဒက်ဒီ"

"ယွန်း လာတယ်"

ယွန်း ဘာလာလုပ်တာလဲ။ အနားယူနေတဲ့အချိန်တွင် ဧည့်သည်တစ်ယောက်ရောက်လာတာမျိုး သူလုံးဝ မနှစ်သက်ပေ။

အထူးသဖြင့် ... ဒီနေ့ပဲ ...

ယွန်းလာတာ အကြောင်းရှိရမည်။ ရုံးချိန်အတွင်းမှာသာ ယွန်း သူ့ကို တလေးတစား ဆက်ဆံတတ်သည်။ ကျန်တဲ့အချိန်တွင် မိတ်ဆွေသူငယ်ချင်းလို ပွင့်ပွင့်လင်းလင်းနှင့် တရင်းတနှီး ဆက်ဆံပြောဆိုတတ်၏။

သူ ထွက်လာခဲ့သည်။ ဒက်ဒီက အလိုက်သိစွာဖြင့် အပြင်ထွက်သွားဖို့ပြင်၏။

"အန်ကယ် နေပါဦး"

ယွန်းက ဒက်ဒီကိုလှမ်းပြီးခေါ်ထားလိုက်တော့သည်။

"အန်ကယ်"

"ပြော သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုထိန် ကတိမတည်တာတွေ သမီးဆွေးနွေးမလို့"

"ဟင် ... ဘာဖြစ်လို့လဲယွန်း ... အလုပ်မှာ မတိကျတာတွေ ကတိမတည်တာတွေ အန်ကယ် လက်မခံဘူး"

မိမိ ချွေးမလောင်းအဖြစ် ရွေးချယ်ထားသော မိန်းကလေး ဖြစ်၍ ဦးသီဟထိန် ပျာပျာသလဲ အရေးယူဆွေးနွေးလိုက်သည်။

"ကောင်မလေးတစ်ယောက်ကို အလုပ်က ထုတ်ဖို့ ယွန်း ပြောပြီးမှ ကိုထိန်က ပြန်ခန့်တယ်၊ အဲဒါ ကိုထိန်ပဲ ညံ့ဖျင်းတယ်ဆို လို့ ယွန်းက အရေးယူရတာပါ"

ပြာပြာကို အလုပ်ပြန်ခန့်လိုက်တော့လည်း ယွန်းမကျေနပ် မိ။ ဒေါသဖြစ်ရသည်။ ပြီးတော့ ...

ကိုထိန်က တခြားတစ်နေရာမှာခန့်ထားရန် ပြောတာကို သူမက အလုပ်ထုတ်ဖို့အထိ ပြောခဲ့မိသည်။ အခု ...

ပြန်ခန့်တော့ ယွန်းအပေါ် ဘယ်လိုမြင်မလဲ။ အလုပ်သမား ဝန်ထမ်း ခန့်ထားရေးနှင့်အုပ်ချုပ်ရေးက သူမ တာဝန်ပဲ။

သူမစိတ်ထဲမှာ ပြာပြာအား မနာလိုဝန်တိုဖြစ်လာမိသည်။ အစကတော့ ... ခပ်ညံ့ညံ့ ကောင်မလေးတစ်ယောက်ကို တွေ့ရင် သူမအား တန်ဖိုးထားလာမယ် ထင်မိတာ။

ဟွန်း ... သူက ပြာပြာမှ ပြာပြာပဲ။

ရှင်နဲ့တန်တဲ့ မိန်းမတစ်ယောက်အဖြစ် သတ်မှတ်ပြီး ပို့ပေး မိပေမယ့် တကယ်တမ်းကျတော့ ယွန်း ဝန်တိုလာမိသည်။

"သား ဘယ်လိုဖြစ်တာလဲ"

"ယွန်းကို ကိုယ်အလုပ်ကနေ ထုတ်ပစ်ဖို့မပြောပါဘူး၊ တခြားနေရာမှာ ခဏထားဖို့ပဲ ပြောတာပါ"





"ဟုတ်တယ်လေ ... ဒီကောင်မလေး အရမ်းညံ့လို့ ယွန်းက အလုပ်ထုတ်ပစ်ဖို့ စီစဉ်ဆုံးဖြတ်လိုက်တာပဲ"

"တစ်ကြိမ်တစ်ခါတော့ ကိုယ်ခွင့်လွှတ်သင့်တယ်ထင်လို့ပါ ယွန်း ... မင်းပဲ ဒီကောင်မလေးကို ကိုယ့်အနားပို့ပေးခဲ့တာပဲ"

ယွန်း မပြောသာတော့ ...

"အရိုင်းလေးတွေကပိုပြီး ပုံစံသွင်းယူလို့ကောင်းတယ်ဆို၊ မင်းပဲ လေ့ကျင့်သင်ကြားပေးမယ်ဆို"

ယွန်း တမင်သက်သက် အရွဲ့တိုက်ပြီး ခပ်ညံ့ညံ့ကောင်မ လေးတစ်ယောက်ကို သူ့အနား ပို့ပေးတာ သူရိပ်မိလာရသည်။

အခုမှ ... မင်း ... မနာလိုဝန်တိုဖြစ်နေတာ မဟုတ်လား။

"ကိုယ်ကြိုးစားပြီး ပုံစံသွင်းကြည့်မလားလို့ပါ ... ပြာပြာက ရုပ်ရည်ရှိတယ်၊ ကိုယ့်အတွင်းရေးမှူးမလေးအဖြစ် ကိုယ့်ကိုလုပ်ငန်း ရှင်တွေပိုပြီး စိတ်ဝင်စားလာနိုင်တယ် ထင်မိလာလို့ပါ"

အခုမှ ... အလုပ်ထုတ်ပစ်ဖို့ အတင်းအကျပ်ပြောဖို့ကလည်း အခက်ဖြစ်သည်။

"ကိုယ်က အကျိုးမဲ့ ပြာပြာ့ကို အလုပ်ခန့်လိုက်တာ မဟုတ် ဘူးယွန်း ... မင်းကိုယ်တိုင်က ပြာပြာကိုသဘောကျပြီး ရွေးချယ် တာပဲ"

ယွန်း သူနှင့်တုဖက်ယှဉ်ပြိုင်ပြီးပြောနေလို့ အရှုံးနဲ့ပဲ ရင်ဆိုင် ရတော့မည်။ ဒေါသဖြစ်ရသည်။

သူပြောနေတာတွေကလည်း ဟုတ်မှန်နေသဖြင့် ခက်နေ ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပြောတာတွေ မှန်တယ်မဟုတ်လား ယွန်း"

ယွန်းက မကျေမနပ်ဖြစ်ပြီး ဆက်မပြောတော့ဘဲ ထပြန်သွားတော့သည်။

"သား"

"ဗျာ ဒက်ဒီ"

"ပြာပြာဆိုတာက"

"မိုးတိမ်ပြာတဲ့ ဒက်ဒီ ... သားအတွက် ယွန်းကိုယ်တိုင် ရွေးချယ်ပေးတဲ့ အတွင်းရေးမှူးမလေးတစ်ယောက်ပါ"

ဒက်ဒီအား ပြာပြာ့အကြောင်းတွေကို ပြောပြလိုက်မိတော့သည်။

"ယွန်းက တမင်ပို့လိုက်တာပဲ ဒက်ဒီ"

"ဒီကောင်မလေးက ညှံ့ဖျင်းတော့ မင်းစိတ်ထဲမှာ ယွန်းအပေါ် အထင်ကြီးမှုဖြစ်မလာဘူးလား၊ ယွန်းက တော်လွန်း ထက်မြက်လွန်းတဲ့ မိန်းကလေးပဲဟာ"

"သား ဘယ်မိန်းမကိုမှ အထင်မကြီးဘူးဒက်ဒီ၊ သားလူလွတ်ဘဝနဲ့ နေချင်တယ်၊ အပူမရှာချင်တာပါ"

"သား"

"ပြောပါ ဒက်ဒီ"

"တစ်နေ့ကျရင် သားမိန်းကလေးတစ်ယောက်နဲ့အိမ်ထောင်ပြုမှာပဲ ... အဲဒီအခါမှာ သားမရွေးချယ်တတ်မှာ ဒက်ဒီအရမ်းစိုးရိမ်တာပဲ"

ဦးသီဟထိန် အနေနှင့် အိမ်ထောင်ဖက် အရွေးမှားခဲ့သည်။





ချောမောလှပတာပဲရှိပြီး အစွမ်းအစကင်းမဲ့သော မိန်းမတစ်ယောက်ကို ရွေးချယ်လက်ထပ်ခဲ့မိ၏။

"ရုပ်ရည်ကိုကြည့်ပြီး မရွေးချယ်ပါနဲ့သား၊ မာမီက ရုပ်ရည်ချောမောတယ်၊ အစွမ်းအစမရှိဘူး ... ပညာမဲ့တယ်၊ ချမ်းသာတဲ့ ဒက်ဒီကို မခံနိုင်တာဘဲ သား"

ယွန်းကိုတော့ သားနှင့်အလိုက်ဖက်ဆုံး မိန်းမအဖြစ် ဦးသီဟထိန် ရွေးချယ်မိသည်။

ရုပ်ရည်ရော ...

ပညာရော ...

အရည်အချင်းရော ဘာတစ်ခုမှ ပြောစရာမရှိသော မိန်းကလေးဖြစ်သည်။

"ယွန်းက ... "

သူ ... ဒက်ဒီရှေ့မှ ထလာခဲ့သည်။

ဖခင်စကားတွေကို မနာခံလိုတာတော့ မဟုတ်တာ သူအသိဆုံးဖြစ်၏။

ဘယ်မိန်းမကိုမှ စိတ်မဝင်စားတာပါ။

တစ်ယောက်တည်းပဲ နေချင်တယ်။ မိန်းကလေးတွေနှင့် အလုပ်သဘောပဲ သူပတ်သက်ချင်သည်။ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့မိ၏။ စိတ်ထဲမှာ မွန်းကျပ်ကျပ်ကြီးဖြစ်နေမိသလိုပင်။

အိပ်ရာပေါ် လှဲချလိုက်သည်။ မျက်လုံးတွေကို မှိတ်ပစ်လိုက်၏။

ပြာပြာဆိုတဲ့ကောင်မလေးမျက်နှာ ပေါ်လာသည်။ မျက်ဝန်းတွေကိုက ကမန်းကတန်း ပြန်ဖွင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းအကြောင်းတွေထဲမှာ မင်းအရိပ်တွေပဲ ရှိနေတယ်။

ရေပန်းအောက် ဝင်လိုက်၏။ အေးစက်တဲ့ရေပေါက်တွေကြောင့် သူစိတ်တွေ လန်းဆန်းသွားသလိုတော့ ဖြစ်သွားရတော့သည်။

## အခန်း ( ၉ )

ပြာပြာ

ကြိုးစားမယ်။

ကိုလမင်းထိန် သဘောကျတဲ့အတွင်းရေးမှူးမလေးတစ်ယောက်ဖြစ်အောင် ကြိုးစားမယ်။

"ပြာပြာ"

"ရှင်"

"စောလိုက်တာ"

"ဟုတ်တယ် မမကြီး၊ ကျွန်မ ရုံးချိန်နောက်ကျလို့ မဖြစ်တော့ဘူး ... ဒါကြောင့် နိုးစက်ကိုအစောကြီးပေးထားတာ"

"ဒုက္ခပါပဲကွယ်၊ တော်ကြာ အလုပ်လုပ်ရင်း အိပ်ရေးပျက်ပြီး အိပ်ငိုက်နေပါဦးမယ်"

မဝံ့တံ့နိုင်ဘူး။ ပြာပြာကတော့ အစောကြီးထပြီး အလှအပ ပြင်သည်။

ဒီနေ့တော့ ... အေးဆေးပဲ။ အားတဲ့အခါ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတွေတက်ပြီး ... လုပ်ငန်းခွင်တွေမှာလည်း လေ့လာသင်ကြားဖို့ ဖြစ်သည်။

ရှင် သဘောကျအောင် ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားမှာပါ။

ကျွန်မ ...

ခပ်ညှို့ညှို့မိန်းကလေးတစ်ယောက် အဖြစ်မခံနိုင်ပါဘူး။

"မမကြီးရေ ... ပြာပြာ သွားတော့မယ်နော်"

"အေး ... အေး"

ပြာပြာ တက်တက်ကြွကြွနှင့် ကြိုးစားနေ၍ မမကြီးဝမ်းသာနေသည်။ မမကြီးကို စိတ်ချမ်းသာစေချင်၏။

အပြင်ထွက်လာခဲ့သည်။ ဟွန်း ... အတွင်းရေးမှူးမလေး တစ်ယောက်ကို ဖယ်ရီလာမကြိုဘူး။

နေနိုင်လိုက်တာ။ ဘတ်စ်ကား စောင့်နေရသည်။

တော်သေး၏။ စောစောထထားလို့ ...

ပြာပြာ ကားဂိတ်မှာရပ်နေတိုင်း ပတ်ဝန်းကျင်က လူတွေ ဝိုင်းကြည့်တတ်တာ တစ်ဒုက္ခ။ ယူနီဖောင်းကြီးက လူစိတ်ဝင်စားစရာ။

"ပြာပြာ"

မမျှော်လင့်ဘဲ မမယွန်းကိုတွေ့လိုက်ရ၍ ဝမ်းသာသွားမိသည်။

"ညီမလေးများ ကားမှတ်တိုင်မှာ ရပ်စောင့်နေမလားလို့ တွေးမိပြီး မမဝင်လာတာလေ ... ပြာပြာ"





"မမရယ် ဝမ်းသာလိုက်တာနော်၊ ပြာပြာ တက်မရလို့ဒုက္ခရောက်နေတာ၊ လူတွေကလည်း ဝိုင်းကြည့်ကြလို့ ရှက်လိုက်တာလည်း အရမ်းပါပဲ"

မမယွန်းကို ကျေးဇူးတွေ အရမ်းတင်သွားမိသည်။

"မမကို ကျေးဇူးတင်ပါတယ် ... ပြာပြာ့ကို ကူညီတာ များနေပြီ"

"ဒီလိုပဲပေါ့ကွယ်၊ မမက ပြာပြာ့ကိုခင်တယ် ... ညီမလေး တစ်ယောက်လိုလည်းချစ်တယ်"

ယွန်း နှုတ်ခမ်းသားလေးတွေက တင်းတင်းလေးစေ့နေသည်။

ကိုထိန် ...

ရှင် ဒီကောင်မလေးကို စိတ်ဝင်စားစေရမယ်။ ညှို့ဖျင်းတဲ့ ကောင်မလေးတစ်ယောက်ကို ရှင်လက်ထပ်စေရမယ်။

ပြာပြာဟာ ဘယ်တော့မှ အကျင့်ပျောက်မယ့်ကောင်မလေး မဟုတ်ဘူး။ ညှို့လိုက်တာ ... ရှင်က မိန်းမတွေကို အထင်သေးတတ်တဲ့ယောကျ်ားတစ်ယောက်ပဲ။ သိပ်ကြီးကျယ်ခမ်းနားမနေနဲ့။

သူမ ...

နှလုံးသားတွေ နာကျင်နေသည်။ အချစ်ကြောင့် မနာလိုဝန်တိုမှုတွေ ဖြစ်ပေါ်နေမိတော့၏။

ပြာပြာ့ကို အသုံးချရမယ်။ ညှို့ဖျင်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ပဲ ရှင်လက်ထပ်စေရမယ်။

"ကားပေါ်တက်လေ ပြာပြာ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမတော့ ပြာပြာ့ကို ကားအကြီးအပို့ လုပ်ပေးဖို့ပြောရမယ်"

ပြာပြာ့ကို ယွန်းပြန်ပြီး အချိုသတ်လိုက်တော့သည်။ ရင်ထဲမှာ မနာလိုဝန်တိုမှုတွေရှိပေမယ့် သူမဟန်ဆောင်လိုက်၏။

တမင် ... ပြာပြာ့ကို သွားကြိုတာပါ။

"ပြာပြာ"

"ရှင်"

"ကိုလမင်းထိန်က အရမ်းတိကျတာပဲ၊ ပြာပြာ့ကိုမှ အလျှော့ပေးတာ"

"ပြာပြာ ကြောက်လိုက်တာမမရယ် ... အလုပ်က ထွက်လိုက်တာအကြောင်းမဟုတ်ပါဘူး၊ မမကြီး စိတ်ထိခိုက်ရမှာရယ် ပြာပြာ ချေးရောင်းရဖို့ရယ် ကြောက်လို့ပါ"

"ပြာပြာ့ မမကြီးက ချေးရောင်းတာလား"

"အင်း"

ချေးရောင်းတဲ့အဆင့်လောက်ရှိတဲ့ မိန်းကလေးတစ်ယောက်။

ရှင့်ကို လုံးဝမကျေနပ်ဘူး။ ကျွန်မလို ထက်မြက်တဲ့မိန်းမတစ်ယောက်ကို ရှင်ပဲငြင်းဆန်တယ်။ ယွန်းကို လက်ထပ်ဖို့တောင်းဆိုတဲ့လူတွေ အများကြီးပါပဲ။

သူမက ငြင်းဆန်ခဲ့သည်။

"ပြာပြာက ချေးမရောင်းချင်ဘူး"

"ပြာပြာ ကြိုးစားပေါ့"

"ဟုတ်"





ပြာပြာ ကြိုးစားမယ်ပြောတာတောင် ဥာဏ်ရည်ကမီမှာမဟုတ်။

"ပြာပြာက ညံ့တယ်၊ မှတ်ဉာဏ်သိပ်မကောင်းဘူး မမ"

"ကြိုးစားနော်"

"အင်း"

"ပြာပြာ"

"ရှင်"

"ကိုလမင်းထိန်ကို စိတ်တွေနူးညံ့သိမ်မွေ့သွားအောင် ပြာပြာ့ကိုပဲ တာဝန်ပေးရမယ်"

"အဟက်"

ပြာပြာ ရယ်ချင်သည်။

ဇီဇာကြောင်ပြီး စည်းစနစ်ကြီးတဲ့ ကိုလမင်းထိန်နှင့်မှ လာတွေ့ရ၏။

"ကျွန်မ ကြိုးစားမှာပါ"

"ပြာပြာလေးကချောတယ်၊ ချစ်စရာကောင်းတယ်၊ မမက တွေ့တွေ့ချင်း ချစ်သွားတာပါ"

ရုံးခန်း ရောက်လာသည်။

ကြော့ကြော့မော့မော့နှင့် ထွက်လာခဲ့သည်။

"ကျွန်မ ရောက်ပါပြီ"

ကိုလမင်းထိန်ကတော့ ထုံးစံအတိုင်း စောစီးစွာ ရောက်နေသည်။ အလုပ်တွေ လုပ်နေ၏။ ပြာပြာလည်း စားပွဲမှာထိုင်ပြီး လုပ်စရာရှိတာတွေ လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တူ ... တူ"

"တူ"

သူမ ဖုန်းခွက်ကို ကောက်ယူလိုက်မိသည်။

"ဟဲလို အမိန့်ရှိပါ ... နေလရောင် ကြော်ငြာလုပ်ငန်းဌာနကပါရှင်"

သူမ ... ယဉ်ကျေးပျူငှာစွာဖြင့် ပြောလိုက်သည်။ ဘုဆတ်ဆတ်လေသံတွေကို အတတ်နိုင်ဆုံး လျှော့ချပစ်နေမိ၏။

ကြိုးစားရမယ်။ ပြာပြာ ညံ့လွန်းတယ်။ မကောင်းပါဘူး။

မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်ပေါ့ပျက်ညံ့ဖျင်းတာ နာမည်ဆိုးလွန်းသည်။ အလုပ်တွေကို စနစ်တကျ လုပ်တတ်အောင် ကြိုးစားပြရမယ်။

ကိုလမင်းထိန် ကျေနပ်စေရမယ်။

"ပြာပြာလား"

"ဟုတ်ပါတယ်ရှင်"

"ကိုယ်က ဗလပါ"

"ရှင်"

ဗလတဲ့။ ကိုလမင်းထိန်ရဲ့ သူငယ်ချင်း ...

"ဟုတ်ကဲ့ ခဏကိုင်ထားပါနော်၊ ပြာပြာ ဆရာ့ကိုခေါ်ပေးပါ့မယ်"

"ကိုယ်က ပြာပြာနဲ့ စကားပြောချင်တာ"

"ရှင်"

ပြာပြာနှင့်ဘာမှ ပြောစရာအကြောင်းမရှိဘူးဟု ထင်မိသည်။





"ပြာပြာ"

"ရှင်"

"ကိုယ်တွေ့ချင်လို့"

"ရှင်"

"ညနေ ရုံးဆင်းရင် ကိုယ်လာကြိုမယ်"

"ဟို ... ဟို ... ကျွန်မ သင်တန်းတက်ရပါဦးမယ်ရှင်၊ မဖြစ်နိုင်ပါဘူး ... တောင်းပန်ပါတယ်နော်"

သူမ ဒေါတွေ ထောင်းခနဲ ထသွားမိပေမယ့် ကိုလမင်းထိန်ရဲ့ သူငယ်ချင်းဖြစ်နေ၍ ချိုသာစွာဖြင့် ပြောနေရသည်။ ရှင်သာ တခြားသူဆိုရင် မလွယ်ဘူးနော်။

ယောကျ်ားတွေ ... ပြာပြာ့ကို အထင်သေးတာပဲ။ မုန်းလိုက်တာ။ သူတို့က ချမ်းသာတယ်ဆိုပြီး ပြာပြာ့ကို ချဉ်းကပ်ကြတာပဲဖြစ်သည်။

"ပြာပြာ"

"ဟင်"

"ကိုယ် စကားနည်းနည်းပြောချင်လို့ပါ ... ပြီးတော့ လက်ဆောင်လည်း ပေးချင်လို့ပါ"

"မဖြစ်နိုင်ပါဘူး၊ ကျွန်မ လုံးဝမအားလို့နော် ... တောင်းပန်ပါတယ်"

လမင်းထိန် အကြည့်တွေက ပြာပြာ့ဆီ ရောက်သွားသည်။ ဒီကောင်မလေး ဘယ်သူနဲ့စကားပြောနေတာလဲ။ ဗလပဲထင်တယ်။ ပြာပြာ့လေသံတွေက နူးညံ့ပျော့ပျောင်းညင်သာနေသည်။

"တောင်းပန်ပါတယ် ... လုံးဝ မဖြစ်နိုင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ဖုန်းချလိုက်သည်။

"ပြာပြာ"

"ဟင်"

"ဗလလား"

"ဟုတ်"

"မင်းလေသံတွေက ဒီလိုကျတော့လည်း ပျော့ပျောင်းညင်သာသိမ်မွေ့လွန်းနေတာပါလား"

ဒုက္ခပါပဲ။ အတွင်းရေးမှူးမလေးဆိုတာ နူးညံ့သိမ်မွေ့ရမယ်ဆိုလို့လည်း သူက ယဉ်ယဉ်ကျေးကျေး ဆက်ဆံရသေးတယ်။

"ကျွန်မက ဆရာ့သူငယ်ချင်းဖြစ်နေလို့"

"မလိုပါဘူး"

"ရှင်"

"လုပ်ငန်းသဘောအရပဲ မင်းကိုဖော်ဖော်ရွေရွေ ဆက်ဆံပါလို့မှာထားတာ၊ ဗလက လုပ်ငန်းနဲ့မပတ်သက်တဲ့ ယောက်ျားတစ်ယောက်ပဲ"

ရှင့်မျက်ဝန်းတွေ ... ကျွန်မကို အထင်သေးနေတာလား။ သူမစိတ်ထဲမှာ နည်းနည်းတော့ ဝမ်းနည်းကြေကွဲသွားမိသည်။

"မင်း ဘာဖြစ်လို့ ငါ့ဆီကိုဖုန်းမပေးတာလဲ၊ ဗလနဲ့မင်း ဘာပြောစရာရှိလို့လဲ ပြာပြာ"

သူ့စိတ်ထဲမှာ မကျေမနပ် ဖြစ်သလို ခံစားနေရသည်။ ဗလ ဘာတွေပြောနေတာလဲ။ အင်းလေ ... သူလည်း လူပျိုလူလွတ်တစ်ယောက်ပဲ။ ဗလလည်း လူရိုးလူကောင်းတစ်ယောက်ပါပဲ။





"တော်ပြီကွာ ... မင်းကိစ္စပဲ၊ ဒါပေမယ့် ငါ့ကုမ္ပဏီကိုတော့ နာမည်မပျက်စေနဲ့"

"ဆရာ"

သူမ ... ဒေါသတကြီး ပေါက်ကွဲဖို့ဖြစ်ပြီးမှ စိတ်တွေကိုသ ႆ ပစ်လိုက်ရသည်။

မဖြစ်ဘူး ... အလုပ်က ရှိသေးသည်။ မမကြီး စိတ်အနှောင့်အယှက်ဖြစ်မယ့်ကိစ္စတွေကို သူမက မလုပ်ချင်။

"ကျွန်မနဲ့တွေ့ဖို့ သူ့ဘက်ကချိန်းတာပါဆရာ၊ ကျွန်မ လက်မခံပါဘူး"

"ဗလက လူကောင်းပါ"

တစ်ခုပဲရှိသည်။ ဗလအမေက အဆင့်အတန်းခွဲခြားလွန်းပြီး မာန်မာနကြီးသူဖြစ်၏။

ပြာပြာ့လို ကောင်မလေးတစ်ယောက်ကို ဘယ်လိုမှအထင်ကြီးမှာ မဟုတ်ပေ။

သဘောလည်းတူမှာမဟုတ်။ ဒီကောင်မလေး စိတ်သောကရောက်ရမှာ သေချာသည်။

သူ ... ထွက်လာခဲ့သည်။ ဒီကောင်မလေး တစ်ခုခုဖြစ်သွားမှာ သူစိုးရိမ်ပူပန်နေရတာလဲ။

ဗလ ... မင်းကတော့ မဆိုးပါဘူး။

ညီနေ့ခ်ပွဲမှာတွေ့တည်းက ပြာပြာ့ကို စိတ်ဝင်စားနေကြောင်းသိသည်။

မတွေးတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေးကိစ္စပဲ ...

သူ ... အခိပ္ပာယ်မဲ့စွာ ကားမောင်းပြီးထွက်လာခဲ့မိတော့သည်။ ပြာပြာကတော့ တစ်ယောက်တည်း မကျေမနပ်နှင့်ကျန်ခဲ့တော့သည်။

လူ့ဝွစာကြီး ...

သူမ ရှင်းပြတာတွေကိုလည်း သေသေချာချာနားမထောင်ပေ။ ပြောချင်တာ ပြောသွားသည်။

လုံးဝ ... မကျေနပ်ဘူး။ ဒီလူကြီးကို အပြတ်ပြောပစ်ချင်ပေမယ့် အလုပ်ရှင်ဖြစ်နေသည်။

ဟွန်း ... မိန်းမတွေကို အထင်သေးနေတဲ့လူကြီး ...

ကျွန်မကို အထင်မသေးပါနဲ့ ... ရှင်တို့ ပိုက်ဆံချမ်းသာတိုင်း ကျွန်မက အထင်ကြီးမယ်ထင်လို့လား။

ဝေးသေးတယ် ... စိတ်မဝင်စားပါဘူး။

တစ်ယောက်တည်းမကျေမနပ် ပွစိပွစိ ပြောနေမိသည်။

ကိုလမင်းထိန် အပြင်ထွက်သွား၏။ ဘာအကြောင်းမှ ပြောမသွား ... နေပေ့ ...

ကျွန်မကို ယောကျာ်းတွေနဲ့ ရှုပ်ချင်တဲ့မိန်းကလေးတစ်ယောက်လို့ ရှင်ထင်သွားပြီလား မသိဘူးနော်။

ထင်ထင် ...

သူမကိုယ်သူမ ယုံကြည်မှုအပြည့်အဝ ရှိနေသည်။ ဂရုမစိုက်ပါဘူး။

"ပြာပြာ"





"ဟင် ... မမယွန်း"

"ကိုထိန် ဘယ်သွားတာလဲ"

"မသိဘူး ... မမ"

"ပြာပြာ့ကို မပြောသွားဘူးလား"

"ဟင့်အင်း"

"ပြောသွားရမှာပေါ့"

"သူ့ဟမ်းဖုန်းကို မမဆက်ကြည့်ပါလား"

"ပြာပြာ"

"ရှင်"

"ကိုထိန် ဘာဖြစ်သွားတာလဲ"

"ပြာပြာ့ဆီ ကိုဗလ ဖုန်းဆက်တာ ပြာပြာက တရင်းတနှီး ပြောနေလို့တဲ့"

"အဟက်"

ယွန်း ရယ်မိသည်။

ဒီကောင်မလေးဆီကို ဗလ ဖုန်းဆက်တာနဲ့ ရှင်က မနာလိုဝန်တိုဖြစ်ရတာလဲ။ ဘာမှ ဒေါသဖြစ်စရာ မရှိပါဘူး။ အနေသာကြီး။

"ကိုဗလက ချမ်းသာတယ် ... လူပျို ရိုးသားတည်ကြည်မှုလည်းရှိတယ် ပြာပြာ ... ညီမလေးဆီ သူကစပြီး ဆက်သွယ်တာဆိုတော့ ပြာပြာ့ကို အတော်လေး သဘောကျနေပြီထင်တယ်"

ကိုထိန် ဒေါသတကြီးနှင့်မျက်နှာတည်တည်ကြီးထွက်သွားတာ တွေ့လိုက်ရသည်။

ဒါကြောင့်ကိုး ...

ရှင် ...



www.burmeseclassic.com

www.burmeseclassic.com



သဝန်ကြောင်ချင်နေပြီပဲ။

"ပြာပြာကတော့ ယောကျ်ားတွေကို စိတ်မဝင်စားပါဘူး မမရယ် ... ပြာပြာ မမကြီးလိုပဲ အပျိုကြီးလုပ်မှာ"

"ပြာပြာ"

"ရှင်"

"ဒီနေရာမှာတော့ ညီမလေးက တော်သွားပြန်ပြီ၊ ပြာပြာက တခြားနေရာမှာသာ ညံ့တာ ... တော်တဲ့နေရာမှာတော့ တော်သွားပြန်ရော"

ကိုလမင်းထိန်က သူမအားဘာဖြစ်လို့ မမယွန်းလို အထင်ကြီးစကား မပြောရတာလဲ။

ရှင်က အထင်သေးနေတာ မဟုတ်လား။

တစ်နေကုန် ...

မကျေမနပ်နှင့် ဖြစ်နေရတော့သည်။





အခန်း ( ၁၀ )

"ပြာပြာ့ကို ငါတော်တော်လေး စိတ်ဝင်စားနေမိတယ် ကိုထိန်"

"ဟင်"

သူ ... တုန်လှုပ်သွားမိသည်။ ဗလကို ဆတ်ခနဲကြည့်မိသွား၏။ ဒီကောင်က ရိုးသားပါတယ်။ ပြာပြာ့အား ဖျက်ဆီးပစ်မယ့် ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ သူသိသည်။

"ကိုယ် ချစ်နေမိပြီ"

"ဘာ"

"ပြာပြာ့ကို ချစ်တယ်"

"ဗလ"

"ပြော"

"မင်းအိမ်က ..."

"ငါက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်ပြီပဲ ကိုထိန်၊ ပြာပြာနဲ့ ကိုယ့်ဘဝကို ကိုယ့်အင်အားနဲ့အကောင်းဆုံးဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါတယ်"

ဗလ ဆုံးဖြတ်ပြီးပြီ။

ပြာပြာ့ကို ချစ်နေမိသည်။ သူ့နှလုံးသားတွေကို သူသိနေပြီ ဖြစ်၏။

ပြာပြာ့ကို ချစ်တယ်။ လက်ထပ်ယူမယ်။

"မေမေ သဘောမတူလည်း ကိုယ်လက်ထပ်ယူရဲတဲ့သတ္တိရှိ တယ်"

ကိုထိန်ကတော့ မိန်းကလေးတွေကို ငယ်စဉ်လေးတည်းက ပင် စိတ်မဝင်စားကြောင်း ဗလ သိထားပြီးဖြစ်သည်။

"ဗလ"

"ပြော"

"အိမ်ထောင်ရေးတွေ အချစ်တွေကို မင်းဘယ်လိုခံယူထား လဲ၊ ပေါ့ပေါ့ဆဆတော့ မင်းမတွေးသင့်ဘူးလို့ ထင်တယ်"

"မင်းတို့ မိဘတွေရဲ့ အိမ်ထောင်ရေးကိုပဲ ကြည့်လို့တော့ မဖြစ်ဘူးထင်တယ် ကိုထိန် ... တို့မိဘတွေက ယွန်းတို့မိဘတွေ အားလုံး သစ္စာရှိရှိနဲ့ အိမ်ထောင်ရေးအဆင်ပြေကြတာပဲ၊ အရေးကြီး တာက တစ်ယောက်ကိုတစ်ယောက်ချစ်ဖို့ပဲ"

"ပြာပြာက"

အသုံးမကျတဲ့ ကောင်မလေးတစ်ယောက်ဟု သူပြောဖို့ ပြင် ပြီးမှ မပြောဖြစ်တော့။

မပြောချင်တော့လို့ပါ။ မင်းလို ကောင်မလေးမျိုးကို ချစ်တဲ့ လူက ရှိသေးတယ်။





လက်ထပ်ယူမယ်တဲ့။

"ပြာပြာ့ကို ကိုယ့်ရင်ထဲက နှစ်နှစ်ကာကာ ချစ်တယ်ကိုထိန် ရာ ... မောင်ရင် သိသားပဲဟာ၊ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ မဖျက်ဆီးခဲ့ဘူး ဆိုတာလေ"

ဗလက လူကောင်းတစ်ယောက် ...

"မောင်ရင့်အမေ ရင်ကျိုးလိမ့်မယ်နော်ဗလ၊ လူကြီးတွေ အနေနဲ့ ဒီကောင်မလေးနဲ့ မောင်ရင့်ကို လုံးဝသဘောတူမှာ မဟုတ် ဘူး"

"ကိုယ် ဆုံးဖြတ်ပြီးပြီ၊ ပြာပြာ့ကို ကိုယ်နှစ်နှစ်ကာကာချစ် တယ် ... မြတ်နိုးတယ်၊ ကိုယ် လက်ထပ်မယ်"

ဗလကလည်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ် ယောက်ပင်။

"မင်း ယုံပါ"

"ကိုယ်ယုံပါတယ် ... ဒါပေမဲ့ အန်တီညိုကိုတော့ ကိုယ်မျက် နှာပူမိသလိုပဲ"

"မေမေက ကိုယ့်ကိုချစ်ပါတယ်၊ စိတ်ဆိုးလည်းခဏပါပဲ၊ ကိုယ့်အင်အားတွေနဲ့ ပြာပြာ့ကိုလက်ထပ်ယူနိုင်ပါတယ် ကိုထိန်"

သူ ... ဘာပြောရမလဲ။ ဗလကတော့ ကောင်မလေးအပေါ် အတော်လေး ချစ်နေသည်။

တားဆီးပိတ်ပင်ရမလား။ မဖြစ်နိုင်ဘူး။ သူ့နဲ့ဘာဆိုင်လို့လဲ။

"ကိုထိန်"

"ဟင်"

"မောင်ရင်ရော အချစ်ဆိုတာကို လုံးဝ မစဉ်းစားတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ အိမ်ထောင်ရေးရော မောင်ရင် စဉ်းစားသင့်တယ်နော်”

သူ့အကြောင်းတွေကို ဗလ သိသင့်သလောက် သိထားသည်။

“ကိုယ်ပြောချင်တာကတော့ ဘယ်အရာမဆို ပုံသေကားချပ်သတ်မှတ်ထားလို့ မရဘူး၊ မိန်းကလေးတွေကိုလည်း အထင်သေးပြီး အပြစ်တွေပဲ မမြင်သင့်ဘူးကိုထိန်၊ ယွန်းဆိုရင် အဘက်ဘက်က ပြည့်စုံနေတဲ့ မိန်းကလေး”

“သွားတော့မယ်”

သူ ... ထသည်။

“နေပါဦးကွ”

“ကိုယ့်မှာအလုပ်တွေ ရှိနေသေးတယ် ... သွားမယ်ကွာ၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့”

“ကိုယ့်ကို ပြာပြာနဲ့ နှိုင်းပေးပါ ကိုထိန် ... ကိုယ်ဟာ လူတော်လူကောင်းတစ်ယောက်ဖြစ်ကြောင်း မောင်ရင်က အာမခံချက် ပေးမှပေါ့”

“ပြာပြာ့အကြောင်းတွေရော မောင်ရင်အားလုံးသိပြီးပြီလား”

“ကိုယ် ဘာမှမသိချင်ဘူးကိုထိန်ရာ ... ကိုယ်ချစ်တယ်၊ မြတ်နိုးတယ်၊ ချမ်းသာတာ ဆင်းရဲတာကတော့ ဘဝပဲ၊ ကိုယ်ယောကျ်ား ကိုယ်တည်ဆောက်နိုင်စွမ်း ရှိပါတယ်”

ဗလကတော့ ရဲရင့်ပြတ်သားစွာ အာမခံချက်ပေးနေသည်။

“မင်းကို ကိုယ်ယုံပါတယ် ... တစ်ခုပဲရှိတယ်၊ အန်တီသဘောမတူမှာရယ်၊ မင်းအများအယွင်း တစ်ခုခုဖြစ်သွားမှာပဲ စိတ်





ပူတာပါ”

“ပြာပြာ့ကို လက်ထပ်လို့ ကိုယ်ဘယ်လိုအမှားကြီးမှားပါစေ ကိုယ်ရင်ဆိုင်မယ်”

သူ ... ဘာမှ ပြောစရာမရှိတော့ ... ထွက်လာခဲ့သည်။

ရုံးခန်းကနေ ဘာရည်ရွယ်ချက်မှမရှိဘဲ ထွက်လာခဲ့ပြီး ဗလဆီ ရောက်သွားရ၏။

ကောင်မလေးနှင့်ပတ်သက်တာတွေကို သူသိချင်နေခဲ့သည်။

တကယ်ဆို ... သူနှင့် ဘာမှမဆိုင်ပေ။

တစ်စုံတစ်ခုကို သူ့စိတ်ထဲ မကျေမနပ် ဖြစ်နေခဲ့သည်။

ဘာကြောင့်လဲ ... ဗလက လူဆိုးမဟုတ်။

မိန်းကလေးတစ်ယောက် ရွေးချယ်သင့်တဲ့ယောကျ်ားတစ်ယောက်။ ပြာပြာကလည်း ပျက်စီးနေတဲ့ မိန်းကလေးတစ်ယောက် မဟုတ်။

ကလေးဆန်လွန်းသော ကောင်မလေးလည်းမဟုတ်။

ဗလ ပြောတတ်လေ့ရှိတဲ့ စကားတွေကို သူပြန်ကြားယောင် လာမိသည်။

“မိန်းမတိုင်းက ဖောက်ပြန်တတ်တာမျိုး မဟုတ်ပါဘူး ကိုထိန်ရာ၊ တို့မေမေရော ယွန်းမေမေပါ ဘယ်မှာဖောက်ပြန်လို့လဲ၊ တခြားအမေတွေလည်း လောကကြီးထဲမှာ အများကြီးရှိတာပဲဟာ”

သူ ...

ရုံးခန်းပြန်ရောက်လာသည်။ ကုမ္ပဏီမှာရှိတဲ့လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြောမနေတော့ဘဲ သူ့ရုံးခန်းထဲ ဝင်လာခဲ့၏။

ပြာပြာ ... အိပ်ငိုက်နေသည်။ ကောင်မလေးတစ်ယောက်တည်း အခန်းထဲမှာ ရှိနေ၏။

သူဝင်လာတာ မသိပေ။

"ပြာပြာ"

"ဟာင်"

"မင်းမှာ အလုပ်မရှိဘူးလား ပြာပြာ"

"ဟာ ... ဆရာ၊ ဟို ... ဟိုလေ ... အလုပ်တွေပြီးပါပြီ၊ ဟို ပြာပြာလေ မနက်က နို့စက်အစောကြီးပေးထားပြီး အိပ်ရာက နိုးနေတယ်"

"ဘာဖြစ်လို့ မင်းကအစောကြီး ထရတာလဲ"

"ရုံးနောက်ကျမှာစိုးလို့ပါ ဆရာ"

"ဒုက္ခပါပဲကွာ"

"အဟဲ ... ပြာပြာက အရမ်းအိပ်ပုပ်ကြီးတယ်လေ၊ မမကြီးက အလိုလိုက်ထားတယ်၊ အခုမှ ပြန်ပြီး လေ့ကျင့်နေတာပါ"

ပြာပြာနှင့်လက်ထပ်ပြီး ဘယ်လိုအမှားအယွင်းတွေပဲတွေ့တွေ့ ရင်ဆိုင်မယ်တဲ့။

"ကျွန်မ ဒီညနေ စကားပြောသင်တန်းတစ်ခု သွားတက်မယ်ဆရာ ... ကျွန်မ အစွမ်းကုန်ကြိုးစားမှာပါ၊ ထက်မြက်တဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်စေရပါမယ်"

အလုပ်ကနေ ထွက်ရမှာကြောက်တိုင်း ကောင်မလေးစွတ်ရွတ်ပြီး အာမခံချက်တွေ ပေးနေတာပဲဖြစ်မည်။





ဘာပဲဖြစ်ဖြစ် ... မင်း မျက်ဝန်းလေးတွေက ရိုးသားပါတယ်။ ပြာပြာဟာ ဘယ်လိုကောင်မလေးမျိုးလဲဆိုတာ သူစောင့်ကြည့်ချင်မိသည်။

သူ စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"ဆရာ"

"ပြော"

"ဒီမှာ ဆရာ့ဆီ လာသမျှဖုန်းတွေ ပြာပြာမှတ်ထားပါတယ် ဆရာ"

ပြာပြာ အလုပ်တာဝန်တွေ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း ဆရာ့အား ပြလိုက်သည်။

"ပြာပြာ"

"ရှင်"

"ဒီကိုထွန်းအောင်ဆိုတဲ့လူက ဘယ်ကိုဆက်ရမှာလဲ"

"ဟာင်"

ကိုထွန်းအောင်က ကြော်ငြာကိစ္စအတွက် ဖုန်းဆက်ပါတယ် ပြန်ဆက်ပါရန် မှာသွားပါတယ်ဟု ရေးထားသည်။

ပြန်ဆက်သွယ်ရန် လိပ်စာမပါဘဲ ဖြစ်နေ၏။ သူမ မေးဖို့ မေ့သွား၏။

"မင်း ... ခုထိ ပေါ့လျော့တုန်းပါပဲလား ပြာပြာ"

ဆရာ အဆူလွတ်အောင် သူမျက်နှာလိုမျက်နှာရလုပ်ကာမှ အမှားအယွင်းတွေရှိဖြစ်အောင် ရှိလာရသေးသည်။

"လောလောဆယ် အမှားရှိနေသေးမှာ ခွင့်လွှတ်ပါနော်"

မနက်က အစောကြီးထပြီး အိပ်ရေးပျက်ခဲ့ရသည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာမှ အိပ်ငိုက်နေ၏။ ရှက်လိုက်တာ ... မျက်နှာပူပူနှင့်ဆရာ့ကို တောင်းပန်ရပြန်သည်။

"ကိုထွန်းအောင်ဆိုတဲ့လူကို ဘယ်လိုဆက်သွယ်ရမလဲ၊ ဒါလူသစ်ပဲ"

ဟုတ်ပါရဲ့ ... သူမကလည်း သူမပဲ။ အလုပ်တာဝန်ကို မေ့ပျောက်စွာ ထမ်းဆောင်မိသလို ဖြစ်နေသည်။

"ခက်တယ်ကွာ"

ဒီကောင်မလေးကို သူဘာမှ ပြောမနေချင်တော့ပေ။ တခြားတော့ အမှားမရှိ။ အတော်လေး ကြိုးစားထားပုံပင်။

"ကိုထွန်းအောင်ဆိုတဲ့လူ ထပ်ဆက်သွယ်မှာကို စောင့်ရမှာပဲ ... မင်း သတိထားပါ"

"ဟုတ်ကဲ့ ဆရာ"

ပြာပြာ ကိုယ့်စားပွဲမှာ ကိုယ်ပြန်ထိုင်လိုက်မိသည်။

မဖြစ်ဘူး ... ပြာပြာ ကြိုးစားမှ ... သူများ အထင်သေးအမြင်သေးတဲ့အဖြစ်တွေနဲ့ ရင်မဆိုင်ချင်တော့ဘူး။

ရုံးဆင်းသွားသည်။

"မင်းဘယ်မှာ သင်တန်းတက်မှာလဲ ပြာပြာ"

သူ ... မေးလိုက်မိသည်။ ကောင်မလေးရဲ့ ပြုံးကြောင်တဲ့မျက်ဝန်းအစုံက သူ့ဆီ ဖျတ်ခနဲ ရောက်လာ၏။

မမေးစဖူး မေးလိုက်၍ ဖြစ်သည်။

"မင်း ... မိန်းကလေးတစ်ယောက်တည်း မသင့်တော်ဘူး ပြာပြာ ... ကိုဘမောင်ကို အကြိုအပို့ လုပ်ခိုင်းပါ"

"ဝမ်းသာလိုက်တာ"

"ဘာ"

သူမ ဟန်မဆောင်နိုင်ဘဲ ဝမ်းသာအားရ ထခုန်မိသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

သူ ... ပြန်ထွက်လာခဲ့မိသည်။ မိန်းကလေးဖြစ်၍ ညဘက်တွင် မသင့်တော်ပေ။ ကိုဘမောင်ကို တာဝန်ပေးလိုက်သည်။ ပြာပြာကတော့ ကားအကြိုအပို့ ရှိသွားတာ ပျော်ရွှင်နေမိ၏။

ဆရာ ... ဒီလိုကျတော့လည်း သဘောကောင်းသားပဲ။

"ပြာပြာ"

"ဟင် ... မမ"

"ညည်းလေးအတွက် ကိုဘမောင်က တာဝန်ယူတယ်ဆို"

"မမပြောလို့ထင်တယ်၊ ဆရာက ကျွန်မကို ညအချိန်မတော်ကြီး မသင့်တော်ဘူးဆိုပြီး ကားစီစဉ်ပေးတာ"

ယွန်း အံ့သြနေမိသည်။

သူ ဘာမှ မပြောရသေးပေ။

ကိုထိန်တစ်ယောက် ပြာပြာနဲ့တွေ့မှ သဘောတွေကောင်းနေပါလား။

"လာလေ ပြာပြာ ... မမနဲ့သွားကြမယ်"

ယွန်းကတော့ မျက်နှာပျက်မသွားအောင် ထိန်းချုပ်လိုက်သည်။ ကိုထိန့်ကို စိတ်နာနေမိသည်။ ဘာမဟုတ်တဲ့ ကောင်မလေးကျတော့ စိတ်ဝင်စားနေသည်။

"ပြာပြာတော့လေ ထူးချွန်ထက်မြက်တဲ့သူတစ်ယောက်ဖြစ်အောင် အစွမ်းကုန် ကြိုးစားမယ် မမ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြာပြာကလည်း အရင်ကနှင့်မတူအောင် ရွှင်လန်းတက်ကြွနေသည်။ ပို၍ နုစင်ချောမောလာ၏။ ယွန်း မနာလိုလိုက်တာ။

လူကြီးလူကောင်းတစ်ယောက် ဖြစ်တော့လည်း အတတ်နိုင်ဆုံး ဟန်ဆောင်နေရသည်။ အထူးသဖြင့် ပြာပြာ့ကိုပဲ ...

ရှင့်ကို ပညာပေးဖို့အတွက် ပြာပြာ့ကို အသုံးချရမယ်။

ကျွန်မကို အထင်ကြီးမှုတွေ လုံးဝမရှိတော့ဘူးလားကိုထိန်ရယ်။

ပြာပြာက ယွန်းနဲ့ ဘာဆိုင်လို့လဲ။ ရုပ်ကလေး သာတာပဲရှိတယ်ဟု ယွန်း မနာလိုဝန်တိုစွာ တွေးဇနေမိသည်။

ကုမ္ပဏီကအထွက်တွင် ကိုထွန်းဗလ ရောက်လာတာ တွေ့လိုက်ရသည်။

"ကိုဗလ ဘယ်သူ့ကိုတွေ့ချင်လို့လဲ၊ ကိုထိန် အစောကြီးတည်းက ရုံးဆင်းသွားပြီ"

ကိုဗလက ဟက်ခနဲ တစ်ချက်ရယ်ပြီး ပြာပြာ့ကိုကြည့်သည်။

"ပြာပြာနဲ့တွေ့ဖို့"

"ဟင် ... ချိန်းထားလို့လား"

"ချိန်းထားတယ်လေ"

"အို ... မချိန်းပါဘူး၊ ပြာပြာ သင်တန်းသွားရမယ်လို့ ပြောပြီးသားပဲ၊ ပြာပြာ သွားတော့မယ်နော် မမ"

ပြာပြာက ကပျာကယာ နှုတ်ဆက်ပြီး ထွက်သွားဖို့ပြင်မိသည်။





"နေပါဦး ပြာပြာ၊ ကိုယ် ခဏလေး စကားပြောချင်တာပါ ခဏလေးပါ"

ပြာပြာကတော့ ကိုလမင်းထိန်ရဲ့ အထင်သေးတဲ့မျက်ဝန်းတွေကို ရင်ဆိုင်ရမှာ အကြောက်ဆုံးဖြစ်နေသည်။

ကိုဗလ ဘာပဲဖြစ်နေဖြစ်နေ ပတ်သက်ဆက်ဆံချင်တဲ့ဆန္ဒမရှိပေ။

ချမ်းသာတဲ့ယောကျ်ားတွေနဲ့ပိုပြီး အကင်းဆုံးနေချင်တယ်။

ကိုယ်ကျင့်သိက္ခာတွေကို ထိပါးစော်ကားမှုတွေအားလုံး ထိန်းသိမ်းရမယ်။

"ကျွန်မ တောင်းပန်ပါတယ်ကိုထွန်းဗလ၊ ကျွန်မတို့နှစ်ယောက်ကြားမှာ ပြောစရာစကား လုံးဝမရှိဘူးထင်ပါတယ် ... ပြာပြာ့ကို ခွင့်ပြုပါဦး"

ကိုဘမောင်ကားရှိရာသို့ ပြာပြာ ခပ်သွက်သွက်လာခဲ့မိသည်။

ထွန်းဗလတစ်ယောက် ငေါင်ပြီးရပ်ကျန်ရစ်ခဲ့တော့၏။

"ကောင်မလေးက နည်းနည်းတော့ အိုက်တင်များတယ်နော်၊ အင်းလေ ... ရှင်တို့ယောကျ်ားတွေကလည်း အဲဒီလိုကောင်မလေးမျိုးကိုမှ သဘောကျကြတာ မဟုတ်လား"

ယွန်းလည်း ကားကိုမောင်းပြီး ထွက်လာခဲ့သည်။ ပြာပြာဆိုတဲ့ကောင်မလေးက တကယ်ပင် မနာလိုစရာကောင်းလောက်အောင် မျက်နှာပွင့်သည်။

ကိုထိန့်အား ပညာပေးချင်တာထက် ကိုထိန့်နှလုံးသားတွေကို အပိုင်သိမ်းယူသွားမှာ စိုးရိမ်ထိတ်လန့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖြစ်စေချင်တာက သူမအား အထင်ကြီးစိတ်ဝင်စားမှုတွေ ရယူပိုင်ဆိုင်ဖို့ဖြစ်၏။

ပြာပြာနှင့်မယှဉ်နိုင်သလိုများ ဖြစ်နေရပြီလားမသိဘူး။

"ပြာပြာ ထက်မြက်ထူးချွန်တဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်အောင်ကြိုးစားမယ်"

သွက်လက်တက်ကြွနေတဲ့အသံတွေ ဝဲပျံ့လာရသည်။

မကျေမနပ်တော့ ဖြစ်သွားသည်။

ဒီကောင်မလေးက သူမနဲ့ပြိုင်ဘက်တစ်ယောက် ဖြစ်သွားပြီလား။

မနာလိုဝန်တိုစွာ နှုတ်ခမ်းသားလေးတွေကို တင်းတင်းစေ့ထားလိုက်မိသည်။

ဖဖဖ



BURMESE CLASSIC .com



အခန်း ( ၁၁ )

ပြာပြာ သင်တန်းတွေကို အတတ်နိုင်ဆုံး ကြိုးစားပြီးတက်နေမိသည်။

မှတ်ဉာဏ်က မကောင်း။

သူမ ဖွဲမလျှော့ဘဲ အစွမ်းကုန် ကြိုးစားနေမိသည်။ လုပ်ငန်းခွင်မှာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ် ပြာပြာ့နာမည် မပျက်ဖို့အတွက်တော့ အတတ်နိုင်ဆုံး ကြိုးစားနေမိ၏။

ကိုလမင်းထိန် ရှေ့မှာ အမှားအယွင်းတွေ မဖြစ်အောင် အလုပ်တွေ စနစ်တကျဖြစ်အောင် လုပ်နေမိသည်။

အကျင့်တော့ ဖြစ်သွား၏။

အိပ်ရာထလည်း စောစောထရတာ အခက်အခဲ မရှိတော့ပေ။

"ညီမလေး အလေ့အကျင့်ရလာပြီ၊ ကောင်းတယ် ... မမကတော့ ညီလေးကို ဒီလိုပဲ ဖြစ်စေချင်တာပါကွယ်"

မမကြီး ဝမ်းသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်လုပ်မှ အကျင့်ကောင်းတွေ ညီမလေးရလာတော့တယ်ကွယ်၊ မောင်မင်းကြီးသား မောင်လမင်းထိန် ကျန်းမာချမ်းသာပါစေ"

"မမယွန်းကိုလည်း ကျေးဇူးတင်ရမှာပဲ မမကြီး ... ကျွန်မကို ရွေးချယ်ခဲ့လို့လေ"

"အင်းပါကွယ် ... အားလုံး ကျေးဇူးတင်ပါတယ်၊ မမကတော့ အမြဲတမ်း ဆုတောင်းမေတ္တာပို့နေတာပါ"

ပြာပြာ ပြင်ဆင်၍ ပြီးသွားတော့သည်။

"ပြာပြာ သွားတော့မယ်"

ကြော်ငြာအတွက်လည်း သူမ ယူစရာရှိတာတွေ ယူရသေးသည်။ ကိုလမင်းထိန်ရဲ့ အားအကိုးရဆုံး အတွင်းရေးမှူးမလေးပဲ ဖြစ်ချင်တယ်။ ကြိုးစားရမယ်။

"တီ ... တီ"

"တီ"

ကိုဘမောင် လာပြီထင်တယ်။

"ဟင်"

ကိုထွန်းဗလ ...

သူမ အိမ်အထိ လိုက်လာ၍ သဘောမကျမိသလို ဖြစ်ရသည်။

ဒါပေမယ့် ...

သူမ ... ဟန်ဆောင်တတ်နေသည်။

မမကြီးရှေ့မှာ ဖြစ်နေ၍ စိတ်မပူအောင် သူမဟန်မပျက်ဘဲ





ဆက်ဆံလိုက်ရတော့သည်။

"ကိုထွန်းဗလ"

"ပြာပြာ့ကို လာကြိုတာ ... ကိုဘမောင် မအားလို့"

"ဘာဖြစ်လို့လဲဟင်"

"နေမကောင်းဘူး ပြာပြာ၊ ကိုယ် လာကြိုတာပဲ"

"ကျွန်မ"

ခက်နေသည်။

မလိုက်ဘူး ပြောတော့ အားနာစရာကောင်းနေ၏။

"မမကြီး"

"ဟင်"

"ဒါ ... ကိုလမင်းထိန် သူငယ်ချင်းပါ ကိုဗလတဲ့"

မမကြီး အနားမှာရှိနေ၍ သူမ မိတ်ဆက်ပေးလိုက်သည်။

"သြော် ... ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မ မိုးဝေခင်ပါ ... ပြာပြာ့ အစ်မပါ"

"ဟုတ်ကဲ့ မမိုးဝေခင်၊ ပြာပြာ့ကို လာကြိုတာပါ။ သွားမယ်နော်"

"ဟုတ်ကဲ့"

"မမကြီး ... ပြာပြာ သွားမယ်နော်"

"အေး ... အေး"

ပြာပြာ ထွက်လာခဲ့သည်။ မမကြီး မျက်ဝန်းတွေက စိုးရိမ်ပူပန်မှု အရိပ်လက္ခဏာတွေ ယှက်ဝင်နေ၏။

ပြာပြာ သိသည်။ မမကြီးက ယောကျ်ားတွေနှင့်ပတ်သက် ဆက်ဆံတာ မကြိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်တရား ပျက်ပြားတဲ့မိန်းကလေးအဖြစ် အရောက်မခံနိုင်။

"ပြာပြာ"

"ရှင်"

"စောပါသေးတယ်နော်"

BURMESE CLASSIC .com

"ရှင်"

"ကိုယ် ခဏလောက် စကားပြောချင်တယ်"

"ဟို ... ကျွန်မ အလုပ်တွေရှိသေးတယ်၊ အချိန်မရလို့ပါ ကိုဗလ"

လောလောဆယ်မှာ အလုပ်ကိစ္စတွေကလွဲပြီး ပြာပြာ ဘာမှ စိတ်မဝင်စားပေ။

ကိုဗလနှင့်နှစ်ယောက်တည်း နေရမှာ စိတ်မလုံပေ။ မနေချင်ဘူး။

"ခဏလေးပါ ပြာပြာ ... ကိုယ်စကားနည်းနည်းပြောချင်လို့ပါ"

သူက ... စားသောက်ဆိုင်တစ်ခုရှေ့တွင် ကားကိုရပ်ပစ်လိုက်သည်။

"ဘာစားမလဲ ပြာပြာ"

"ကျွန်မ အလုပ်ကိစ္စတွေရှိတယ်၊ ပြောစရာရှိရင် မြန်မြန်ပြောပါ ကိုဗလ"

သူမ စိုးရိမ်ထိတ်လန့်နေသည်။

"ပြာပြာ"

"ရှင်"





"ကိုယ် မင်းကို လက်ထပ်ပါရစေ"

"ရှင်"

"ပြာပြာ့ကို လက်ထပ်ချင်တယ်"

"မဖြစ်နိုင်တာဘဲ"

"ပြာပြာ့ကိုချစ်တယ်၊ ကိုယ့်ကိုယုံကြည်ပါ ပြာပြာ ... မင်းအပေါ် ကိုယ်တန်ဖိုးထားပြီး လက်ထပ်ခွင့်တောင်းတာပါ"

ဗလ ပြာပြာ့အား နှစ်နှစ်ကာကာ မေတ္တာသက်ဝင်ချစ်ခင်နေမိသည်။

"ကိုယ် အလေးအနက် တောင်းဆိုပါတယ်"

"ရှင်နဲ့ကျွန်မက ခုမှတွေ့ကြတာပါ တစ်ယောက်အကြောင်း တစ်ယောက် မသိရသေးဘူးလေ"

"ကိုယ်ကတော့ ပြာပြာနဲ့ဘဝကို လက်ထပ်ပြီးရင်ဆိုင်ဖြေရှင်းမယ်၊ တည်ဆောက်မယ် ကိုယ်လူကောင်းတစ်ယောက်ပါ ပြာပြာ ... ကိုထိန်တို့ ယွန်းတို့ကို မေးကြည့်ပါ"

"ကျွန်မ လက်မခံပါရစေနဲ့ ကိုဗလ၊ လောလောဆယ်အလုပ်ကလွဲပြီး ဘာမှစိတ်မဝင်စားလို့ပါ"

သူမ အပြတ်သားဆုံးပြောပြီး ထလိုက်သည်။

"ပြာပြာ"

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မမှာ အလုပ်ကိစ္စတွေရှိနေသေးလို့ပါ"

ဆက်ပြီး မနေချင်တော့ပေ။ သူမ အပြင်အထွက်တွင် ကိုလမင်းထိန် ကားနှင့်ဖြတ်သွားတာကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ ကိုလမင်းထိန် တစ်မျိုးထင်တော့မှာပဲ။ အထင်သေးမှာပဲ ကြောက်မိသည်။

"ကိုလမင်းထိန် တွေ့သွားပြီကိုဗလ ... ကျွန်မကို အထင်လွဲတော့မှာပဲ"

"ကိုထိန် သိပါတယ်ပြာပြာ"

"ဟင်"

"ကိုယ် ခွင့်တောင်းပြီးမှ ပြာပြာ့ကိုပြောတာပါ"

"ကိုလမင်းထိန် သိတယ်"

"အင်း"

"သူ ဘာပြောလဲ"

"ဘာပြောရမှာလဲ ... အရာအားလုံး မင်းသဘောပဲပေါ့ မိုးတိမ်ပြာ"

ပြာပြာ့ကို တွေ့သွားပြီ။ ငွေကြေးချမ်းသာတဲ့ယောက်ျားဖြစ်နေလို့ ပြာပြာ့ဘက်က အလိုတူ အလိုပါ ဆက်ဆံနေတယ်လို့ ထင်တော့မှာပဲ။

"ကိုဗလ"

"ပြောပါ ပြာပြာ"

"ကိုဗလ တောင်းဆိုမှုတွေအားလုံး ပြာပြာ လုံးဝလက်မခံနိုင်ပါဘူး"

"ပြာပြာ"

"တောင်းပန်ပါတယ် ... ကျွန်မ အငှားကားနဲ့ပဲ ပြန်တော့မယ်"





"ကိုယ် လိုက်ပို့ပေးပါရစေ ပြာပြာ"

"ဟင့်အင်း ... ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်၊ ကျွန်မ လက်မခံနိုင်လို့ပါ။ ကျွန်မကိုထပ်ပြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်စေချင်ပါဘူး"

သူမ ဇွတ်အတင်းပင် ထွက်လာခဲ့ပြီး အငှားကားကို တားလိုက်သည်။

ရုံးနောက်ကျလို့ မဖြစ်ဘူး။ ကိုလမင်းထိန် အထင်သေးမှာကို သူမကြောက်နေမိသည်။

"ကားဆရာ အမြန်မောင်းပါနော် ... ကျွန်မ ရုံးနောက်ကျနေလို့ပါ"

"ဟုတ်ကဲ့"

သူမ ... စိတ်စောနေမိသည်။

ကိုဗလနဲ့ နှစ်ယောက်တည်း ရှိနေတာကို ဘယ်လိုရှင်းပြရမလဲ။

သေချင်တာပဲ ... ဒီလူနဲ့မှ လာတိုးရတယ်။ ကိုဗလ လူကောင်းတစ်ယောက်ဆိုတာ မှန်ပေမယ့် ထိုကိစ္စတွေကို သူမ လုံးဝစိတ်မဝင်စားနိုင်ဘဲ ဖြစ်နေရသည်။

ချစ်သူထားဖို့ ဝန်လေးနေမိ၏။

မဖြစ်နိုင်ပါဘူး။ ကိုဗလက ငွေကြေးချမ်းသာတော့ အဆင့်အတန်း ခွဲခြားတာတွေ ဘာတွေဖြစ်လာနိုင်သည်။

ပြာပြာက ဘာမှ မက်မောလောက်တဲ့ အရည်အချင်းရှိတာ မဟုတ်။

အေးဆေးနေတာပဲ ကောင်းပါတယ်။ အောင်မြင်တက်ကြွ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အတွင်းရေးမှူးမလေးတစ်ယောက်ဖြစ်အောင် အစွမ်းကုန် ကြိုးစားဖို့ ဆုံးဖြတ်ထားမိသည်။

"ဩ"

"ဖောက်"

သူမ စီးလာသော အငှားကားလေးက ထိုးရပ်သွားတော့သည်။

"ဟင် ... ကားဆရာ ဘာဖြစ်တာလဲဟင်"

"ကားဘီးပေါက်သွားလို့ပါ ညီမလေး"

"ဟင်"

ဒုက္ခပါပဲ။

စိတ်ညစ်လိုက်တာနော်။ ရုံးချိန် နောက်ကျတော့မည်ဖြစ်သည်။

"ကားဘီးလဲလိုက်မယ် ... ခဏလေးနော် ညီမလေး"

"မဖြစ်ဘူး ... ကျွန်မ ရုံးနောက်ကျနေပြီ၊ အလုပ်ရှင်က ဆူတော့မယ် ... ဟို ... ဟို ... ကားခတစ်ဝက်ယူပါနော်၊ ကျွန်မ နောက်ဟစ်စီး ငှားသွားမယ်နော် အစ်ကိုကြီး"

အစ်ကိုကြီးဟု ခပ်ညုညုလေး ခေါ်ပစ်လိုက်မိတော့သည်။

"ရပါတယ် မင်းသဘောပဲ နောက်ကားပဲငှားတော့"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ရှင်"

သူမ ကပျာကယာနှင့် နောက်တစ်စီး တားရတော့သည်။

"တက္ကစီ"

"တက္ကစီ"

တက္ကစီကားတွေက ခေါင်းခါပြတဲ့ကားတွေပဲ ဖြစ်နေသည်။





အလွယ်တကူ ငှားမရ။ ဘယ်လိုလုပ်ရမှာလဲ။ သေချင်တာပဲ။

နာရီကို ကြည့်လိုက်တော့ ရုံးချိန်နောက်ကျနေပြီဖြစ်သည်။

ကိုလမင်းထိန် ရောက်နေပြီ။ နေ့စဉ် ... အစောကြီး ရောက်တတ်တဲ့ လူတစ်ယောက်ပဲဖြစ်နေသည်။

ပြာပြာ နာမည်ပျက်မရှိအောင် အလုပ်ကြိုးစားနေပါတယ်ဆိုမှ ... ဘယ်လိုလုပ်ရမှာလဲ။ အငှားကားနားဆီ သူမပြန်ရောက်လာတော့သည်။ ဘီးလဲ၍ ပြီးသွား၏။

"ရှေ့ ... နောက်ထပ်ကားခတစ်ဝက်၊ ကျွန်မကို လိုက်ပို့ပေးပါတော့နော် အစ်ကိုကြီး"

"တက်"

တော်သေးသည်။ ကားသမားက သဘောကောင်းတဲ့လူ ဖြစ်နေသည်။ ရှောရှောရှူရှူပင် ပို့ပေးခဲ့၏။

"ကောင်မလေး"

"ရှင်"

"ဟိုလူနဲ့မင်း ဘာဖြစ်လာတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ ကျွန်မ သူ့ကားမစီးချင်တော့လို့ပါ"

"မင်းကိုကြည့်ရတာ ရိုးသားဖြူစင်ပုံပဲ၊ ဘာလဲ ... ဟိုလူက လိမ်ညာပြီး မင်းကိုခေါ်လာတာ မဟုတ်လား"

စပ်စုလိုက်တာ။

ပြာပြာ မပြောချင်တော့သဖြင့် ငြိမ်သက်နေမိတော့သည်။

"မင်းကချောချောလေး ... အင်းလေ ချစ်ခင်နှစ်သက်တဲ့သူတွေများမှာပဲ၊ မင်းကိုသတိပေးချင်တာက တချို့ပိုက်ဆံချမ်းသာတဲ့ယောကျ်ားတွေက မိန်းမတွေကို ဖျက်ဆီးချင်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး"

"ဟင်"

"ကျွန်မ ရုံးနောက်ကျနေလို့ပါ၊ အလုပ်တွေကလည်း အရေးကြီးနေတယ်၊ ဟို ... ကျေးဇူးပြုပြီး ကားကိုအမြန်မောင်းပေးပါနော်"

သူမ အရင်ကလို ဘုဘောက်ပြောတတ်တဲ့အကျင့်တွေ ပျောက်သွားသည်။

ယဉ်ကျေးပျူငှာစွာဖြင့် ပြောဆိုနှုတ်ဆက်တတ်နေ၏။

ကိုလမင်းထိန် ကျေးဇူးပဲ။ ကားသမားက ကားကိုအရှိန်မြှင့်ပြီး သွားနေသည်။ နောက်တော့ကျနေပြီ။

ကိုလမင်းထိန်ကတော့ တစ်မျိုးတစ်မည် ထင်တော့မှာပဲနော်။ ကားက ရုံးခန်းနားမှာ ရပ်သွားတော့သည်။ သူမက ကားပေါ်မှ ကပျာကယာ ဆင်းပြီး ရုံးခန်းထဲ ဝင်လာခဲ့မိသည်။

ကိုလမင်းထိန် ထိုင်နေ၏။

သူမကို မကြည့်။

အလုပ်ကို အလေးအနက်ထားတတ်ပြီး တိကျလွန်းသော ကိုလမင်းထိန်သည် သူမအား ဘာမှမပြောဘဲ ကြော်ငြာတွေကိုသာ ကြည့်နေသည်။

ဘုရားရေ ...

ကျွန်မကို ဘာလို့စကားမပြောတာလဲ။ အလုပ်ထုတ်တော့မှာလား။

သူမ ဆရာကျေနပ်စေရန် သူမ ညကကြိုးစားပြီး ဒီဇိုင်းထုတ်ထားသော ကြော်ငြာကိုပြဖို့ စိတ်ကူးမိသွားသည်။

"ဟင်"

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ကြော်ငြာဒီဇိုင်းတွေ ထည့်ထားသောဖိုင်တွဲက ကိုဗလကားပေါ်မှာ ကျန်နေကြောင်း သိလိုက်ရ၏။

သွားပြီ ...

ကိုဗလရော သိပါ့မလား။ သူမ အလောတကြီးနှင့်အငှားကားနှင့်ပြန်လာခဲ့တာ ဖိုင်တွဲကို မေ့ကျန်ခဲ့သည်။

"ပြာပြာ"

"ရှင်"

"ကြော်ငြာတွေရော"

မေ့ကျန်ခဲ့ပြီဟုပြောလိုက်ရမှာ အတော်လေး ဝန်လေးနေမိသည်။ ရှင့်မျက်ဝန်းတွေ၊ ကျွန်မကို အထင်သေးလွန်းနေတဲ့ ရှင့်အကြည့်တွေ ကျွန်မ ဘယ်လိုရင်ဆိုင်ရမလဲ။

သူ့မျက်ဝန်းအကြည့်တွေက တင်းမာခက်ထန်သွားသည်။

"မင်းဘာတွေကြောင်နေတာလဲ မိုးတိမ်ပြာ၊ ငါမေးနေတယ်လေ"

"ဟို ... ဟို ... ဖိုင်တွဲက ကိုဗလ ကားပေါ်မှာကျန်ခဲ့ပြီ ဆရာ"

"ဘာ"

သူ့အသံတွေက ဒေါသကြီး ကျယ်ကျယ်လောင်လောင်ပင် ထွက်ပေါ်လာရသည်။

"မင်းတော်တော်အသုံးမကျတဲ့ ကောင်မလေးပဲ၊ ပေါ့လျော့တယ်၊ လုံးဝ အသုံးမကျဘူး၊ ဒီဖိုင်တွေဟာ ဘယ်လောက်အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မင်းသိထားဖို့ကောင်းတယ်ပြာပြာ"

"ကျွန်မသိပါတယ်၊ တောင်းပန်ပါတယ်ဆရာ ... ဟို ... ဟို ... ကျွန်မ အခုပဲ သူ့ဟမ်းဖုန်းကိုဆက်ပြီး တောင်းလိုက်ပါ့မယ် ဆရာ"

ပြာပြာ ... မင်းနဲ့ဗလက ဒီလောက်တောင်ပဲ ရင်းနှီးသွားပြီလား။ မနက်က ...

စားသောက်ဆိုင်မှာ တွေ့ခဲ့သည်။ ဒီကောင်မလေး ဘမောင်ကားနဲ့ဘာဖြစ်လို့ မလာရတာလဲ။

ဗလနဲ့ချစ်သူတွေဖြစ်သွားကြပြီ ထင်သည်။

ဒေါသတွေ ဖြစ်နေရ၏။

ကောင်မလေးကိုပဲ ဒေါသတွေပေါက်ကွဲပြီး အပြစ်တင်လို့ မဆုံးအောင်ဖြစ်နေရသည်။

ဖွဲ ဖွဲ ဖွဲ





အခန်း ( ၁၂ )

"ကိုထိန်"

"ဟင်"

"ပြာပြာ့မှာ လုံးဝ အပြစ်မရှိပါဘူးကွာ"

ဗလက ဖိုင်တွေလာပို့ပြီး သူနှင့်အပြင်ထွက်လာခဲ့ကြသည်။

"ကိုယ်က ဖွတ်အတင်း သွားခေါ်လာခဲ့တာပါ"

မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်ပဲ အညှာလွယ်ရလားဟု သူတွေးနေမိသည်။

အင်းလေ ... ဗလက ချမ်းသာတာပဲ။

ဒီကောင်မလေးက လိုက်လျောမှာပေါ့။

"ကိုဘမောင်က နေမကောင်းဘူးလေ"

ကိုဘမောင် နေမကောင်းဖြစ်တာကို သူလုံးဝမသိပေ။

"ကိုယ်က သွားကြိုတာပါ၊ စားသောက်ဆိုင်လည်း ကိုယ်အတင်းခေါ်လာတာပါ"

ဘာပဲပြောပြော ... မိန်းကလေးဘက်က ငြင်းဆန်သင့်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်မိသည်။

အလကား ကောင်မလေး ...

ပေါ့ပျက်ပျက်နဲ့ ... ကြော်ငြာဖိုင်ကြီး မေ့ကျန်ရလောက်အောင်ဖြစ်ရလား။

"ပြာပြာ့ကို ချစ်ခွင့်တောင်းလိုက်တယ် ကိုထိန်"

"ဟင်"

ကောင်မလေး ဘယ်လိုတုန့်ပြန်လဲဆိုတာ သူသိချင်သွားရသည်။ ငြင်းလိုက်လား ... လက်ခံလိုက်လား။

"ပြာပြာက ဘယ်လိုတုန့်ပြန်မယ်လို့ မင်းထင်လဲ ကိုထိန်"

"ကိုယ်မသိဘူး ... အဲဒါ မောင်ရင်နဲ့ပြာပြာကိစ္စပဲ၊ ကိုယ်ကတော့ ပေါ့ပျက်ပျက်နိုင်တာပဲ စိတ်ကုန်တာ ဗလ"

လက်ခံလိုက်တယ်ဆိုတဲ့ စကားတွေကို သူလုံးဝ မကြားချင်တာတော့ အမှန်ပဲဖြစ်သည်။ စိတ်တွေ လှုပ်ရှားနေ၏။

ဒေါသတွေက ပေါက်ကွဲချင်နေသည်။ ဗလက တစ်မျိုးထင်သွားမှာစိုး၍ စိတ်တွေကို ထိန်းချုပ်ထားရသည်။

"ပြာပြာက ငြင်းလိုက်တယ်"

"ဟင်"

"ပြတ်ပြတ်သားသားကို ငြင်းပစ်လိုက်တာပဲ"

ရင်ထဲမှာ မွန်းကျပ်ဆို့ပိတ်နေတဲ့ အလုံးကြီးက ပြုတ်ကျသွားသည်။

"ကိုယ့်ကို နောက်ထပ်မနှောင့်ယှက်ဖို့လည်း တောင်းပန်တယ်"





"မှုယာမာယာများတာလည်း ဖြစ်နိုင်တာပဲဗလ၊ မင်းဘက်က အားမလျှော့ပါနဲ့ဦး"

"မဟုတ်ဘူးကွ၊ သူတကယ်ငြင်းတာ၊ အလုပ်တာဝန်တွေကလွဲပြီး ဘာမှစိတ်မဝင်စားဘူးတဲ့"

ဗလက လူတော်လူကောင်းတစ်ယောက်ဖြစ်တဲ့ အပြင်အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးတစ်ယောက်လည်းဖြစ်သည်။

ပြာပြာ ရွေးချယ်သင့်တယ်။ စိတ်ထဲကသိနေသည်။

တကယ်တမ်း ... လက်တွေ့ကျတော့ သူ့စိတ်ထဲမှာ မလိုလားမိ။ ကောင်မလေးဘက်က ငြင်းဆန်လိုက်တာကို သဘောကျမိသည်။

"ကိုထိန်"

"ဟင်"

"မောင်ရင့်ကို ကိုယ်တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဘာလဲ ဗလ"

"ကိုယ့်အကြောင်းတွေကို ပြာပြာသိအောင် ထောက်ခံပြောစေချင်တာပါ"

သူ ... ဝန်လေးနေမိသည်။ ကူညီသင့်သည်ဟုတော့ ထင်မိ၏။ ဗလက လူတော်တစ်ယောက်ပဲ။ ပြာပြာ့ကိုလည်း နှစ်နှစ်ကာကာ ချစ်ကြောင်း သိထားသည်။

"ကိုယ် တကယ်ပဲ မြတ်နိုးမိတာပါ ကိုထိန်ရာ ... ပြာပြာ့ကို ကိုယ်အရမ်းချစ်တယ် ပိုင်ဆိုင်ချင်တယ်"

"မင်းကြိုးစားရင် ဖြစ်လာနိုင်စရာရှိတာပဲဗလ ... ဒီကောင်မလေးကျမှ မောင်ရင် အဖြစ်သည်းနေလိုက်တာ၊ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ... ရယ်မိသည်။ ခြောက်ကပ်နေ၏။ စိတ်ထဲမှာ အသက်မပါကြောင်း သူ့ကိုယ်သူ သိနေသည်။

ဗလသည် မိန်းမချောလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကောင်ပဲ။ စီးပွားရေးကလွဲပြီး ဘာကိုမှ စိတ်ဝင်စားတတ်တာမဟုတ်။

"ဘယ်လိုဖြစ်တာလဲကွာ"

"ဘယ်လိုဖြစ်မှန်းကို မသိတာဘဲကိုထိန်ရာ၊ ကိုယ်ပြာပြာနဲ့တွေ့မှ အချစ်ဆိုတာကို ခံစားမိလာတယ်"

"အန်တီညိုက ပြာပြာနဲ့မင်းကို သဘောတူမှာမဟုတ်ဘူးနော်ဗလ"

"ကိုယ်သိပါတယ်၊ ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်ပါစေ ပြာပြာ့ကို ကိုယ်လက်ထပ်ဖို့ သတ္တိတွေ အပြည့်အဝရှိတယ်"

"ကိုယ်က ... "

"မင်းတိုက်တွန်းပေးဖို့ပဲ ပြာပြာ့ကို စိတ်ချမ်းသာအောင် ကိုယ်ထားမှာပါ ... ကိုယ်ပိုင်ငွေကြေး အရင်းအနှီးတွေလည်းရှိပါတယ်၊ မင်းအသိဆုံးပဲကိုထိန် ... ကိုယ့်အဘိုးအဘွားတွေ အမွေအားလုံး ကိုယ်တစ်ယောက်တည်းရတာ"

ဗလရဲ့ အဘိုးအဘွားတွေကလည်း ဗလအား အမွေတွေပေးခဲ့သည်။

"ပြာပြာ့ဘဝတစ်သက်လုံး ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ထားမှာပါ"

ဗလကို သူငေးမောကြည့်မိသွားတော့သည်။ မင်းအဖြစ်သည်းနေတာလား ... ပြာပြာ့ကို အရူးအမူးချစ်နေကြောင်း သူသတိထားမိနေသည်။

"မင်းကူညီပါ၊ ယွန်းကိုလည်း အကူအညီတောင်းရမယ်





ကိုထိန်"

ယွန်း ... ဗလတောင်းတဲ့ အကူအညီကို အပြည့်အဝပေးမှာသေချာသည်။

သူ ...

ဘာတွေဖြစ်နေရတာလဲ။ ရင်ထဲမှာ ... ဗလောင်ဆူပွက်နေသည်။ မျက်နှာပျက်မသွားအောင် အတော်လေး ထိန်းနေရသည်။

"ကိုယ့်ကို ပြာပြာက မယုံကြည်မှာ ကိုယ်အရမ်းစိုးရိမ်နေတယ်၊ မင်းကသာ ထောက်ခံပေးလိုက်ရင် ပြာပြာက လက်ခံမယ်လို့ ကိုယ်ယုံကြည်နေတယ်လေ"

ဗလကတော့ ပြာပြာ့အပေါ် အတော်လေးကြွေနေပုံရသည်။

ကိုယ် ယုံတယ်ဗလ။ မင်းကို ပြာပြာ ရွေးချယ်သင့်ပါတယ်။

အဲဒါကို ... ကိုယ်က ပြာပြာယုံကြည်လာအောင် ထောက်ခံပေးရမှာ မဟုတ်လား။

"ကိုထိန်"

"ဟင်"

"ကူညီပါကွာ ... မောင်ရင်က မိန်းမတွေကို လုံးဝစိတ်မဝင်စားဘဲ အရောတဝင်တောင် မနေတာ ကိုယ်သိပါတယ်၊ ဒါပေမဲ့ ပြာပြာက မောင်ရင့်တပည့်မ ဖြစ်နေတယ်၊ မောင်ရင် ထောက်ခံချက်ပေးရင် ပြာပြာ ကိုယ့်အပေါ် ယုံကြည်မယ်လို့ထင်တယ်"

သူ ... အခက်တွေ့သွားရသည်။ ကူညီသင့်တဲ့ကိစ္စတစ်ခု ဖြစ်နေမှန်းသိလျက်နှင့် တွန့်ဆုတ်နေမိ၏။

"ဒီတစ်ခါပဲ ကူညီပါ ကိုထိန်ရာ၊ ပြာပြာ့ယုံကြည်မှုတွေ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရချင်တယ်၊ ကိုယ့်ကို အားကိုးစေချင်တယ်"

မလွဲမရှောင်သာတော့တဲ့ အခြေအနေတစ်ခုဖြစ်နေရသည်။

"ကောင်းပြီလေ ... ကိုယ်အတတ်နိုင်ဆုံးတော့ အကူအညီပေးပါ့မယ်"

"ကျေးဇူးပဲ ကိုထိန်ရာ၊ ကိုယ်ကတော့ ပြာပြာ့ကိုပဲ ပိုင်ဆိုင်ဖို့ အစွမ်းကုန် ကြိုးစားမှာပဲ"

ကိုယ်လည်း အတတ်နိုင်ဆုံး ကူညီပါ့မယ်ဆိုတဲ့စကားတွေ ထပ်ပြောဖို့ ကိုယ်ဝန်လေးတွန့်ဆုတ်နေမိသည်။

ဗလ ပြန်သွား၏။

သူတစ်ယောက်တည်း စားသောက်ဆိုင်မှာဆက်ပြီး ထိုင်နေခဲ့မိသည်။

ပြာပြာ ... မင်းကို ငါဘာဖြစ်လို့ သတိရနေတာလဲ။

မေ့ပျောက်လို့မရဘူး။

ငါ့မျက်လုံးတွေထဲမှာ ငါ့ရဲ့အတွေးအာရုံတွေထဲမှာ မင်းပဲရှိနေတယ်။ ပြာပြာဆိုတဲ့ ကောင်မလေးကို သူချစ်မိနေပြီလား။

မဖြစ်နိုင်ဘူး။

လုံးဝ မဖြစ်နိုင်ဘူး။

ဘယ်မိန်းမကိုမှ ငါ မချစ်ဘူး။

အတော်အကြာကြီး ထိုင်နေပြီးမှ သူထွက်လာခဲ့မိသည်။

❦❦❦





အခန်း ( ၁၃ )

"ပြာပြာ"

"ရှင် ... မမကြီး"

"မနေ့က လူက ... "

မမကြီးက မေးနေသည်။ မနေ့ကအကြောင်းတွေပြောပြဖို့ တောင် ဝန်လေးနေမိ၏။

တစ်နေ့ကုန် ... ရှုပ်ထွေးကြမ်းမောင်းခံရသည်။

ကိုလမင်းထိန်ရဲ့ အထင်သေးမှုတွေကို ခံယူခဲ့ရ၏။ သူမ ဘယ်လိုရှင်းပြရမလဲ။

"ပြာပြာရယ် ... မမကတော့ ညီမလေး အမှားအယွင်းတစ်ခုဖြစ်သွားမှာကို အစိုးရိမ်ဆုံးပဲ ဖြစ်နေတယ်"

မိုးဝေခင်ကတော့ ညီမလေး ဘဝပျက်စီးသွားမှာ စိုးရိမ်မိသည်။

တားဆီးသင့်တာတွေ အတတ်နိုင်ဆုံး တားဆီးရမည်သာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြာပြာ့အတွက် မမကြီးဘာမှ စိတ်မပူပါနဲ့နော်၊ အခု အလုပ်တွေကို ပြာပြာ ကြိုးစားနေပါတယ်"

"ကိုလမင်းထိန်ကိုတော့ မမစိတ်ချတယ်၊ ရိုးသားတည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ပဲ ပြာပြာ၊ ငွေကြေးချမ်းသာတိုင်းလည်း အားကိုးလောက်တဲ့ယောကျ်ားတစ်ယောက်လို့ မထင်နဲ့နော် ပြာပြာ"

"ပြာပြာ သိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ပြာပြာထိန်းနိုင်ပါတယ် မမကြီး"

"အေးကွယ် ... မမကြီးကတော့ ပြာပြာ့ကို တိုးတက်မြင့်မား တဲ့ဘဝလေးပဲ ပိုင်ဆိုင်စေချင်တယ်"

"မမကြီး စေတနာကို ပြာပြာ နားလည်ပါတယ်"

"ပြာပြာ"

"ရှင်"

"ညီမလေး ချမ်းသာဖို့ မလိုဘူးနော်"

မိုးဝေခင်ကတော့ ညီမလေးချမ်းသာတာကိုမက်ပြီး အမှားအယွင်းတစ်ခုခုဖြစ်သွားမှာပဲ စိတ်ပူမိ၏။

"ညီမလေးကို မမယုံပါတယ်"

ပြာပြာ အိပ်ရာထဲ ဝင်လာခဲ့သည်။ အစောကြီးအိပ်စက်ဖို့ သူမ ကြိုးစားနေမိ၏။ အိပ်ငိုက်လို့ မဖြစ်ဘူး။

သူမ အတွေးထဲမှာ ကိုဗလထက် ကိုလမင်းထိန်အကြောင်းပဲ တွေးနေမိသည်။ မိန်းမတွေကို အထင်သေးနေတာပဲ။ ဘာဆိုင်လဲ ... မျက်နှာကြီးက တင်းနေတာပဲ။ ဒေါသတွေ အလကားရတိုင်းကြီးနေတော့သည်။ မုန်းစရာကြီး ... ပြာပြာကလည်း ပြာပြာပဲ





နေရာတကာ ပေါ့ပျက်ပျက်နှင့် အမှားအယွင်းတွေချည်းပဲ ဖြစ်နေသည်။

"အဟီး"

တစ်ယောက်တည်းကျိတ်ပြီး ရယ်မောပစ်လိုက်မိသည်။

တကယ်ပါပဲ ... စိတ်လည်းညစ်ရ ... ရယ်လည်းရယ်စရာကြီး ဖြစ်နေသည်။

ဗီဇကြောင်တဲ့ လူကြီးနှင့်ကျမှ ပြဿနာတွေက ဖြစ်နေရ၏။

ကိုဗလနဲ့ တခြားစီပဲ။ ရှင် ... ဘာတွေဖြစ်နေတာလဲ။

အရာရာကို ဒေါသတကြီး. ရင်ဆိုင်နေတော့မှာလား။

မိခင် စွန့်ပစ်ခြင်းခံရလို့ မိန်းမတွေကို စိတ်နာနေတာတဲ့။

ဘာဆိုင်လဲ ... မဆီမဆိုင်။ ပြာပြာ အိပ်လို့မရပေ။ မျက်လုံးတွေကြောင်နေသည်။ အိပ်ရေးပျက်လျှင် ငိုက်နေမှာလည်း ကြောက်နေရသေး၏။

ကိုလမင်းထိန် ... ရှင့်ကြောင့်သိလား ... ကျွန်မ အိပ်လို့မရအောင် ရှင့်အကြောင်းတွေပဲ တွေးနေမိတယ်။

ဒုက္ခပါပဲ။ အိပ်လို့လည်းမရဘူး။ ဘယ်လိုလုပ်ရမလဲ။

ရှင့်အကြောင်းပဲ ကျွန်မ တွေးနေမိတယ် ကိုလမင်းထိန်

မမယွန်းကတော့ ပြောတယ်။ ရှင်က မိန်းမတွေကို စိတ်ဝင်စားဘူးတဲ့လေ။ ဟုတ်မယ် ... နေနိုင်တယ်။

မိန်းကလေးတွေကို အလုပ်သဘောအရပဲ ပတ်သက်ဆက်ဆံခဲ့သည်။ ရှင့်မျက်နှာကြီးက တင်းနေတာပဲ။ ညဥ့်နက်မှ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မနက်အစောကြီး နှိုးစက်ပေးထား၍ သူမ နိုးလာ၏။

အိပ်ရေးက မဝ။ အမှားအယွင်းတွေ ထပ်မဖြစ်အောင်တော့ ကြိုးစားရမယ်။ ရှင့်အထင်မှားမှုတွေကိုတော့ ကျွန်မ ရင်မဆိုင်ချင်တာ အမှန်ပါပဲ။ ပြာပြာ ပြင်ဆင်ပြီး ရုံးသွားဖို့ အဆင်သင့်ဖြစ်နေသည်။

"ပြာပြာ ... ယူစရာရှိတဲ့ပစ္စည်းတွေ ပါအောင်ယူဦးနော်၊ မေ့ကျန်ခဲ့မယ်"

"ဟုတ် ... "

ကိုဘမောင် လာကြိုသဖြင့် စိတ်ထဲမှာ အမောသက်သာသွားသည်။

"ကိုဘမောင် ... နေမကောင်းဘူးဆို"

"ဟုတ်တယ် ပြာပြာ ... မောင်ဗလ ကြိုတယ်မဟုတ်လား"

"အင်း"

"ပြာပြာ"

"ရှင်"

"မောင်ဗလကို ရွေးချယ်ရင် မမှားဘူးနော်"

"ဟာ ... ဦးဘမောင်ကြီးကလည်း ကျွန်မက ချစ်ရေးချစ်ရာတွေကို စိတ်မဝင်စားပါဘူး၊ အလုပ်တွေတောင် ခုထိစနစ်တကျ မလုပ်နိုင်သေးဘူး၊ ပြာပြာ့အကြောင်း သိသွားရင် သူအထင်သေးမှာပါ"

"မောင်ဗလက လူတော်လူကောင်းတစ်ယောက်ပဲပြာပြာ၊ မင်းကို တကယ်ချစ်တာလို့ ကိုဘမောင်ထင်တယ်"





"ပြာပြာ ဘယ်ယောက်ျားကိုမှ စိတ်မဝင်စားပါဘူး၊ အလုပ်ပဲ တာဝန်ကျေအောင် ကြိုးစားချင်တယ်"

ရှင့်ကြောင့်ပါ ... ကျွန်မကို အထင်သေးမှာ အပြစ်တင်မှာ အရမ်းကြောက်တာပဲ။

"ပြာပြာလေ ထူးချွန်ထက်မြက်တဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်ချင်တယ်"

ကျွန်မ ... ကြိုးစားနေတယ်။ ရှင် ကျေနပ်အောင်ပါ။

ရုံးခန်း ရောက်လာသည်။ ကိုလမင်းထိန်သည် ထူးဆန်းစွာ မရောက်သေးဘဲ ဖြစ်နေ၏။

သူ ... စောစောရောက်နေကျပါ။

မမယွန်း ဝင်လာသည်။

"မင်းဆရာ မရောက်သေးဘူးလား ပြာပြာ"

"ထူးဆန်းတယ်နော် ... မမယွန်း၊ ဒီနေ့ ရုံးချိန်တွေ ဘာတွေ နောက်ကျနေပါလား"

ပြာပြာ စောစောရောက်နေမိ၍ ပြာပြာ ဂုဏ်ယူဝမ်းမြောက်နေမိသည်။

"ပြာပြာကတော့ အရမ်းကို အလုပ်တွေကြိုးစားနေတာပါလား"

"ဟိုလူကြီး အဆူအပူ အကြိမ်းအမောင်း မခံရအောင်လေ မမ"

ပြာပြာနှင့်ကိုလမင်းထိန်တို့ နီးစပ်မှုမရှိသေးကြောင်း သိသာသည်။ ဗလက နှစ်သက်မြတ်နိုးနေ၏။

ကိုထိန်၊ ဗလနှင့်ယွန်းတို့က ကျောင်းနေဖက် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်ကြသည်။

"မမယွန်းကတော့ ပြာပြာလေးကြိုးစားနေတာ တွေ့တော့ ဝမ်းသာပါတယ်ကွယ် ကြိုးစားနော်"

"ပြာပြာကမှ မှတ်ဉာဏ်မကောင်းတော့ အတော်လေး ကြိုးစားနေရတယ်"

"အဟက် ... တစ်နေ့တော့ အောင်မြင်မှာပါ ပြာပြာ"

ကိုထိန့်အား ဘာမဟုတ်တဲ့ ပြာပြာ့လို မိန်းကလေးတစ်ယောက်နှင့် နီးစပ်စေချင်မိသည်။

ရှင်နဲ့ထိုက်တန်တာလေ ...

ကိုဗလက သူမအား ပြာပြာနှင့်နီးစပ်မှုရှိစေရန် တိုက်တွန်းပေးဖို့ ပြောထားသည်။

ယွန်းက ကိုထိန်နှင့်ပဲ နီးစပ်စေချင်မိ၏။

အန်ကယ်သီဟကတော့ ပြာပြာလို မိန်းကလေးမျိုးနဲ့သူ့သားကို ဘယ်တော့မှ သဘောတူမှာမဟုတ်မှန်း သိနေသည်။

"ကိုထိန်က ပြာပြာ့ကိုတော့ သည်းခံနိုင်တာပဲနော်"

"ဟုတ်တယ်နော် မမ"

"သူ စိတ်ဝင်စားတာက ပြာပြာပဲ"

"ဟင်"

"တကယ်ပြောတာပါ ... သူ့အနားမှာ ဘယ်မိန်းကလေးမှ မနေချင်ကြဘူး၊ လူ့ဝစာကြီး ဖြစ်နေလို့လေ"

ယွန်း တမင်တကာ ပြောပစ်လိုက်မိတော့သည်။

"ညီမလေးကိုပဲ သည်းခံတာ၊ တခြားကောင်မလေးတွေဆို မျက်ရည်နဲ့မျက်ခွက်ပဲ ပြာပြာရေ သိလား"

မမယွန်းကပြောပြီး ပြန်ထွက်သွားတော့သည်။

"ပြာပြာ့ကိုပဲ သည်းခံတာ"

မမယွန်းစကားတွေကို ပြာပြာ ကြားယောင်လာမိသည်။

ရှင်က ကျွန်မကိုကျမှ သည်းခံနေတာလား။ ရုံးချိန် အတော်လေး နောက်ကျတဲ့အထိ မလာသေးပေ။

ဘာများဖြစ်နေလို့လဲ။ ပြာပြာ စိတ်ပူနေမိသည်။ ဖုန်းဆက်ကြည့်ရင် ကောင်းမလား။ သူမ အပြင်ပြန်ထွက်လာပြီး မမယွန်းအား ဖုန်းဆက်ကြည့်ရင် ကောင်းမလားဟု ပြောနေမိသည်။

"ဟုတ်တော့ ဟုတ်တယ်ပြာပြာ၊ သူ တစ်ခါမှ ဒီလိုနောက်မကျဖူးပါဘူး"

"ဆရာ့ဆီ မမ ဖုန်းဆက်ကြည့်ပါလား မမ"

ဆရာရယ် ... ပြာပြာ စိတ်ပူလိုက်တာ၊ အိမ်မှာရှိရဲ့လား။

ဆရာ့အတွက် ပူပင်သောကတွေ ကြီးစွာဖြစ်ပေါ်နေမိသည်။

"မမယွန်း ... မဆက်ချင်ပါဘူး၊ ပြာပြာပဲဆက်လေ၊ ရှင်က သူ့အတွင်းရေးမှူးမလေးပဲ"

ပြာပြာနှင့် နီးစပ်မှုရှိအောင် တမင်ဆက်ခိုင်းခြင်းဖြစ်သည်။ ကိုထိန် ရုံးချိန်နောက်မကျဘူးတာတော့ အမှန်ပဲဖြစ်သည်။ ပြာပြာ့လို ခပ်ညံ့ညံ့ ကောင်မလေးတစ်ယောက်နဲ့ ရှင်လက်ထပ်စေရမယ်။

ယွန်းဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးကို ရှင်သိလာမှာပါ။

"ပြာပြာ"

"ရှင်"

"ဆက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်တယ်"

"ဘာကြောက်စရာရှိလဲ၊ အကျိုးအကြောင်းသိချင်လို့ ဆက်တာပဲဟာ၊ တော်ကြာ ... လမ်းမှာ တစ်ခုခုဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

လမ်းမှာ တစ်ခုခုဖြစ်နေလျှင် ပြာပြာ တာဝန်မဲ့ရာရောက်မည်။ ပြာပြာ ဆက်မေးကြည့်သင့်တယ်။ ကိုလမင်းထိန်ရဲ့ ဟမ်းဖုန်းကို သူမ ဆက်လာသည်။

"တူ ... တူ"

"တူ ... တူ"

"တူ ... တူ"

တော်တော်နှင့်မကိုင်သဖြင့် စိတ်ကပိုပြီး ပူသွားမိသည်။ ပြာပြာ ထပ်နှိပ်၏။

"တူ ... တူ"

"တူ"

ဖုန်းကိုဖွင့်ပြီး မြည်သံကြောင့် သူလန့်နိုးသွားသည်။

"တူ ... တူ"

"တူ"

ဖုန်းကိုဖွင့်ပြီး အိပ်ချင်စိတ်တွေကို ဖျောက်ပြီး နားထောင်လိုက်မိသည်။

"ဟဲလို ... အမိန့်ရှိပါ၊ ကျွန်တော် လမင်းထိန်ပါ"

အိပ်ချင်မူးတူးအသံတွေကို ဖျောက်ဖျက်ပစ်၍မရ၊ တစ်ဖက်မှ ... ချိုအီနေတဲ့မိန်းကလေးတစ်ယောက်အသံက တိုးဝင်လာ





သည်။

"ဆရာ ... ပြာပြာပါ၊ အိပ်နေတုန်းပဲလားဟင်"

"ဟင်"

သူ ... တုန်လှုပ်သွားရသည်။ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ အတော်နေမြင့်နေပြီ။

"ပြာပြာ ... မင်း"

"ဟုတ်တယ် ဆရာ၊ အလုပ်ကနေ ထူးထူးဆန်းဆန်း နောက်ကျနေလို့ ကျွန်မ စိတ်ပူပြီး ဖုန်းဆက်တာပါ"

ဒုက္ခပါပဲ ...

သူ အတော်နောက်ကျနေပြီပဲ။

"ကိုယ် ညက ညစ်ခံပွဲတစ်ခု သွားရလို့ တော်တော်အိပ်ရာဝင် နောက်ကျသွားတယ် ပြာပြာ၊ ကိုယ့်ကိုနိုးလိုက်သလို ဖြစ်သွားတယ်၊ ကျေးဇူးပဲနော် ... ကိုယ် အခုပဲရောက်လာတော့မှာပါ"

"အားနာလိုက်တာဆရာရယ် ... ပြာပြာက လမ်းမှာများ အက်ဆီးဒင့်တစ်ခုခု ဖြစ်လားလို့ စိတ်ပူနေတာပါ"

"ပြာပြာ"

"ရှင်"

"မင်းလုပ်စရာရှိတာတွေ ဆက်လုပ်နေပါ၊ မမှားစေနဲ့နော်၊ ကိုယ် နောက်ကျသွားတာ မင်းကိုပြန်တောင်းပန်ရမလို ဖြစ်နေပြီ၊ မောနင်းတောင် ကျော်သွားတယ်"

သူ ဖုန်းချသွားသည်။

"အား"

လမင်းထိန် စိတ်တွေ အလှုပ်ရှားကြီးလှုပ်ရှားပြီးကျန်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ရင်ထဲမှာ တစ်မျိုးကြီးပဲ။ ညက ... အိပ်ရာဝင်တာ ညဉ့်အတော်နက်သွားပြီ ဖြစ်သည်။ ဗလပြောတဲ့စကားတွေကို သူချောက်ချားစွာ ကြားယောင်နေမိခဲ့၏။

ကိုယ် လူကောင်းတစ်ယောက်ဖြစ်ကြောင်း မင်းထောက်ခံပေးပါတဲ့။ အတွေးတွေ ရှုပ်ထွေးနေခဲ့သည်။ ကိုယ် စဉ်းစားသမျှအားလုံး မင်းအကြောင်းတွေပဲဖြစ်နေတယ် ပြာပြာ။

ဘယ်လိုမှ ဖျောက်ဖျက်ပစ်လို့မရအောင် ဖြစ်နေတယ်။ မတွေးချင်ပါဘူး။ ကိုယ့်ဘဝတစ်လျှောက် ဘယ်မိန်းမအကြောင်းမှ မစဉ်းစားခဲ့မိဘူး။

အချစ်ဆိုတာ ဝေလာဝေးပဲ။ အခု ...

ပြာပြာဆိုတဲ့ကောင်မလေးကြောင့် သူ့စိတ်တွေ တည်ငြိမ်မှုကင်းမဲ့နေသည်။ ပူလောင်နေ၏။ ဘာတစ်ခုမှ ဆုံးဖြတ်ချက်ချလို့မရအောင်ဘဲ တုန်လှုပ်ချောက်ချားနေမိသည်။

ပြာပြာ့အကြောင်းတွေ စဉ်းစားရင်း ညဉ့်နက်တဲ့အထိ အိပ်မပျော်ဘဲဖြစ်ရ၏။

သူ ... ထလိုက်သည်။

ရေချိုးခန်းထဲဝင်ပြီး ရေကို တဝကြီးချိုးပစ်လိုက်၏။

သူ့လုပ်ငန်းလုပ်တဲ့ အချိန်ကာလတွင် ရုံးချိန်ကိုနောက်ကျမှ ရောက်တာ ပထမဆုံးအကြိမ် ဖြစ်နေသည်။

အဲဒါ ... ပြာပြာကြောင့် ...

သူ အပြင်ထွက်လာတော့ ဒက်ဒီက မျက်လုံးပြူးကြီးတွေနှင့် အံ့သြစွာ ကြည့်သည်။





"သား ... မင်း အခုမှ ရုံးသွားမှာလား၊ ဒက်ဒီက အစောကြီးကတည်းက သွားပြီထင်တာ"

"ညက အိပ်ရာဝင်တာ နောက်ကျသွားလို့ပါ ဒက်ဒီ"

"သားတစ်ခါမှ ဒီလိုမဖြစ်ပါဘူး၊ မင်းနေမှကောင်းရဲ့လားသားရယ်"

"ကောင်းပါတယ် ဒက်ဒီ၊ သားသွားတော့မယ်နော်"

သူက ရုံးကို အစောကြီးသွားတတ်သလို ဒက်ဒီကလည်း အစောကြီး လမ်းလျှောက်ထွက်တတ်လေ့ရှိသည်။

သားအဖနှစ်ယောက် ယခုကဲ့သို့ မဆုံဖြစ်ခဲ့ကြပေ။

တခြား ဘယ်သူတွေများ သူရုံးနောက်ကျတာ အံ့သြထူးဆန်းကြဦးမလဲ။

သူ စတင်ရင်ဆိုင်ရမှာက ပြာပြာရဲ့ မျက်ဝန်းဝိုင်းဝိုင်းလေးပဲဆိုတာ သူတွေးမိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

"ပြာပြာ"

"ရှင်"

"ကြော်ငြာကိစ္စတွေ"

"အားလုံး စီစဉ်ပြီးပါပြီ ဆရာ၊ ဒီမနက်တော့ ဖုန်းမလာသေးပါဘူး"

သူ ... ကြော်ငြာတွေကို စစ်ဆေးသည်။ တိကျနေ၏။

ပြာပြာ တိုးတက်လာသားပဲ။

"ပြာပြာ အတတ်နိုင်ဆုံး ကြိုးစားထားပါတယ်ဆရာ၊ အဟဲ သဘောကျတယ်နော်"

"အင်း ... သဘောကျပါတယ်"

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံမိသွားရသည်။ နည်းနည်းတော့ မျက်နှာပူရ၏။

"ဆရာ"

"ဟင်"





"ဆရာ ဘာလို့နောက်ကျရတာလဲ"

သူမက မေးနေသည်။ မင်းအကြောင်း တွေးနေလို့ပေါ့ဟု ပြောမိသည်။

"ကိုယ် ... ဒီနေ့ အိပ်ရာဝင်တာ နောက်ကျသွားလို့"

"ရုံးခန်းတစ်ခုလုံးမှာရှိတဲ့လူတွေအားလုံး အံ့သြနေကြတယ် ဆရာ၊ တစ်ခါမှ နောက်မကျဖူးဘူးတဲ့"

"ဟုတ်တယ် ... ကိုယ် အမြဲတမ်း အိပ်ချိန်ကို သတိထားရတယ်၊ အလုပ်ချိန် နောက်ကျမှာဆိုးတယ်လေ၊ ကိုယ်က အလုပ်ရှင်ဆိုတော့ အချိန်ကိုပိုပြီး လေးစားရတယ်"

ရှင့်စိတ်ဓာတ်တွေကို ကျွန်မ အရမ်းလေးစားတာပဲ။

"အဟဲ ... လူတွေအားလုံး တအံ့တသြဖြစ်ကြတာ၊ ကျွန်မတောင် နားမလည်နိုင်ဘူး"

"ပြာပြာ"

"ရှင်"

"မင်းကို ကိုယ်တစ်ခုမေးချင်တယ်"

"မေးလေ"

"ဗလနဲ့ပတ်သက်တာပါ"

"ရှင်"

"မင်းကို ဗလက"

"ကျွန်မ ဒါတွေ ဘာမှစိတ်မဝင်စားပါဘူး၊ ကျွန်မ အလုပ်ကိစ္စတွေပဲ စိတ်ဝင်စားတယ်"

ဗလက သူ့ကိုအကူအညီတောင်းထားတဲ့ကိစ္စ မလွဲမရှောင်သာ ပြောရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဗလက လူကောင်းတစ်ယောက်ပါ ပြာပြာ"

လူကောင်းတစ်ယောက်တဲ့။ ကျွန်မ ဘာမှမသိချင်ဘူး။ ဆရာက ကိုဗလ ကောင်းကြောင်းတွေ ဘာလို့လာပြောနေရတာလဲ။

"မင်းအတွက်ပါ"

"ရှင်"

"မင်းရွေးချယ်သင့်တဲ့ ယောကျာ်းလေးတစ်ယောက်ပဲလို့ ကိုယ်ပြောချင်တာပါ"

ဆရာ သိတယ်။ ဗလက ဆရာ့အကူအညီတောင်း၍ပဲ ဖြစ်နိုင်သည်။

"ဗလက အစွမ်းအစရှိတယ်၊ ရိုးသားတယ် ... မင်းအပေါ် တကယ်ပဲ နှစ်သက်မြတ်နိုးတာပါ ပြာပြာ"

ပြာပြာ ငြိမ်သက်နေမိသည်။

မကြားချင်။

ကိုဗလအပေါ် သူမဘယ်လိုမှ စိတ်ဝင်စားလို့မရပေ။

"မင်းအတွက်ပါ ... ဗလကို လက်ထပ်လိုက်လို့ မင်းမမှားစေရဘူး ပြာပြာ၊ ကိုယ် တာဝန်ယူတယ်"

ကိုယ် သူငယ်ချင်းကောင်းပီသစွာဖြင့် ပြောရမည်။ မပြောလျှင် ... ကိုယ်က မနာလိုဝန်တိုရာ ရောက်တာပဲဖြစ်သည်။

ဗလက လူကောင်းပါ။ မင်းရွေးချယ်သင့်တယ်။

"မင်း ရွေးချယ်သင့်ကြောင်း ကိုယ်ပြောပြတာပါ"

"ကျွန်မ အလုပ်ကိစ္စပဲစဉ်းစားချင်တယ်ဆရာ၊ ထက်မြက်ထူးချွန်တဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်ချင်တယ်"





ပြာပြာ ...

မင်း အရမ်းတော်တယ်။ ငွေကြေးစည်းစိမ်ဥစ္စာတွေကို မမက်မောတဲ့ မိန်းကလေးပဲ။ အလုပ်လည်း ကြိုးစားသည်။

စွမ်းရည်မြင့်မားလာ၏။ ကိုယ် ကြိတ်ပြီးဝမ်းမြောက်ဝမ်းသာဖြစ်နေမိသည်။

"ပြာပြာကတော့ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးပါဘူး ဆရာ၊ တစ်ယောက်တည်းပဲ နေချင်တယ်"

ဗလလိုလူမျိုးကိုပင် ပြာပြာ စိတ်မဝင်စားဘဲ ရှိနေသည်။

"ကဲ ... ပြာပြာနဲ့ဆရာ ကြော်ငြာကိစ္စတွေ လုပ်ရမယ်၊ သွားမယ်နော်"

"ဟုတ်"

သူမ ...

ကျန်နေခဲ့သည်။ ကိုဗလအကြောင်းတွေ ဆရာ ဘာလို့ ပြောရတာလဲ။ ဆရာက ချီးကျူးသဖြင့် သူမ ပျော်သွားမိ၏။

"တူ ... တူ"

"တူ"

ဖုန်းသံ မြည်လာသည်။

"ဟဲလို အမိန့်ရှိပါရှင်၊ နေလရောင်အကျိုးဆောင်လုပ်ငန်းပါ"

"ပြာပြာ"

"ရှင်"

"ကိုယ်ပါ"

ကိုဗလပါလား။ သူမက ဆရာမရှိလျှင် လာသမျှဖုန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ထားရသည်။

“ပြာပြာ”

“ရှင်”

“ကိုယ့်အတွက် မင်းတစ်ခုခု စဉ်းစားထားပြီးပြီလား”

“ဟို ... ဟို ... ကျွန်မ ဘာမှမစဉ်းစားချင်သေးလို့ပါ။ အားနာပါတယ်နော်”

သူမ ဖုန်းချလိုက်သည်။

ကိုဗလအပေါ် သူမ ဘယ်လိုမှ စိတ်ဝင်စား၍မရပေ။ အချစ်ဆိုတာကိုတော့ သူမ လုံးဝ မစဉ်းစားချင်။ ကိုဗလကို မချစ်ဘူး။

ဖုန်းလာမှာပဲ သူမကြောက်နေမိသည်။

“တူ ... တူ”

“တူ ... တူ”

ဖုန်းထပ်မြည်လာသည်။ ကိုဗလပဲလား။ လာသမျှ ဖုန်းတွေကို နားထောင်ပြီး မှတ်သားကာ စီစဉ်စရာရှိတာတွေ စီစဉ်ထားရသည်။

“တူ ... တူ”

“တူ”

ဖုန်းခွက်ကိုကောက်ပြီး နားထောင်လိုက်မိသည်။

“ဟဲလို”

“ပြာပြာ”

“ဟင် ... ဆရာ”

ဆရာ ဖြစ်နေသည်။





“ပြာပြာ”

“ရှင်”

“မင်း လိုက်ခဲ့ပါ”

“ဘယ်ကိုလဲဆရာ”

“မင်း တော်လာပြီ”

“ရှင်”

“ဘယ်ကိုလဲဆိုတဲ့ မေးခွန်း မေးတတ်လာလို့လေ”

“အဟဲ”

ပြာပြာ့ကို သူ့အကြောင်းမဲ့ လှမ်းခေါ်လိုက်မိခြင်းသာဖြစ်သည်။ ဘာအကြောင်းမှ မရှိ။ ကြော်ငြာကိစ္စ ပြတ်ပြီးနောက် အလုပ်ကိစ္စတစ်ခုအတွက် နာရီဝက်လောက် စောင့်ရဦးမည်။

ပြီးတော့ ... သူတစ်ယောက်တည်း သွားလာရတာ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေသည်။ ပြာပြာ့ကိုပဲ သတိရနေမိ၏။

“ဆရာ”

“ဟင်”

“ပြာပြာ ဘယ်ကိုလာရမှာလဲ၊ ယူစရာတွေရော လိုသေးလားဟင်”

“မှတ်စုစာအုပ်လေးပဲ ယူလာခဲ့ ပြာပြာ ... နောက်လုပ်ငန်းတစ်ခုချိတ်ဖို့ ချိန်းထားတယ်”

ဆရာက လုပ်ငန်းရှင်တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံစီစဉ်တတ်သည်။ လုပ်ငန်းရှင်တွေ စိတ်ချမ်းသာအောင် စီစဉ်ပေးတတ်၏။

ဆရာဖုန်းချသွားသဖြင့် သူမက ဆရာ့နောက်လိုက်ရန် ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်မိသည်။ တက်ကြွနေ၏။ ဘာဖြစ်လို့မှန်းမသိ။ တစ်ယောက်တည်းနေခဲ့ရတာ ပျင်းခြောက်ခြောက်ကြီး ဖြစ်နေသည်။

ဆရာနှင့်အလုပ်လုပ်ရတာ ပျော်ရွှင်တက်ကြွနေမိ၏။ ကိုဘမောင်နှင့်သွားရမှာ ...

ပြာပြာ အပြင်ထွက်လာခဲ့တော့သည်။

"ပြာပြာ"

"မမယွန်း"

"ဘယ်လဲ"

"ဆရာ့နောက်ပါ အလုပ်ကိစ္စအတွက် ဆရာကလှမ်းခေါ်လို့ပါ"

ယွန်းကတော့ ကိုထိန်အဖြစ်သည်းနေတာဟုပဲ ထင်မိသည်။

သူ ... ပြာပြာ အလုပ်ကိစ္စမရှိလို့ တစ်ယောက်တည်းထွက်သွားတာပဲ ဖြစ်၏။ မလိုအပ်ဘဲ ဘာဖြစ်လို့ ဒီလောက်အထိ အဖြစ်သည်းနေရတာလဲ။

"သွားမယ်နော် မမ"

"အင်း"

ယွန်းစိတ်ထဲမှာ မကျေမနပ်နှင့် အလိုမကျသလိုကြီးဖြစ်နေသည်။ ပြာပြာဆိုတဲ့ ကောင်မလေးအတွက် ရှင်အဖြစ်သည်းနေပြီမဟုတ်လား။

ခံစားနေရပြီ ထင်တယ်။

သူမ ... စိတ်ထဲမှာ အလိုမကျသလိုနှင့် ဒေါသတွေဖြစ်ရသည်။

"မမယွန်း"





"ဟင်"

"ဘောနပ်စ်တွေ ရမယ်လို့ သတင်းထွက်နေတယ် ဟုတ်လားဟင်"

စာရေးမလေး ငွေစင်ကလာပြီး မေးနေသည်။ သူမနှင့် ကိုထိန် မျက်နှာချင်းမဆိုင်မိတာ ကြာပြီ။ ကိုယ့်တာဝန်ကိုယ်ပဲ လုပ်ဆောင်နေတတ်ကြသည်။

"ငွေစင့်ကို ဘယ်သူပြောလဲ"

"သတင်းကြားတာပဲ၊ ဆရာက ပြောတယ်တဲ့"

"မမတော့ ဘာမှ မကြားသေးပါဘူး"

"ဟင်"

"မမ ကိုထိန့်ကို မေးကြည့်ဦးမယ်လေ"

"ဟုတ်ကဲ့ ... အဲဒီသတင်းကြားလို့ ကျွန်မတို့ ဝမ်းသာနေကြတယ်လေ"

ကိုထိန် ဘာမှ မပြောဘူး။ သူမအပေါ် ကိုထိန်က အရေးမစိုက်သလိုနေသည်။ ဘယ်လောက်ခံပြင်းစရာကောင်းလဲ။ ရင်ထဲမှာ ... နာကျင်နေမိသည်။

ပြာပြာနှင့်နီးစပ်အောင် ဖန်တီးနေပေမယ့် နီးစပ်သွားတော့လည်း သူမ စိတ်ထဲမှာ မနာလိုဝန်တိုဖြစ်နေမိသည်။

ဒေါသတွေ ဖြစ်ရ၏။

အခုတော့ ... ပြာပြာက ကြိုးစားမှုကြောင့် ခပ်ညှံ့ညှံ့ ကောင်မလေးတစ်ယောက် မဟုတ်တော့ပေ။

"ပြာပြာ့လို မိန်းမတစ်ယောက်ကျတော့ ရှင်က အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်ပေါ့လေ"

အခန်းထဲမှာ တစ်ယောက်တည်းဒေါသတွေ ပေါက်ကွဲနေမိသည်။ ဝုန်းဒိုင်းကြဲချင်နေ၏။ သူမသည် ဒါရိုက်တာတစ်ယောက်ဖြစ်၍ ဂုဏ်သိက္ခာအရ သည်းခံနေမိသည်။

ရှင် သိမယ် ...

ယွန်းလို မိန်းမတစ်ယောက်ကို ရှင် ဘာဖြစ်လို့ ငြင်းဆန်နေရတာလဲ။ ပြာပြာက ချောတယ်။ မိန်းကလေးတွေ အတော်များများက ကိုထိန့်အပေါ် စိတ်ဝင်စားကြသည်။

ကိုထိန့်စိတ်တွေကို လှုပ်ရှားလာအောင်တော့ ဘယ်သူမှ မစွမ်းဆောင်နိုင်ကြ။ ပြာပြာပဲ စွမ်းဆောင်နိုင်တယ်။

အလုပ်ကိစ္စတွေမှာ စိတ်မဝင်စားနိုင်အောင် ဖြစ်နေသည်။ ကိုထိန် ပြန်ရောက်လာရင်တော့ ဘောနပ်စ်ပေးမယ့်ကိစ္စအကြောင်း ပြပြီး ကိုထိန်နဲ့သွားပြီး ဆွေးနွေးမယ်။

စောင့်နေမိသည်။ ရင်တွေ ပူလောင်နေ၏။ ကိုထိန်နှင့် ပြာပြာ။ တစ်ယောက်နှင့်တစ်ယောက် ချစ်မြတ်နိုးနေပြီလား။ စိတ်လှုပ်ရှားစွာဖြင့် စောင့်နေမိသည်။ ပြာပြာကလည်း ဆရာ့ဆီ အပြေးအလွှား ရောက်လာခဲ့၏။

"ဆရာ အလုပ်တွေအရမ်းများနေလားဟင် ... ပြာပြာ ဘာလုပ်ပေးရမလဲ"

သူ ...

ပြာပြာ့ကို ကြည့်မိသည်။ ဒီကောင်မလေး အလုပ်တာဝန်တွေကို သွက်လက်စွာ ထမ်းဆောင်လာတတ်ပြီဖြစ်၏။





"ထိုင်ပါဦး ပြာပြာ"

ကိုဘမောင်ကို ပြန်လွှတ်လိုက်ပြီဖြစ်သည်။ ပြာပြာ ဝင်ထိုင်၏။

"ကိုယ်တို့ နောက်ထပ်တစ်နာရီလောက် စောင့်ပြီးမှ အလုပ်ကိစ္စတစ်ခု ဆွေးနွေးစရာရှိတယ်"

"ပြာပြာက အရေးကြီးနေပြီလားလို့"

အရေးကြီးတဲ့အကြောင်းအရာ မရှိဘဲ သူခေါ်လိုက်မိခြင်းဖြစ်သည်။ နည်းနည်းတော့ မျက်နှာပူရ၏။ မတတ်နိုင်ဘူး။ မင်းကို တွေ့ချင်နေတယ်။

ဒါကြောင့် ကိုယ်ခေါ်လိုက်တာပါ ပြာပြာ ...

"ပြာပြာ"

"ရှင်"

"တစ်ခုခု သွားစားရအောင် ပြာပြာ"

"ရှင်"

"လာပါ"

ပြာပြာ့ကိုခေါ်ပြီး မနက်စာစားဖို့အတွက် သူစားသောက်ဆိုင် ခေါ်လာခဲ့မိသည်။

သူ ... မိန်းကလေးတစ်ယောက်နှင့်တွဲပြီး နှစ်ယောက်တည်း မထိုင်ဘူးပေ။

သတ္တိလည်း မရှိခဲ့။

စိတ်လည်း လုံးဝမပါ။

သူ့စိတ်ထဲမှာ မိန်းကလေးတွေအပေါ် အထင်သေးချင်တဲ့စိတ်ပဲ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြာပြာ"

"ရှင်"

"ကိုယ် မိန်းကလေးတစ်ယောက်နဲ့ စားသောက်ဆိုင် ထိုင်တာ မင်းနဲ့ပထမဆုံးပဲလေ"

"ရှင်"

"မင်း အံ့သြနေလား"

"အင်း"

"မင်းဟာ ... ခင်မင်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ဆိုတာ ကိုယ်သိလာခဲ့ရတယ် ပြာပြာ"

သူ ... ပြောချင်နေမိသည်။ ရင်ထဲမှာ မွန်းကျပ်နေ၏။

ဘယ်တော့မှ ပြောချင်တဲ့ဆန္ဒ မရှိခဲ့သော စကားတွေကို ပြောဖြစ်နေသည်။ ပြာပြာ့မျက်ဝန်း တောက်တောက်လေးတွေက ဆတ်ခနဲ သူ့ကိုမော့ကြည့်လိုက်ပြီး ခေါင်းလေးကို ပြန်ငုံ့၏။

"ဗလက မင်းကိုချစ်တာ လက်ထပ်ခွင့်တောင်းတာ ... တကယ်တော့ အပြစ်မပြောသင့်ပါဘူး ... မင်းက ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပဲ"

"ရှင်"

"ရှင် ... ရှင်နဲ့ ခပ်ကြောင်ကြောင် မော့ကြည့်တတ်တဲ့ မင်းအမူအရာလေးတွေကို နှစ်သက်စရာပဲ"

"ရှင် ... အို"

သူ ... ရယ်မိသည်။

"စားလေ ပြာပြာ"

"ရှင်"





"ဟာကွာ"

နှစ်ယောက်သား ရယ်ပစ်လိုက်မိကြတော့သည်။

ကကက



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

"အန်ကယ့်သားက ... ပြာပြာဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့တွဲနေတယ်လေ"

"ဟင်"

ဦးသီဟထိန် အထိတ်တလန့်တော့ ဖြစ်သွားမိသည်။ မယုံကြည်နိုင်ပေ။ သားက ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားတာမျိုး မရှိပေ။ ပတ်လည်း မပတ်သက်။ ယွန်းလို မိန်းကလေးမျိုးကိုပင် ငြင်းဆန်ခဲ့သူဖြစ်သည်။

"ပြာပြာဆိုတဲ့ သူ့အတွင်းရေးမှူးမလေး မဟုတ်လားယွန်း"

"ဟုတ်တယ် ... "

"အလုပ်သဘောအရ တွဲတာဖြစ်မှာပါ ... အတွင်းရေးမှူးမလေးက သူ့နောက် မလိုက်လို့ မဖြစ်ဘူးလေ"

"လိုအပ်တာထက် လွန်နေလို့အန်ကယ်၊ အရမ်းနီးစပ်လွန်းနေပြီ"

ဦးသီဟထိန်ကတော့ ယွန်းကလွဲပြီး ဘယ်မိန်းကလေးနှင့်မှ





သားကို သဘောမတူနိုင်။

မဖြစ်နိုင်တာဘဲ။

သားက ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကို နှစ်သက်မှာမဟုတ်။

"ယွန်း ... မှားနေပြီထင်တယ်၊ သားက စိတ်ဝင်စားမယ် မထင်ဘူး၊ မိန်းမတွေကို အထင်မှ မကြီးတတ်တာပဲ"

"အခု အထင်ကြီးနေပြီ ... ပြာပြာ့ကို အရမ်းအရေးပေးနေတယ် အန်ကယ်"

"ပြာပြာ ဆိုတာက"

"ခပ်ညံ့ညံ့ ကောင်မလေးပါအန်ကယ် ... ရုပ်ကလေးတော့ ချောတယ်၊ သူ့အစ်မက ဈေးရောင်းရှာတယ်လေ"

"ဟင်"

သာမန်မိန်းကလေးတစ်ယောက်ကိုတော့ သားနှင့်ဘယ်နည်းနှင့်မှ သဘောမတူနိုင်အောင် ဖြစ်ရသည်။

ဂုဏ်သိက္ခာအရ ရှိနေ၏။ မဖြစ်ဘူး ... တားဆီးစေရမယ်။

"သားကို ပြောရမယ်ယွန်း ... ဒီကိစ္စကတော့ အန်ကယ် ဘယ်လိုမှ လက်မခံနိုင်ဘူး တားဆီးရမယ်"

"ယွန်းကတော့ ဘာမှမပြောချင်တော့ဘူး ... ကိုထိန် ဒီလောက်အထိ စိတ်ပျော့ညံ့လိမ့်မယ်လို့ မထင်ဘူး"

သူမကတော့ နည်းနည်းမှ မကျေနပ်နိုင်ပေ။

ကိုထိန် ...

ရှင် သက်သက်မဲ့ ကျွန်မကို အညွန့်ချိုးပစ်လိုက်တာပဲ။

"ယွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"သမီးနဲ့ပဲ အန်ကယ်ကတော့ သဘောတူတယ်၊ လက်ထပ်စေချင်တယ်"

"ကိုထိန့်စိတ်ကို ယွန်းတကယ်နားမလည်ဘူးအန်ကယ်၊ ပြာပြာ့လို မိန်းမတစ်ယောက်ကိုမှ စိတ်ဝင်စားနေတယ်လို့"

ကိုထိန်က မိန်းမတွေနှင့် ဘယ်တော့မှ မပတ်သက်ခဲ့။

အထင်လည်း သေးခဲ့သည်။ ဘယ်လောက်အထိ ခံပြင်းမှု ကောင်းလဲ။ လုံးဝ မကျေနပ်မိ။ ရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲနေမိသည်။

သူမ ဟန်ဆောင်နေမိ၏။

"အန်ကယ်ရယ် … ယွန်းအတွက် အရေးမကြီးပါဘူး၊ ကိုထိန့်ကို ငယ်သူငယ်ချင်းဖြစ်တဲ့အတွက် သံယောဇဉ်ဖြစ်ရတာပါ၊ ပြာပြာ့ကို သူသဘောကျရင်လည်း လက်ထပ်ပါစေ"

"ဟာ … မဖြစ်နိုင်တာဘဲ၊ အန်ကယ် လုံးဝသဘောမတူနိုင်ဘူး၊ ယွန်းကိုပဲ အန်ကယ် သဘောတူတယ်"

သူမ … ရယ်ပစ်လိုက်မိသည်။

"ယွန်းနဲ့လား"

"သမီး လက်ခံပါ … သား ရှေ့ရေးအတွက် အန်ကယ် စိတ်ပူတယ်၊ မဖြစ်နိုင်ဘူး … ပြာပြာလို ကောင်မလေးတစ်ယောက်နဲ့ သဘောမတူဘူး"

ဦးသီဟထိန် သားအတွက် စိတ်ပူပင်သောကရောက်နေမိသည်။ ဂုဏ်သိက္ခာအတွက် အရေးကြီးတယ်ဟု ထင်၏။ မိမိ အိမ်ထောင်ရေးကဲ့သို့ မဖြစ်စေချင်ပေ။ ဂုဏ်သိက္ခာကြီးမားတဲ့ မိန်းမတစ်ယောက်နှင့်ပဲ လက်ထပ်စေချင်မိသည်။

"ယွန်းရယ် … အန်ကယ့်ကိုကူညီပါ၊ သားကိုလည်း ထိန်းပါဦး၊ သားအတွက် အန်ကယ် စိတ်ပူနေပြီ"

မိမိ အိမ်ထောင်ရေးကလည်း လုံးဝအဆင်မပြေခဲ့ပေ။ ဇနီးက ချမ်းသာတဲ့ဒဏ်ကို မခံစားနိုင်ဘဲ ဖြစ်နေသည်။

သားအိမ်ထောင်ရေးအတွက် ဂုဏ်သိက္ခာကြီးမားတဲ့ မိန်းကလေးတစ်ယောက်နှင့်ပဲ ဖြစ်စေချင်မိ၏။

"သားကို သမီးလက်ထပ်ပါ၊ အန်ကယ် စီစဉ်မယ်"

"အချစ်မရှိတဲ့ အိမ်ထောင်ရေးတစ်ခုကို ယွန်းမတည်ဆောက်လိုဘူး အန်ကယ် … ထားလိုက်ပါတော့"

"မဟုတ်သေးဘူးလေ၊ အန်ကယ့်အနေနဲ့ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့တော့ သဘောမတူနိုင်ဘူး … ယွန်းနဲ့ လက်ထပ်ဖို့ပဲ အန်ကယ် စီစဉ်မယ်"

အန်ကယ်သီဟထိန်ကို သူမ ပြောပြလိုက်သည်။ တမင်ပြောတာပါ။

ပြာပြာ့လို ကောင်မလေးနဲ့ လက်ထပ်တာ ကျွန်မသဘောကျပေမယ့် ကျွန်မ ဂုဏ်သိက္ခာတွေ အဖတ်ဆည်လို့မရအောင် ကျဆင်းရတော့မယ်။

ကျွန်မ ဘယ်လောက် ခံစားရမလဲ။ နာကြည်းရမလဲ။ ရှင်သိရဲ့လား။ ကိုယ်ချင်းစာတရားမရှိတဲ့ သူပဲ။

"ယွန်း ပြန်တော့မယ် … ယွန်းလာပြောတာသာ သိရင် ကိုထိန်က စိတ်ဆိုးဦးမယ် အန်ကယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် သိပါတယ် ... ပြာပြာဆိုတဲ့ ကောင်မလေးနဲ့တော့ လုံးဝ သဘောမတူနိုင်ဘူးကွယ်၊ သားကို အန်ကယ်ပြောမှာပါ"

"ယွန်း ပြန်တော့မယ်နော် အန်ကယ်"

"ယွန်း"

"ရှင်"

"သားနဲ့လက်ထပ်ဖို့တော့ သမီးလေးလက်ခံပါနော်"

ယွန်း ထလိုက်သည်။ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ၏။

အန်ကယ်က ပြောတာပါ။ ရှင်က ငြင်းမှာပဲ။ ယွန်း ...

မိန်းမတွေကို စိတ်နာတယ်တဲ့။ ပြာပြာ့လို ကောင်မလေးတစ်ယောက်ကိုတော့ ရှင်အထင်ကြီးတယ်ပေါ့လေ။

ကိုထိန်နှင့်ပြာပြာ လိုအပ်တာထက်ပို၍ တွဲနေသည်ဟုထင်မိသည်။ ယွန်း မနာလိုဝန်တိုနေမိ၏။

မာနတွေ အထိပါးခံနေရသည်ဟုလည်း မြင်ယောင်နေမိသည်။

"ယွန်း ... ပြန်တော့မယ်"

"အန်ကယ်ပြောတာတွေကို ယွန်း အလေးအနက်စဉ်းစားပေးပါ"

ယွန်း ပြန်လာခဲ့သည်။ အိမ်ရောက်တဲ့အထိ ယွန်းစိတ်ထဲမှာ မကျေမနပ်ဖြစ်နေမိ၏။ ဒေါသတွေနှင့် ပေါက်ကွဲချင်နေသည်။

လမ်းမှာ တွေ့သမျှအရာတွေကို ကန်ကြောက်ပစ်ပေါက်ချင်





နေမိ၏။

"ယွန်း ... သမီး ဘာဖြစ်လာတာလဲကွယ်၊ အလုပ်မှာအဆင်မပြေလာတာလား"

မေမေက မေးသည်။ ယွန်း မေမေ့အနားမှာ စောင့်ခနဲ ဝင်ထိုင်ပစ်လိုက်မိ၏။

"မေမေ"

"ပြောလေ သမီး"

"ကိုထိန်ပေါ့"

"ကိုထိန် ဘာဖြစ်လို့လဲသမီး"

ယွန်း နှုတ်ခမ်းတွေက စူထော်ပြီး အောက်သိုးသိုးဖြစ်နေသည်။

"ပြောလေ သမီး ... ကိုထိန်က ဘာဖြစ်လဲ"

"ကောင်မလေးတစ်ယောက်နဲ့ ငြိသွားပြီ မေမေ"

"ဟင်"

ဒေါ်ပွင့်ပွင့်ပင် မယုံနိုင်အောင်ဖြစ်သွားပြီး အံ့သြသွားရသည်။ ကိုထိန်က မိန်းမတွေနဲ့ ကင်းအောင်နေတဲ့လူတစ်ယောက်။

"ပြာပြာဆိုတဲ့ ကောင်မလေးနဲ့ ငြိသွားပြီ မေမေ"

"ပြာပြာ"

"အင်း"

"ဟို သမီးပြောတဲ့ ခပ်ညှုံညှုံကောင်မလေးလား သမီး"

"အင်း"

"မဟုတ်တာကွယ်၊ ကိုထိန်က ဒီလိုကောင်မလေးမျိုးကို စိတ်ဝင်စားပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အခု စိတ်ဝင်စားနေပြီ မေမေ"

"သေသေချာချာစုံစမ်းပါဦးကွယ် ... မဖြစ်နိုင်ဘူးလို့တော့ မေမေထင်တယ်၊ သမီး ကိုထိန်နဲ့အကြောင်း သမီးအသိဆုံးပဲ မဟုတ်လားကွယ်"

"မေမေ"

"ပြော"

"ကိုထိန်နဲ့သမီး လက်ထပ်ဖို့ကိစ္စ အမြန်ဆုံးစီစဉ်တော့"

"သမီးလေးပဲ ကိုထိန်နဲ့ပတ်သက်ပြီး စိတ်မဝင်စားတော့ဘူးဆို"

ပြာပြာနှင့်ငြီးသွားပြီဆိုတော့ သူမ နှလုံးသားထဲမှာရှိနေတဲ့ အချစ်တွေက ပြန်လည်နိုးကြွလာရသည်။ ကိုထိန့်ကို လက်လွှတ်မခံနိုင်ဘူး။ ရယူပိုင်ဆိုင်ချင်လာသည်။ ကိုထိန်က သူမအား အရေးမစိုက်သလို သူမ မာန်မာနနှင့် နေခဲ့၏။

အရေးမစိုက် ... အခုတော့ ...

ကိုထိန့်အား လက်လွှတ်ဆုံးရှုံးရတော့မည်ဆိုတဲ့ အသိကြောင့် မာနတွေ မထားနိုင်တော့ဘဲ အောက်ကျခံရတော့မလိုဖြစ်နေရသည်။

"ယွန်း"

"မေမေ ဘာမှမပြောပါနဲ့ ... အန်ကယ်သီဟ ပြောလိမ့်မယ် မေမေ လက်ခံပါ"

ဒေါ်ပွင့်ပွင့်ကိုယ်တိုင်က မာန်မာနနှင့် နေသူဖြစ်သည်။ သမီးကိုလည်း ယောကျာ်းတစ်ယောက်အပေါ် အောက်ကျမခံစေလိုပေ။

ဦးသီဟထိန်နှင့်က ငယ်သူငယ်ချင်းမိတ်ဆွေအရင်းအချာ





တွေဖြစ်၍ အားနာပြီး ကုမ္ပဏီမှာ ပညာသင်အနေနှင့်အတူတွဲပြီး အလုပ်လုပ်စေခဲ့ခြင်းသာ ဖြစ်သည်။

"မေမေ့သမီးက အရည်အချင်းပြည့်ဝတဲ့ မိန်းကလေး၊ ပညာလည်းတတ်၊ ငွေလည်းရှိ၊ ဂုဏ်ဒြပ်တွေလည်း ပြည့်ဝနေတယ်လေ၊ ကိုထိန်က ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေတဲ့ ယောကျာ်းတစ်ယောက်ဖြစ်နေလို့လဲ သမီးရယ် ... မေမေကတော့ လက်ထပ်ဖို့ကိစ္စကို လက်မခံစေချင်တော့ဘူး"

"မေမေ သမီး ကိုထိန့်ကို လက်လွှတ်ဆုံးရှုံးမခံနိုင်တော့ဘူး"

"ဟင်"

ဒေါ်ပွင့်ပွင့်ကတော့ သမီးအတွက် မာနပြချင်နေမိသည်။

"ယွန်း ဘယ်လိုဖြစ်တာလဲ၊ သမီးက အရမ်းမာနကြီးတဲ့မိန်းကလေးပါ ... တော်ရုံလူတွေကို သမီးက တူတန်တယ်လို့မထင်ဘူး မဟုတ်လား"

"သမီး ကိုထိန့်ကို လက်ထပ်မယ်"

"ယွန်း"

"အန်ကယ် တောင်းဆိုလာရင် မေမေ မငြင်းဆန်ပါနဲ့"

မေမေက ဘယ်တော့မှ အောက်ကျခံတတ်တဲ့ မိန်းမတစ်ယောက် မဟုတ်။ မာန်မာန အမြဲရှိသည်။

လူတိုင်းကိုလည်း မေမေက အဆက်အဆံ မလုပ်။

"ယွန်းရယ်"

"မေမေ"

"ဘာလဲ သမီး"

"ကိုထိန့်ကို သမီး ချစ်နေမိပြီ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အနားကနေ သူမ ထွက်လာခဲ့မိသည်။ အိပ်ခန်းထဲ ဝင်လာခဲ့၏။ လွယ်ထားတဲ့ အိတ်ကို စားပွဲပေါ်ပစ်တင်လိုက်သည်။

"ဒိုင်း"

"ဒိုင်း"

ဖိနပ်တွေကိုလည်းချွတ်ပြီး အခန်းထောင့်သို့ ပစ်လိုက်မိသည်။ ပြာပြာ့ကိုမှ ယောက်ျားတွေက ရွေးချယ်ပြီး ချစ်ကြသည်။

ဘာကြောင့်လဲ ... ဘာတွေ အထင်ကြီးစရာတွေ ပြာပြာ့မှာ ရှိနေလို့လဲ။

ပြာပြာက ရုပ်ရည်ပဲရှိတာ။ ညံ့ဖျင်းလွန်းတဲ့ ကောင်မလေး။ ဘာအစွမ်းအစမှ မရှိတဲ့မိန်းမ။ ရှင်တို့ ဘာဖြစ်လို့ အထင်ကြီးနေကြရတာလဲ။ ယွန်း စိတ်ရှိလက်ရှိ အော်ဟစ်ပစ်လိုက်ချင်နေမိတော့သည်။

"ဝုန်း"

"ဝုန်း"

"ယွန်း"

မေမေ ရောက်လာသည်။

"သမီး ဘာဖြစ်လို့ ဒီလောက်အထိ စိတ်လှုပ်ရှားနေရတာလဲ"

မေမေ ဝင်လာသည်။ ယွန်း အရှက်မဲ့စွာဖြင့် အိပ်ရာပေါ်မှာ မှောက်ချပစ်လိုက်ကာ ငိုမိ၏။

"ကိုထိန်ထက် သာတာတွေ သမီးရနိုင်ပါတယ် ... သမီးရဲ့ အရှက်သိက္ခာတွေ ဂုဏ်ဒြပ်တွေ မဲ့ရမဲ့အဖြစ်တွေ သမီးရင်ဆိုင်မလား"





ကိုထိန်က ငြင်းဆန်မှာပဲဆိုတာ ဒေါ်ပွင့်ပွင့် သိနေသည်။

"ဟင့် ... အဟင့် ... ဟင့်"

သမီးက အံ့ဩစရာကောင်းလောက်အောင် ကြေကွဲနေသည်။ မာနကြီးတဲ့သမီး ... ထက်မြက်ထူးချွန်တဲ့ သမီးလေးတစ်ယောက်အဖြစ် မိမိအမြဲတမ်း ဂုဏ်ယူဝင့်ကြွားနေခဲ့သည်။

"ယွန်း"

သမီးလေး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နေသည်။ မာကျောခက်ထန်ပြီး ဆိုးဖြတ်ချက် ခိုင်မာတတ်တဲ့ ယွန်းနှီ။

ကြေကွဲနေသည်။ ဝမ်းနည်းနေသည်။

"ယွန်း စိတ်ချမ်းသာအောင် မေမေ အစွမ်းကုန် ကြိုးပမ်းပေးပါ့မယ်ကွယ်"

မေမေဟာ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံပြီး အသိုင်းအဝိုင်းအလယ်မှာ တင့်တယ်စွာ နေထိုင်လာခဲ့တဲ့ မိန်းမတစ်ယောက်ပါ။

ယွန်းကြောင့် ...

"ကိုထိန်က သမီးငယ်စဉ်လေးတည်းက သံယောဇဉ်တွယ်လာခဲ့ရတဲ့သူပါ မေမေရယ်"

ယွန်း ဘယ်လောက်ပဲ မာနတွေရှိနေပါစေ ကိုထိန်နဲ့ပတ်သက်လာရင်တော့ ယွန်းမာနတွေ ကင်းမဲ့ခဲ့တာပါပဲ။

နေလရောင်အကျိုးဆောင်လုပ်ငန်းအတွက် သူမ အကျိုးစီးပွားထက်ပင် စွမ်းဆောင်ပေးခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

"သား"

"ဗျာ ... ဒက်ဒီ"

သူ ... နောက်ကျသွားသည်။ အလုပ်တွေ များလွန်းနေ၏။

ပြာပြာရော သူပါ အင်တိုက်အားတိုက် အလုပ်တွေလုပ်ကြသည်။ မနက်စာရော ညစာပါ ပြာပြာနှင့်နှစ်ယောက်အတူအပြင်မှာပဲ စားဖြစ်ကြ၏။

"ထိုင်ပါဦး သား"

ဒက်ဒီက ပြန်လာလာချင်း ဘယ်တော့မှ ခေါ်ယူတွေ့ဆုံခြင်းမရှိခဲ့။ သားကို အနားယူစေသည်။

အကြောင်းကိစ္စရှိလျှင်တောင် သားအခြေအနေကို ကြည့်တတ်သူပင်။

"သား"

"ဒက်ဒီ"

"ဒက်ဒီ မင်းမလာမချင်း နေလို့မရအောင်စိတ်တွေပူပြီး





သောကတွေ ရောက်နေရတယ်သား"

"ဟင် ... ဒက်ဒီက ဘာကြောင့် သားအတွက်စိတ်ပူနေရတာလဲ ... သားဟာ ဒက်ဒီစိတ်ပူလောက်အောင် မိုက်မဲတဲ့သား မဟုတ်တာဘဲ ဒက်ဒီ"

ဒက်ဒီ တစ်ခုခုတော့ ပြောချင်နေတာ သူသိနေသည်။ ဘာကြောင့်လဲဆိုတာ သူစဉ်းစားနေမိ၏။

"ဒက်ဒီ ဘာပြောစရာရှိလို့လဲ ပြောပါ"

"ဒက်ဒီ ပြောရမယ့်စကားက တခြားတော့မဟုတ်ဘူး၊ သား အိမ်ထောင်ရေးကိစ္စပဲ"

"ဗျာ"

သူ့အိမ်ထောင်ရေးကိစ္စတဲ့။

"မင်းနဲ့ယွန်းကို လက်ထပ်ပေးဖို့ ဒက်ဒီစီစဉ်တော့မယ်၊ မင်း လက်ခံပါ"

ဒက်ဒီ ရုတ်တရက်ကြီး ဘာဖြစ်လို့ စီစဉ်ရတာလဲ။ သူ ... ယွန်းကို လက်မထပ်လိုကြောင်း ပြောထားပြီးပြီ။

"ယွန်းကိုသား လက်မထပ်ချင်ဘူးဒက်ဒီ ... တောင်းပန်ပါတယ်၊ သားအိမ်ထောင်ရေးအတွက် မစီစဉ်ပါနဲ့ဦး"

"မင်း ယွန်းကို လက်ထပ်ရမယ် ... မငြင်းဆန်ပါနဲ့"

"ယွန်းကို ကျွန်တော် လုံးဝလက်မထပ်ဘူး ဒက်ဒီ"

"မင်း ဘယ်သူ့ကိုရည်မှန်းထားလို့လဲ သား"

"ဗျာ"

"မင်းကို ဒက်ဒီ ဒီတစ်ခုပဲမေးမယ်၊ မင်းအိမ်ထောင်ပြုဖို့ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မစဉ်းစားတော့တာလား၊ ယွန်းဖြစ်နေလို့ ငြင်းတာလား"

သူအဖြေရခက်သွားရတာတော့ အမှန်ပဲဖြစ်သည်။ အရင်ကလို သူပြတ်သားစွာ အဖြေမပေးနိုင်တော့။ ပြာပြာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သူလုံးဝ မထင်မှတ်ဘဲ ချစ်မိသွားသည်။

ဒက်ဒီအကြည့်တွေက သူ့ထံသို့ စူးခနဲ ကျရောက်လာ၏။

"ပြောလေ သား ..."

"ယွန်းကို ကျွန်တော်မချစ်နိုင်တာဘဲ သိတယ် ဒက်ဒီ"

"မင်းမိန်းမတွေကို အထင်ကြီးတတ်လာပြီလား လမင်းထိန်"

ဒက်ဒီသည် သူနှင့်ပတ်သက်သော အကြောင်းတစ်ခုခုရှိရမည်ဖြစ်သည်။ ပြာပြာနှင့်ပတ်သက်တာမျိုးများ ဖြစ်နေမလားလို့ စဉ်းစားမိ၏။

ရင်ထဲမှာ စိုးရိမ်ပူပန်မှုတော့ ဖြစ်သွားရသည်။

"ဒက်ဒီ ဘာကို ဆိုလိုတာလဲ"

"ဒက်ဒီ မင်းကိုပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ မင်း ပြာပြာဆိုတဲ့ ကောင်မလေးကို အလုပ်ထုတ်ပစ်လိုက်စေချင်တယ်"

"ဗျာ"

"ပြာပြာဆိုတဲ့ ကောင်မလေး မင်းအနားမှာရှိနေတာ ဒက်ဒီ လုံးဝမလိုလားဘူး သား"

"ပြာပြာ့မှာ ဘာအပြစ်မှမရှိဘဲ သားကအလုပ်ထုတ်ပစ်ဖို့ ဆိုတာ"

ယွန်းပဲ ဖြစ်မည်။ ပြာပြာ့အကြောင်းတွေကို သိသွားတာပဲ ဖြစ်သည်။

"ပြာပြာဟာ အပြစ်မဲ့တဲ့ မိန်းကလေးပါ ဒက်ဒီ"





သူ့ရင်ထဲက အချစ်တွေကို ပြာပြာသိတာမဟုတ်သေးပေ။

"မင်းနဲ့နီးစပ်သွားမှာကို ဒက်ဒီ မလိုလားဆုံးဘဲ"

"ဗျာ"

"မင်းမှာပြောစရာစကား မရှိတော့ဘူးလား လမင်းထိန်"

ဒက်ဒီ မျက်ဝန်းတွေက ဒေါသတွေနှင့် တင်းမာခက်ထန်နေသည်။

ယွန်း ... မင်း ပြောသွားတာပဲ။

"ယွန်းလို မိန်းကလေးတစ်ယောက်နဲ့ပဲ ဒက်ဒီသဘောတူနိုင်မယ်သား"

သူ ... စိတ်ညစ်သွားမိသည်။ ပြာပြာနှင့်သူက အလုပ်ရှင် အလုပ်သမားအခြေအနေပဲ ရှိနေ၏။

"ကျွန်တော်နဲ့ပြာပြာ ရိုးရိုးသားသား ဆက်ဆံကြတာပါ ဒက်ဒီ ... အလုပ်ရှင်နဲ့အလုပ်သမား အနေအထားပဲရှိတာပါ၊ ရိုးရိုးသားသားပါ ဒက်ဒီရာ"

ယွန်း ဘာတွေပြောခဲ့လဲ။ သူ့အနားသို့ ပြာပြာ့အား အတင်းအကျပ်ပို့ဆောင်ခဲ့သူက ယွန်းပဲဖြစ်သည်။

"မင်းလိုလူတစ်ယောက်က ပြာပြာ့လို ဂုဏ်ဒြပ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားနေတာ ရှက်စရာကောင်းတယ်သား"

"မဟုတ်သေးဘူးဒက်ဒီ ... ပြာပြာနဲ့သား ရိုးသားပါတယ်"

"တစ်နေ့တော့ ဆန်းဆန်းပြားပြား ဖြစ်လာနိုင်တာမျိုးလည်း ဒက်ဒီ အဖြစ်မခံနိုင်ဘူးသား၊ အကောင်းဆုံးကတော့ ပြာပြာ့ကို အလုပ်ထုတ်ပစ်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး ဒက်ဒီ"

"ဘာပြောတယ် သား"

"ပြာပြာ့မှာ အပြစ်မရှိဘူး ဒက်ဒီ ... ဝန်ထမ်းတစ်ယောက်ကို ဘာအကြောင်းပြချက်မှမရှိဘဲ အလုပ်ထုတ်လို့မဖြစ်ဘူး"

ပြာပြာက ဘာမှသိတာမဟုတ်။

ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် သူအသိဆုံးဖြစ်သည်။ အလုပ်ထုတ်ပစ်လို့ မဖြစ်ဘူး။ လုံးဝ လက်မခံနိုင်ဘူး။

"ဝန်ထမ်းတစ်ယောက်ကို အပြစ်မရှိဘဲ အလုပ်ထုတ်ပစ်လို့ဖြစ်ပေါ်လာတဲ့ကိစ္စအဝဝကို ဒက်ဒီ တာဝန်ယူတယ်သား၊ ကုမ္ပဏီပိုင်ရှင်က ဒက်ဒီပဲသား"

သားနှင့်ပြာပြာ ဝေးသွားအောင်တော့ ဦးသီဟထိန် လုံးပန်းရမည်ဖြစ်သည်။ ဘယ်လိုအကြောင်းမျိုးပဲဖြစ်ဖြစ် အသုံးပြုရမည်ဖြစ်၏။

"ပြာပြာလို မိန်းကလေးတစ်ယောက်နဲ့သားကို ဒက်ဒီ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးသား"

ပြာပြာ့အပေါ် သားရဲ့စိတ်ဝင်စားမှု ဘယ်လောက်ရှိတယ်ဆိုတာ မိမိ ငယ်ရာကကြီးလာတဲ့သူတစ်ယောက်အနေနှင့် သိလိုက်သည်။ စိတ်တွေ ပူပင်သွားရ၏။ ယွန်းက မဟုတ်ဘဲနှင့်တေ လာရောက်ပြောမှာမဟုတ်။

"ပြာပြာ့ကို အလုပ်မထုတ်စေချင်ရင် မင်း ... ယွန်းနဲ့လက်ထပ်ပါသား"

ဒက်ဒီသည် တစ်ခါတလေကျတော့လည်း တိကျပြတ်သားသူဖြစ်သည်။





"မင်းမဆောင်ရွက်ရင်တော့ ဒက်ဒီကိုယ်တိုင် လာပြီးဆောင်ရွက်ရလိမ့်မယ်သား"

"ပြာပြာ့မှာ အပြစ်လုံးဝမရှိပါဘူးဒက်ဒီ ... သားနဲ့ပတ်သက်တာလည်း ရိုးရိုးသားသားပါ ... ပြာပြာက ဖြူစင်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဆက်မပြောနဲ့တော့သား ... စောဒကတက်ဖို့လည်း မကြိုးစားနဲ့တော့၊ ဒက်ဒီ ဆုံးဖြတ်ချက်အတိုင်းပဲ သားလိုက်နာဆောင်ရွက်ပါ"

သူ ချေပပြောဆိုဖို့အတွက် အခွင့်အရေးမပေးတော့ပေ။

"မင်းအနားယူတော့သား ... အကောင်းဆုံးကတော့ သားယွန်းကိုလက်ထပ်ဖို့ပဲ ... ဒက်ဒီ ရွေးချယ်ထားတဲ့ ချွေးမက ယွန်းပဲ"

ဒက်ဒီသည် သူ့ကိုပြောပြီး အနားမှထသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

ယွန်းဆီသို့ သူဖုန်းဆက်ရန် လိုအပ်သည်ဟု ထင်မိသည်။ ပြာပြာက အပြစ်ကင်းတဲ့ မိန်းကလေး ... ယွန်း သိတာပဲ။

ဂုဏ်သရေရှိ လူကြီးလူကောင်း မိန်းကလေးတစ်ယောက် အနေနှင့် မနာလို ဝန်တိုမှုတွေ မရှိသင့်ဟု သူထင်မိသည်။

သူ ... ယွန်းဆီ ဖုန်းဆက်လိုက်သည်။ ပြာပြာနှင့်ပတ်သက် တာတွေအတွက် သူစိတ်ပူနေမိ၏။

အမှားအယွင်းတွေ မလုပ်စေလိုပေ။

"ယွန်း"

"ကိုထိန်ပါလား ... မဆက်စဘူး ဖုန်းဆက်တော့ အကြောင်း ကိစ္စအရေးကြီးပြီ ထင်တယ် ... ပြော"

ယွန်း သိလိုက်သည်။ ပြာပြာနှင့်ပတ်သက်၍ပဲ ဖြစ်နိုင်၏။

"ပြော"

"ယွန်း"

"နားထောင်နေပါတယ်"





"ကိုယ် တောင်းပန်ပါတယ် ယွန်း ... "

"ဟင်း ဟင်း ဟင်း ... ကိုထိန်၊ ရှင် စိတ်တော့ကောင်းပါ သေးတယ်နော်၊ တကယ်တမ်းကျတော့ ကျွန်မက ရှင့်အလုပ်သမား ပါ"

"ယွန်း ... ကိုယ်ပြောချင်တာက ပြာပြာနဲ့ပတ်သက်တဲ့ ကိစ္စ ပဲ"

"ဟင် ... ပြာပြာ ဘာဖြစ်လို့လဲ ကိုထိန်"

ယွန်း မသိဟန်ဆောင်လိုက်သည်။ အန်ကယ်သီဟာက ပြော လိုက်ပြီဆိုတာ ယွန်းသိလိုက်၏။

"ယွန်း"

"ပြောလေ"

"ပြာပြာနဲ့ကိုယ် ဘာမှမပတ်သက်ဘူး"

"ဘယ်သူက ပတ်သက်တယ်လို့ ကိုထိန့်ကိုပြောနေလို့လဲ"

"မင်းသိပါတယ် ယွန်း"

မင်း တမင်မသိချင်ယောင် ဆောင်နေတာမဟုတ်လား ယွန်း။ သူ ... မနှစ်သက်တာ ယွန်းရဲ့ဟန်ဆောင်တတ်တဲ့အကျင့် စရိုက်တွေပဲ။

မင်းဟာ စိတ်သဘောထားဖြူစင်တဲ့ မိန်းမတစ်ယောက် တော့မဟုတ်ဘူး။

"အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို မင်းအပြစ်မရှာ သင့်ဘူး"

"ယွန်းက ဘယ်သူ့ကို အပြစ်ရှာနေလို့လဲ"

ယွန်း မကျေမနပ် ဖြစ်သွားရသည်။ သူက ပြာပြာ့ထိတော့



www.burmeseclassic.com

www.burmeseclassic.com



နာသွားပုံရနေ၏။ ယွန်း ... ပြာပြာက ဘာမို့လိုလဲ တန်ဖိုးထားနေလိုက်တာ။

"ဒက်ဒီက ကိုယ့်ကိုပြောတယ် ... ပြာပြာ့ကို အလုပ်ထုတ်ပစ်ပါတဲ့"

"ဟင် ..."

"မင်းသိပါတယ် ယွန်း"

"ကျွန်မက အဲဒီလောက်အထိ မပြောပါဘူး"

"မင်း ဘယ်လောက်အထိပြောလဲ"

"ရှင် သည်းမခံနိုင်လောက်အောင် ဒေါသဖြစ်နေတာ မဟုတ်လား"

"မင်း ... မဟုတ်တာတွေ ဘာလို့ပြောချင်ရတာလဲယွန်း၊ ပြာပြာ ကိုယ့်အနားရောက်လာအောင် မင်းပဲပို့ပေးခဲ့တာဘဲ မဟုတ်လား"

ပြာပြာ့အတွက် ဆောက်တည်ရာမရအောင် သူစိတ်ပူပင်နေမိသည်။ ဒက်ဒီ ဘာတွေလုပ်မလဲ။ အကြောင်းပြချက်မရှိဘဲ ပြာပြာ့ကို အပြစ်ဒဏ်ပေးလို့ မဖြစ်နိုင်ပေ။

"မင်း ထောင်ခြောက်ဆင်တာပဲ ယွန်း"

"ဘာပြောတယ် ကိုထိန်"

"ပြာပြာနဲ့ကိုယ် ရိုးရိုးသားသား ပတ်သက်ကြတာ မင်းဒက်ဒီကို ဘာတွေ သွားပြောလဲ"

"သတိပေးတာပါ"

"မဖြစ်နိုင်တာဘဲ၊ ကိုယ်က ပြာပြာ့ကို ဝန်ထမ်းတစ်ယောက်အဖြစ်ပဲ ပတ်သက်ဆက်ဆံတာ"





"အဲဒါဆိုလည်း ကိုထိန် ဘယ်သူ့ကိုဂရုစိုက်နေတာလဲ"

"ဒက်ဒီကြောင့်ပဲ ... ပြာပြာ ဘာမှမသိဘူး၊ အပြစ်မရှိဘူး၊ မင်းသိပါတယ် ... အဲဒါ မင်းဘာဖြစ်လို့ ဒက်ဒီကို ပြောရတာလဲ"

"ပြောချင်လို့"

"ဘာ"

"ရှင်နဲ့ပြာပြာ နီးစပ်သွားမှာတော့ ကျွန်မ စိုးရိမ်သွားမိတယ်"

"စောစောက မင်းစဉ်းစားသင့်တယ်ယွန်း ... ကိုယ့်အနားကိုမင်းပို့ခဲ့တာ၊ မင်းက ဝန်ထမ်းတွေကို စီမံခန့်ခွဲတဲ့သူပဲ"

"ရှင်နဲ့ပြာပြာက ... လိုအပ်တာထက် ပိုနေပြီထင်တယ် ကိုထိန်"

"မင်း ... ပြာပြာ့ကို ဒုက္ခမပေးစေချင်ဘူး ယွန်း"

ယွန်းဘက်မှစတင်၍ ဖုန်းချပစ်လိုက်သည်။

ပြာပြာရယ် ...

မင်းအတွက် ကိုယ်စိတ်ပူနေပြီ။ ဒက်ဒီ ဘာလုပ်မလဲ။

ယွန်း ... မင်းကြောင့် ...

စိတ်သဘောထား မပြည့်ဝတဲ့ အကျင့်စရိုက်တွေကို သူသဘောမကျမိပေ။

သူ ... ယွန်းကိုလက်ထပ်ရန် ဆန္ဒတွေကင်းမဲ့နေမိတာတော့ အမှန်ပဲဖြစ်သည်။ ဘယ်လိုမှ လက်မခံချင်။

ပြာပြာ ကျတော့ရော။ သူ ခံစားခဲ့ရသည်။ ထိန်းချုပ်ထားတဲ့စိတ်တွေ လွတ်ထွက်ချင်လာရ၏။ ဝန်ခံရမှာလဲ။

ပြာပြာ့ကို သူချစ်မိနေပြီ။ ဒက်ဒီ ဘယ်လိုနည်းနှင့်မှ သဘော



www.burmeseclassic.com

www.burmeseclassic.com



မတူဘူးဆိုတာ သိသိကြီးနှင့် ပြာပြာ့အပေါ် ချစ်မိသွားသည်။

အချစ်တွေကို ခံစားတတ်လာ၏။ ကိုယ့်ကို မင်းပညာ ကောင်းကောင်းပေးလိုက်တာပဲ ယွန်း။

မိန်းကလေးတွေနှင့် အကင်းရှင်းဆုံး နေလာခဲ့မိသည့် သူ့အတွက် ပြာပြာနှင့် အနေနီးသွားခဲ့သည်။

သူ အိပ်လို့မရ၊ ပြာပြာ့အကြောင်းတွေကိုပဲ တွေးနေမိသည်။

"ထူးချွန်ထက်မြက်တဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်အောင် ပြာပြာ ကြိုးစားမယ်"

ပြာပြာ ကြိုးစားနေသည်။ အတော်လေး ကျွမ်းကျင်မှုတွေ ရှိလာခဲ့ပြီဖြစ်၏။

"ပြာပြာလေ ဆရာအထင်သေးမှာ အရမ်းကြောက်တာပဲ"

ပေါ့ပျက်ပျက်နေတတ်တဲ့ ပြာပြာ့ အကျင့်စရိုက်တွေကို အခုမှ ရှက်ရမှန်း သိလာရတယ်"

ပြာပြာ ကြိုးစားနေသည်။ ပြုပြင်နေ၏။

ထိုအချိန်မျိုးတွင် ပြာပြာ တိုးတက်မှုလမ်းကြောင်းတွေကို ပိတ်ပင်ဟန့်တားမှုမျိုးတွေ မရှိစေလိုပေ။

သူ ... အားပေးကူညီချင်မိသည်။ ပြာပြာ့ကို တိုးတက်စေချင်မိ၏။ ဒက်ဒီကတော့ ဂုဏ်ပကာသနတွေကို မက်မောချင်သည်။

"သား အိမ်ထောင်ရေးမှာ ရွေးချယ်မှု မမှားစေချင်ဘူး"

အိမ်ထောင်ရေးကို ဘယ်တော့မှ စိတ်မဝင်စားခဲ့သော သူ။

ပြာပြာရယ် ...

ကိုယ် ဘာဆက်လုပ်ရမလဲ။ မင်းတစ်ခုခု ဖြစ်သွားမှာ





အရှက်တကွဲ ဖြစ်သွားမှာ ကိုယ်စိတ်အပူဆုံးပဲ။

ညဉ့်နက်မှ အိပ်ပျော်သွားသည်။ နှိုးစက်ပေးထားပြီး နှိုးစက်မြည်သံပင် မကြားတော့ဘဲ အိပ်ပျော်နေမိ၏။

"ကလင် ... ကလင်"

"ကလင် ... ကလင်"

နှိုးစက်မြည်သံကြောင့် လမ်းလျှောက်ထွက်တော့မည့် ဦးသီဟ ခြေလှမ်းတွေ တုန့်ကျန့်ရပ်သွားပြီး နားစွင့်လိုက်မိသည်။

"ကလင် ... ကလင်"

"ကလင်"

သားဘယ်တော့မှ နှိုးစက်သုံးခဲ့ရသည် မရှိပေ။ အလွန်နိုးကြားတက်ကြွသော သားတစ်ယောက် ဖြစ်ခဲ့သည်။

လုပ်ငန်းတာဝန်တွေအပေါ်လည်း စိတ်ဝင်စားခဲ့၏။

အခုတော့ ...

"ကလင် ... ကလင်"

"ကလင်"

ဦးသီဟထိန် သားအခန်းဆီ ရောက်သွားသည်။

"သား ... ကိုထိန် တံခါးဖွင့်စမ်း"

"သား ... ကိုထိန်"

"ဒုန်း"

"ဒုန်း"

"သား"

"ကိုထိန်"

ဒက်ဒီ့အသံကြောင့် သူ နိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလင် ... ကလင်"

"ကလင်"

နှိုးစက်ဆီမှ အဆက်မပြတ် မြည်နေတဲ့အသံကြောင့် ကပျာကယာ ထပြီး ပိတ်ပစ်လိုက်မိသည်။

"ကိုထိန်"

"ဒုန်း"

"ဒုန်း"

"မင်း နိုးပြီလား"

သူ ... တံခါး ဖွင့်ပေးလိုက်သည်။

"ဟင် ... ဒက်ဒီ"

ဒက်ဒီ့မျက်ဝန်းအကြည့်တွေက တင်းမာသယောင်ဖြစ်နေသည်။ သူနှင့်ဒက်ဒီ ဘယ်တော့မှ ပဋိပက္ခဆိုတာ မဖြစ်နိုင်ပေ။

ချစ်ခင်ကြင်နာမှု အပြည့်အဝ ရှိခဲ့ကြသည်။

"ကိုထိန်"

"ဗျာ"

"မင်း ဘယ်လိုဖြစ်တာလဲ သား"

သူ ... အဖြေရ ခက်သွားသည်။

နှိုးစက်သံကိုပင် မကြားအောင် အိပ်မောကျသွား၏။

"မင်း ... ညက မအိပ်ဘူးလား ကိုထိန်"

"ဟုတ်ကဲ့ ဒက်ဒီ"

"သား ရေချိုးတော့ ... ဒက်ဒီ စောင့်နေမယ်"

"ဒက်ဒီ လမ်းလျှောက်ထွက်ပါ၊ သားအတွက် ဘာမှစိတ်မပူပါနဲ့ ဒက်ဒီ ... သားဟာ မိုက်မဲတဲ့သားတစ်ယောက် မဟုတ်ပါဘူး၊





ပြီးတော့ ... ပြာပြာနဲ့သား ဘာမှမပတ်သက်ကြပါဘူး"

ဦးသီဟထိန်ကတော့ သားကိုစိတ်မချနိုင်တော့ပေ။

ယွန်းနဲ့ပဲ သဘောတူတယ်။ လက်ထပ်စေချင်တယ်။

ဘယ်လို စီစဉ်ပေးရမလဲဆိုတာပဲ မိမိ စဉ်းစားနေမိသည်။

"သား"

"ဗျာ"

"ဒက်ဒီ ညက ပြောတဲ့စကားတွေကို မင်းစဉ်းစားထားပြီးပြီလား"

"ဗျာ"

"မင်း ရုံးသွားဖို့ ပြင်ဆင်တော့ ... ဒက်ဒီ စားသောက်ခန်းကပဲ စောင့်နေမယ်"

ဒက်ဒီ ပြန်ထွက်သွားသည်။ သူ့လှုပ်ရှားမှုတွေက နှေးကွေးလေးလံလွန်းနေသည်။

ဒက်ဒီနှင့် ရင်မဆိုင်လိုပေ။

သူ ... ပြင်ဆင်ပြီး စားသောက်ခန်းထဲ ထွက်လာခဲ့သည်။

ဒက်ဒီက စောင့်နေ၏။

"ဒက်ဒီ"

"ထိုင်"

ဦးသီဟထိန်ရဲ့ စိတ်ထဲမှာ ပူလောင်နေသည်။ မဖြစ်ဘူး။

သားတစ်ခုခု ဖြစ်နေပြီ။ သေချာသည်။ ပြာပြာဆိုတဲ့ ကောင်မလေးကို သားစိတ်ဝင်စားနေလောက်၏။

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကော်ဖီ သောက်လိုက်ဦး"

သားရင်ထဲမှာ ပူလောင်သောကတွေ ရောက်နေတာ မိမိ သိသည်။ ကော်ဖီနှင့်မုန့်ကို စားသောက်နေတာပင် စိတ်မပါကြောင်း သိသည်။

"သား စိတ်သောကတွေ ဘယ်လောက်ခံစားနေရပြီလဲ"

"ဗျာ"

"မင်းကို အမေလိုတစ်မျိုး အဖေလိုတစ်မျိုး ဒက်ဒီက စောင့်ရှောက်ခဲ့တာပါ"

"ဒက်ဒီ ... သား ... "

"သား ဘာမှမပြောပါနဲ့ ... မင်းအရင်ကနဲ့ မတူတော့တာ သေချာတယ်"

"ဒက်ဒီ အထင်မှားနေတဲ့အတွက် သားစိတ်ထဲမှာ ထိခိုက်နေမိတာတော့ အမှန်ပဲ ဒက်ဒီ"

သားဖြစ်သူကို ဦးသီဟထိန် စူးစိုက်စွာ ကြည့်နေမိသည်။

မျက်ဝန်းတွေက ညိုးနွမ်းရင့်ရော်နေ၏။ စိတ်ထိခိုက် ကြေကွဲနေသည်။ သားသည် ဘယ်တော့မှ ဝမ်းနည်းအားငယ်စိတ်တွေ မရှိခဲ့ဘူးပေ။

"မင်း ... ယွန်းကိုလက်ထပ်ပါ၊ ဒက်ဒီ့ဂုဏ်သိက္ခာအတွက် သားဂုဏ်သိက္ခာအတွက်ရော မင်းစဉ်းစားပါဦးကွယ်"

သားကို တင်းမာခက်ထန်စွာ ကိုင်တွယ်လို့မဖြစ်သေးပေ။ ပိုပြီး ဆိုးသွားမှာ စိုးမိသည်။





ပြာပြာ ... မင်း အတော်ဒုက္ခပေးတဲ့ ကောင်မလေးတစ်ယောက်ပဲ။

ဒေါသတွေ ဖြစ်သွားမိသည်။

"ဒက်ဒီ အသက်ကြီးပြီ၊ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်မထပ်စေချင်ဘူး"

"သား ... ယွန်းကို လက်မထပ်နိုင်ဘူး ဒက်ဒီ"

"ဘာပြောတယ် သား"

"သား ဘယ်သူ့ကိုမှ လက်မထပ်ပါဘူး ဒက်ဒီ"

"ယွန်းဆိုတဲ့ မိန်းကလေးကို မင်းဘာလို့ အထင်မကြီးရတာလဲသား"

"သားရင်ထဲမှာ ယွန်းကို ဘယ်လိုမှ ချစ်လို့မရဘူးဒက်ဒီ၊ ဘာကြောင့်လဲဆိုတာတော့ သားမသိဘူး"

ယွန်းကို သူဘယ်လိုမှ ချစ်မြတ်နိုးခြင်းဆိုတာ မရှိခဲ့ပေ။

မင်းရဲ့ဟန်ဆောင်တတ်တဲ့ အတွင်းစိတ်တွေကြောင့်ပဲယွန်း။

"ဒက်ဒီ ... မင်းကုမ္ပဏီကို ဒက်ဒီ လိုက်ခဲ့မယ်"

"ဘာလုပ်ဖို့လဲ ဒက်ဒီ"

အထိတ်တလန့်နှင့် ဒက်ဒီ့ကို ကြည့်လိုက်မိသည်။

"လူကြီးတစ်ယောက်အနေနဲ့ ကုမ္ပဏီကိုပစ်ထားလို့ မဖြစ်ဘူးထင်လာလို့"

"သားအပေါ် ဒက်ဒီ အယုံအကြည်မရှိတော့လို့လား"

"ဒက်ဒီ အသက်ကြီးပြီ ... တစ်ဦးတည်းသောသားကြောင့် ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာ ကျဆင်းရမယ့် အဖြစ်တွေ ဒက်ဒီ ရင်မဆိုင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာဆိုတဲ့ ကောင်မလေးနှင့်သားကို ဘယ်လိုမှ မနီးစပ်စေလိုပေ။

အလုပ်ကနေ ထုတ်ပစ်ရမယ်။ ကောင်မလေးအတွက် သားစိတ်သောကတွေ ရောက်နေရသည်။ တားဆီးရမယ်။ လက်မခံနိုင်။

ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းမှာ သားဂုဏ်သိက္ခာမဲ့ရမယ့်အရေး ဖခင်တစ်ယောက်အနေနှင့် ကာကွယ်စောင့်ရှောက်ရမည်သာဖြစ်သည်။

ဆုံးဖြတ်လိုက်၏။ ပြာပြာ့ကို သားနှင့်အဝေးဆုံးရောက်သွားအောင် လုပ်ပစ်ရမယ်။

ဒီကောင်မလေးကရော သားပြောသလို ရိုးသားဖြူစင်မှု ရှိပါ့မလား။

"ဒက်ဒီ တစ်ခေါက်လောက်တော့ ကုမ္ပဏီကို လာကြည့်ရဦးမယ်သား"

လောလောဆယ် ဒက်ဒီ လိုက်မလာသေး၍ သူစိတ်သက်သာရာ ရသွားရသည်။

ဒက်ဒီ ဘာဆက်လုပ်မလဲဆိုတာ မတွေးရဲအောင် ဖြစ်နေရ၏။

ကော်ဖီခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်ပြီး ထလာခဲ့မိသည်။

ꩻꩻꩻ





## အခန်း ( ၁၈ )

"ဆရာ ... ပြာပြာ အစောကြီး ရောက်နေပါတယ်"

သူ့ကို ဆီးကြိုနေသော မိန်းမချောလေး မိုးတိမ်ပြာအား သူငေးမောကြည့်နေမိသည်။

အလုပ်ကြိုးစားနေသော ပြာပြာသည် အေးချမ်းသော အပြုံးပိုင်ရှင်မလေး ဖြစ်၏။ သူ့အိတ်ကို သယ်ဆောင်ပြီး စားပွဲမှာ နေရာတကျထားသည်။

ကျွန်မ ထူးချွန်ထက်မြက်တဲ့ ဝန်ထမ်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေတာပါဆရာဟူသော သူမစကားလေးတွေကို ကြားယောင်မိလာရတော့၏။

ပြာပြာဟာ အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်သည်။

ရိုးသားစွာ တာဝန်ထမ်းဆောင်နေ၏။ ဗလလို ယောကျ်ားတစ်ယောက်ကိုပင် ပြာပြာ စိတ်မဝင်စားခဲ့။

လက်ထပ်ရန် ငြင်းဆန်ခဲ့သည်။ ပြာပြာရဲ့ ဖြူစင်တဲ့ နှလုံး

www.burmeseclassic.com

www.burmeseclassic.com

သားတွေကို သူနှစ်သက်မြတ်နိုးမိ၏။ အပြစ်မဲ့သော မိန်းကလေး
တစ်ယောက် အလုပ်က ထွက်သွားရမှာ မလုပ်သင့် မလုပ်အပ်သော
အလုပ်ပဲ။

ပြာပြာ အလုပ်မထွက်စေရဘူး။ ကြေကွဲမှုတွေ ခံစားနေ
တယ် ပြာပြာ။ မင်းကို ဘယ်လိုပြောရမလဲ ... ကိုယ် ဘာလုပ်
မလဲ။

ပြာပြာကတော့ ဘာမှမသိရှာဘဲ စားပွဲမှာ အလုပ်တွေလုပ်
နေသည်။ မိန်းမချောလေးတွေကို သူစိတ်ဝင်စားတတ်တာမဟုတ်
ခဲ့။

ရိုးသားဖြူစင်တဲ့ပြာပြာ ဖြစ်နေ၍ပဲ ဖြစ်သည်။ သူ့စိတ်တွေ
ကို အလုပ်ထဲမှာကြိုးစားပြီး ထားရ၏။ ပြာပြာလည်း သူ့အလုပ်တွေ
မှာ အားကိုးရသော ဝန်ထမ်းတစ်ယောက် ဖြစ်နေသည်။

ရင်ထဲမှာ လေးလံနေ၏။

"ဆရာ"

"ဟင်"

သူ့ရှေ့မှာ ပြာပြာ လာရပ်သည်။

"နေ့လယ်တစ်နာရီမှာ ကြော်ငြာကိစ္စအတွက် အပြင်သွား
ရမယ်နော်"

"အင်း"

"ဆရာ မနက်စာစားတော့လေ ... အပြင်ထွက်ရမှာ ရှိသေး
တော့ အနားယူမဲ့အချိန် ရှိနေအောင်ပါ"

မင်းဟာ ကိုယ့်အတွင်းရေးမှူးမလေး တာဝန်ကိုကျေပွန်စွာ





ထမ်းဆောင်နေတာ ကိုယ်သိပါတယ်။

အထူးသဖြင့် ... ဖြူစင်တဲ့ မင်းမျက်ဝန်းလေးတွေက ဖော်
ပြနေတယ်လေ။ ဒက်ဒီထင်နေသလို မင်းကိုယ့်ကို လုံးဝမမြူဆွယ်
ပါဘူး။ မမြူဆွယ်ခြင်းကပဲ ကိုယ့်ရဲ့အထင်ကြီးမှုတွေကို ဖြစ်ပေါ်စေ
ပါတယ်။

"ဆရာ"

"ဟင်"

"ထမင်းစားတော့မလား၊ ပြာပြာ ပြင်မလို့ပါ"

"ပြင်လေ ပြာပြာ"

ဆရာ့ကိုကြည့်ရတာ တစ်မျိုးပဲဟု သူမတွေးနေမိသည်။

မျက်ဝန်းတွေထဲမှာ တစ်စုံတစ်ခုအတွက် စိုးရိမ်ပူပင်မှုတွေ
ဖြစ်နေသည်ဟု သူမစိတ်ထဲမှာ ထင်မိနေ၏။

မစပ်စုချင်။

သူမ ကိစ္စမဟုတ်။ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်း
ကပဲ အဓိကဟု သူမထင်မှတ်ထားမိသည်။

ဆရာ့ကို ပြာပြာ လေးစားမိ၏။ တည်ကြည်ခန့်ညားသော
ယောကျာ်းတစ်ယောက်ဟုသာ မြင်မိနေသည်။

ပြာပြာကလည်း ဆရာ့အား ရိုသေလေးစားစွာ လုပ်ဆောင်
ပေးတတ်၏။ ထမင်းပွဲပြင်ပေးတဲ့အချိန်တွင် ရုံးခန်းတွင်းသို့ ခန့်ညား
ထည်ဝါလွန်းတဲ့ လူကြီးတစ်ယောက် ဝင်လာတော့သည်။

"ဟင် ... ဒက်ဒီ"

ဆရာ့အသံ ...

ပြာပြာ ထမင်းပွဲပြင်ပေးပြီး သူမစားပွဲသို့ ပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒက်ဒီ့ကိုမြင်လိုက်သဖြင့် လမင်းထိန် အထိတ်တလန့်ဖြစ်သွားရ၏။

ပြာပြာ ထမင်းပွဲပြင်တဲ့အချိန်မှ တိုက်တိုက်ဆိုင်ဆိုင် ဒက်ဒီက ရောက်လာရသည်။

"ဟိုကောင်မလေးလား မြမြာဆိုတာ"

"ဟုတ်ပါတယ် ဒက်ဒီ"

ကောင်မလေးက တော်တော်ချောမောလှပတာပဲဟု တွေးနေမိသည်။ သားနှင့်အလွန်နီးစပ်နေပုံပင်။

"သူက အလုပ်မလုပ်ဘဲ မင်းအနားမှာ ဘာလာလုပ်နေတာလဲ လမင်းထိန်"

ဒက်ဒီသည် ဒေါသတွေကိုထိန်းချုပ်ထားရပုံ ဖြစ်နေသည်။

လူကြီးလူကောင်းတစ်ယောက်ဖြစ်၍ ကုမ္ပဏီမှာ ပြဿနာမဖြစ်ရန် ထိန်းထား၏။

"မင်းတို့နှစ်ယောက်ရဲ့ ဆက်ဆံမှုက ရိုးသားတယ်လို့ မယူဆနိုင်ဘူးသား"

"ဒက်ဒီ"

"မင်းဒက်ဒီနဲ့ အပြင်လိုက်ခဲ့ပါ သား"

ပြာပြာ ရိုးသားစွာဖြင့် အလုပ်ရှင်တစ်ယောက်ကို လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း သူအသိဆုံးပင်ဖြစ်သည်။ ဒက်ဒီ အထင်မှားနေတာပါ။

သူ ... ဘယ်လိုရှင်းပြရမလဲ။ ပြာပြာရိပ်မိသွားမှာကို သူ အတော်လေး ကြောက်ရွံ့တုန်လှုပ်နေမိသည်။

"အပြင်သွားမယ် ဒက်ဒီ"





ဒက်ဒီ့ကို အပြင်ခေါ်ထုတ်သွားရသည်။ ပြာပြာကတော့ ဆရာ ဘာမှမပြောဘဲ ထွက်သွားသဖြင့် အံ့သြနေမိသည်။

ဘာတာဝန်မှပဲ ပေးမသွား။

နှုတ်ပင် မဆက်ပေ။

ဆရာ ဘာတွေဖြစ်နေသလဲ။ အိမ်မှာ ပြဿနာတစ်ခုခုများဖြစ်နေပြီလားဟု တွေးမိနေသည်။

ဆရာဟာ တည်ငြိမ်အေးချမ်းတဲ့ ယောကျ်ားတစ်ယောက်ပါ။ ဟွန်း ... မိန်းမတွေကို အထင်မကြီးဘူးတဲ့။

ပြာပြာ ရင်ထဲမှာ အောင့်သက်သက်နှင့် မကျေမနပ်ဖြစ်နေမိသလိုပင်။ ထို့ကြောင့်ပင် ...

ပြာပြာ အလုပ်တာဝန်တွေ ကြိုးစားရင်း ထူးချွန်တဲ့မိန်းကလေးတစ်ယောက်ဖြစ်စေရန် ကြိုးစားနေမိသည်။

ဆရာ အထင်ကြီးအောင်လား ...

မဟုတ်ပါဘူးနော်။ ကျွန်မက ဘယ်ယောကျ်ားကိုမှ အထင်ကြီးအောင် မလုပ်ရဘူး။

တစ်ယောက်တည်း တွေးနေမိသည်။ အလုပ်တွေကို ကြိုးစားလုပ်ရင်း တစ်ချက် တစ်ချက် ဆရာ့ကို သတိရမိ၏။

စိတ်ထဲမှာ ထင့်နေသည်။ ဆရာ ဘာဖြစ်လို့လဲ။

မျက်နှာလည်း မကောင်း။ ရုံးဆင်းတဲ့အထိ ဆရာပြန်ရောက်မလာပေ။ ဆရာ့ဟန်းဖုန်းကိုဆက်ရင် ကောင်းမလား။

ကိုယ်ရေးကိုယ်တာကိစ္စဖြစ်နေမှာလည်း စိုးပူ၍ သူမနှင့်မဆိုင်ဟု စိတ်ကိုလျှော့ပစ်လိုက်မိသည်။

ရုံးဆင်းရမလား။ ဆရာ့ကိုပဲ စောင့်နေရမလား။



www.burmeseclassic.com

www.burmeseclassic.com



သူမထံ အကျိုးအကြောင်း ဖုန်းဆက်ပြောသင့်သည်ဟု တော့ ထင်မိသည်။ ဘာအကြောင်း တစ်စုံတစ်ရာမှမလာ။

"ပြာပြာ"

"ဟင် ... မမယွန်း"

ပြာပြာ အခက်ကြုံနေတုန်း မမယွန်း ရောက်လာတာနှင့် အတော်ပဲ ဖြစ်သွားရသည်။

"မင်း ... ရုံးမဆင်းသေးဘူးလား ပြာပြာ"

"ဆရာ့ကို စောင့်နေတာပါမမ၊ မနက်တည်းက ထွက်သွားတာ ခုထိ ဘာအကြောင်းမှ မပြန်သေးလို့ပါ၊ တစ်နာရီကြော်ငြာကိစ္စလည်း မသွားဖြစ်ဘူးလား မသိဘူး"

"တခြားရုံးကိစ္စတွေ ရှိသေးလို့လား ပြာပြာ"

"ဟင့်အင်း"

"ရုံးဆင်းတော့"

"မမ"

"ဟင်"

"ဆရာတို့အိမ်မှာ ဘာပြဿနာတွေဖြစ်နေလဲ မသိဘူးနော်၊ ဆရာ့ဒက်ဒီလည်း လာတယ်၊ ဆရာလည်း မျက်နှာသိပ်မကောင်းဘူး"

"ဘယ်သိမလဲ ပြာပြာရယ်၊ မမထင်တာတော့ ကိုထိန် အိမ်ထောင်ပြုဖို့ကိစ္စ စီစဉ်နေတာပဲ ထင်တယ်"

မထင်မှတ်ဘဲနှင့် ထိုစကားတွေကို ပြာပြာ့အား ပြောမိသွားသည်။ ယွန်း လူတွေအပေါ် မနာလို ဝန်တိုမဖြစ်တတ်ပေမယ့်





ကိုထိန်နှင့်ပတ်သက်ပြီး မနာလို ဝန်တိုမိနေသည်။

သူမစိတ်တွေကိုပင် သူမ စဉ်းစားမရအောင် ဖြစ်နေရ၏။

ဘဝတစ်လျှောက်လုံး ... မာန်မာနတွေနှင့် ခန့်ထည်စွာ နေလာခဲ့သော ယွန်းပါ။

ကိုထိန်ကြောင့် ... ရှင့်ကို လက်လွှတ်ရမှာ ကျွန်မ ကြောက်ရွံ့တုန်လှုပ်နေမိသလိုပဲ ကိုထိန်။

ပြာပြာနှင့်ကိုထိန် နီးစပ်အောင် သူမပဲလုပ်ဆောင်ခဲ့မိသည်။ နောင်တတွေ ရနေမိ၏။ တကယ်ဆို ... ကိုထိန့်အနားမှာ သူမ အနီးကပ်နေပြီး ပြုစုယုယမှုတွေ ပေးရမှာ။

ပြာပြာက အရင်ကလို ခပ်ညှံ့ညှံ့ ကောင်မလေးတစ်ယောက် မဟုတ်တော့။ အစွမ်းအစတွေ ပိုပြီးထက်မြက်လာတာ တွေ့နေရသည်။

ယွန်း မနာလိုဝန်တို ဖြစ်ရ၏။ ကိုထိန့် စိတ်တွေ ပြာပြာ့အပေါ် တိမ်းညွတ်နေတာ သူမအသိဆုံး ဖြစ်နေရသည်။

"မမ"

"ဟင်"

"ဆရာက မိန်းမတွေကို အထင်သေးပြီး အိမ်ထောင်မပြုတာဆို"

"ဟုတ်တယ် ပြာပြာ"

"အင်းလေ ... ဆရာ့အဖေကလည်း အသက်ကြီးပြီဆိုတော့ ဖြစ်စေချင်မှာပဲ၊ အဟဲ ... ဆရာ့မျက်နှာမကောင်းတာ ဆရာ့အဖေက မိန်းမအတင်းပေးစားနေလို့ ထင်တယ်နော် မမ"

ပြာပြာက ရယ်မောပြီး ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်း မျက်နှာတော့ ပူသွားရ၏။ ကိုထိန့်ကို အိမ်က မိန်းမပေးစားတော့မယ်ဆိုတာ သိမှ ဒီကောင်မလေး တွန့်သွားမှာ။

ပြာပြာကိုယ်တိုင်လည်း ကိုထိန့်အပေါ် စိတ်ဝင်စားချင်ဝင်စားနေမှာပါ။

ယွန်း ဟန့်တားလိုက်တာလေ။

ပြာပြာ့လို မိန်းကလေးတစ်ယောက်နှင့်ယှဉ်ပြိုင်နေတာပင် ယွန်းရှက်မိသည်။

မလုပ်သင့်မှန်း သိသိကြီးနှင့် ယွန်းဘာဖြစ်လို့ လုပ်နေမိတာလဲ။

"ပြာပြာ ရုံးဆင်းတော့မယ် မမ"

"အေး ... အေး ... မမလည်း သွားတော့မယ်၊ ကိစ္စတစ်ခုရှိလို့"

"ဟုတ်ကဲ့ မမ"

"ပြာပြာ့ကို မမ ညည်းဆရာနဲ့ပတ်သက်ပြီးပြောရဦးမယ်၊ ကိုထိန့်ဒက်ဒီ ဦးသီဟထိန်က အရမ်းအဆင့်အတန်း ခွဲခြားတတ်တယ် ပြာပြာ၊ သူ့သား ဘာမဟုတ်တဲ့ မိန်းမတွေနဲ့ရမှာစိုးလို့ ဖြစ်နေတာလေ ... သွားမယ်နော် ပြာပြာ"

ဆရာ့အဖေ အဆင့်အတန်း ခွဲခြားတတ်ကြောင်း ဘာလို့ ပြောသွားရတာလဲ။ ပြာပြာနဲ့တော့ မဆိုင်ပါဘူး။

ဦးသီဟထိန် အဆင့်အတန်း ခွဲခြားတတ်တာ ဖြစ်နိုင်တယ်။ မျက်နှာကြောကြီးက တင်းလို့။ ဆရာ့ဖခင် အလုပ်တာဝန်တွေကို အနားယူပြီး ကျန်းမာရေးပဲ လုပ်နေသည်တဲ့။

အခု ... ဘာကြောင့် လိုက်လာရတာလဲ။ မမယွန်း ပြောသလိုပဲ အိမ်ထောင်ရေးကိစ္စကြောင့်ပဲ ဖြစ်မှာပါ။

ပြာပြာ မတွေးတော့ပါဘူး။ ဘာဆိုင်လဲ ...

ဆရာ့ ကိုယ်ရေးကိုယ်တာပဲ။ ဦးဘမောင်ကား မလာသေး၍ ပေါ်တီကိုအောက်မှာ ရပ်စောင့်နေမိသည်။

ဝန်ထမ်းတွေ သွားကုန်ပြီ။ မမယွန်းက သူမအားနှုတ်ဆက်ကားမောင်းထွက်သွားတော့သည်။

ကိုဘမောင်ကြီး ဘာလို့မလာတာလဲ။ ကားပျက်လို့လား။

နေမကောင်းဖြစ်တာတော့ မဟုတ်ပေ။ သူမ စောင့်နေမိသည်။

"ပြာပြာ"

"ဟင်"

ကိုဗလ ရောက်လာသည်။

"မပြန်ရသေးဘူးလား ပြာပြာ ... ကိုယ် လမင်းထိန်ဆီကိုလာတာပါ၊ ကိုထိန် ရုံးဆင်းသွားပြီလား ပြာပြာ"

"အင်း"

ကိုဗလနှင့်စကားမပြောချင်၍ အင်းဟုပဲ ဖြေလိုက်မိသည်။

"ပြာပြာ ... ကိုယ် လိုက်ပို့ပေးပါရစေ"

"နေပါစေ ... ပြာပြာ ရပ်ကွက်ထဲကို ဒီကားကြီးနဲ့ မဝင်ချင်လို့ပါ"

ရပ်ကွက်ထဲကလူတွေ တစ်မျိုးထင်မှာလည်း သူမစိုးရိမ်မိသည်။ ပြီးတော့ ...

ကိုဗလအပေါ် သူမစိတ်ထဲမှာ မချစ်နိုင်ဘူးဟု ထင်နေမိ၍



www.burmeseclassic.com

www.burmeseclassic.com



လည်း တမင် ကင်းကင်းနေဖို့ ဆုံးဖြတ်ထားမိသည်။

"ပြာပြာ"

"ရှင်"

"ကိုယ့်မှာ ဘာလိုအပ်ချက်တွေရှိလို့ ကိုယ့်ကိုငြင်းဆန်နေရတာလဲ ပြာပြာ ... မင်းမနှစ်သက်တာတွေ ကိုယ်အားလုံးပြင်ပါ့မယ် မင်းဆန္ဒတွေအတိုင်း အားလုံးဖြစ်စေရပါမယ် ... ကိုယ် ... "

"ကျွန်မ ကိုဗလနဲ့ ဘယ်လိုမှ လက်မထပ်နိုင်လို့ပါ၊ ဘယ်တော့မှလဲ ကျွန်မဘက်က စဉ်းစားမှာမဟုတ်ပါဘူး၊ ပြာပြာ သွားတော့မယ်နော်"

"ပြာပြာ"

သူမ ခြေလှမ်းတွေက ဘတ်စ်ကားဂိတ်ဆီသို့ လျှောက်လာခဲ့မိသည်။

ကျွန်မ ... ရှင့်ကို မချစ်ဘူး။

လောလောဆယ်မှာ ... ကျွန်မ အလုပ်တာဝန်တွေကလွဲပြီး ဘာကိုမှ မစဉ်းစားချင်ဘူး။

ငွေကြေးဥစ္စာ စည်းစိမ်တွေ မက်မောပြီး ယောကျ်ားတစ်ယောက်နှင့် လက်မထပ်နိုင်ကြောင်း သူမစိတ်ကိုသူမ သိနေမိသည်။

အိမ်ပြန်ရောက်လာ၏။

"ပြာပြာ ... ရုံးက လိုက်မပို့ဘူးလား"

"ကိုဘမောင် ကားမလာလို့ မမ"

"ညီမလေး ခဏနားပြီးရင် ရေချိုး ... ဒီနေ့ မမ ညီမလေး ကြိုက်တဲ့ဟင်းတွေ ချက်ထားတယ်ဟေ့"





"ဒါဆို ပြာပြာ အမြန်ဆုံး ရေချိုးပြီးစားမယ်"

သူမ ... အိပ်ခန်းထဲ ဝင်လာခဲ့သည်။

မမကြီးသည် သူမအပေါ် ချစ်ခင်ပြီး ဝတ္တရားကျေပွန်လွန်းသော အစ်မတစ်ယောက်ဖြစ်၍ မမကြီး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်လိုပေ။

ပြာပြာ ခဏအနားယူပြီး ရေချိုးလိုက်သည်။

သနပ်ခါး ရေကျဲလေးလိမ်းပြီး မီးဖိုခန်းထဲ ဝင်လာခဲ့မိ၏။

"လာ ... လာ ပြာပြာ၊ မမကြီးကတော့ ထမင်းပွဲ အဆင်သင့်ပြင်ပြီးပြီ"

ထမင်းပွဲမှာ ထိုင်လိုက်တော့ မမကြီး စီစဉ်ထားတာ ဟင်းတွေစုံနေသည်။

ပြာပြာ ကြိုက်တဲ့ မရမ်းသီးသုပ်လည်း ပါ၏။

ထမင်းစားပွဲမှာထိုင်ပြီး ဆရာ့ကို သတိရမိသွားရတော့သည်။

သူမနှင့်ဆရာအပြင်မှာ ထမင်းစားကြတာကိုပြန်ပြီး မြင်ယောင်လာမိ၏။ ဟင်းတွေ မျိုးစုံနေသည်။

ဆရာက သူမအကြိုက် မရမ်းသီးသုပ်ကို မှာပေး၏။

"မင်း ... ထမင်းချိုင့်ထဲမှာ အမြဲတမ်း မရမ်းသီးသုပ် ထည့်လာတတ်တာ ဆရာတွေ့လို့"

ဆရာနှင့်ဝင်တိုက်မိသည့်နေ့က ပြာပြာ့ ထမင်းချိုင့်မှ မရမ်းသီးသုပ်တွေ မှောက်ကျကုန်၏။

ရှက်လိုက်တာ ...

"ပြာပြာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"စားလေ"

"ဟုတ်"

မမကြီး သတိပေးလိုက်မှ အတွေးတွေ ပျောက်သွားပြီး ထမင်းစားဖို့ ပြင်လိုက်ရတော့သည်။

ထိမ ထိမ ထိမ





## အခန်း ( ၁၉ )

"ပြာပြာဆိုတဲ့ ကောင်မလေးကို အလုပ်ကနေ မထုတ်ပစ်စေချင်ရင် မင်းယွန်းနဲ့ လက်ထပ်ဖို့ သဘောတူပါသား"

ဒက်ဒီ အကျပ်ကိုင်တာပဲဟု သူတွေးမိလိုက်သည်။ ယွန်းကို မနှစ်သက်။

ပြာပြာ့လို စိတ်သဘောထား မဖြူစင်ဘူးဟု ထင်မိနေသည်။ ရိုးသားမှု မရှိ။ သူ့ကို ထောင်ချောက်ဆင်ခဲ့တာပဲဟု သူ့စိတ်တွေက သိနေသည်။

ပြာပြာ့ကို သူ့အနား ပို့ခဲ့သူက ယွန်း။

မင်းဘာကြောင့် ပို့ခဲ့တာလဲ။ ခပ်ညှံ့ညှံ့ ကောင်မလေးကို မင်းဘာကြောင့် ကိုယ့်အတွင်းရေးမှူးမလေး တစ်ယောက်အဖြစ် ရွေးချယ်ခန့်ထားခဲ့ရတာလဲ။

အကြောင်းရှိသည်။ ထိုအကြောင်းက ညှံ့ဖျင်းလွန်းတဲ့ မိန်းကလေးတစ်ယောက်နဲ့ကိုယ် နီးစပ်ဖို့ပဲ။

"ယွန်းက မရိုးသားဘူးလို့ သားထင်တယ် ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"ပြာပြာ့ကို သားအနားရောက်လာဖို့ ယွန်းရွေးချယ်ခဲ့တာပဲ ဘာကြောင့် ရွေးချယ်ရတာလဲဆိုတော့ သားကိုချိုးနှိမ်ပစ်ဖို့ ကြိုးစားတာပဲ"

ဦးသီဟထိန် တွေဝေစွာ သားကို ဆတ်ခနဲ ကြည့်မိသည်။ ယွန်းက ဝန်ထမ်းရွေးချယ်တဲ့ တာဝန်နှင့်အုပ်ချုပ်မှုအပိုင်း တာဝန်ခံ။

သားက လုပ်ငန်းပိုင်းဆိုင်ရာကို တာဝန်ယူရသည်။

"ပြာပြာ အတော်လေး ကြိုးစားလို့ အောင်မြင်လာတာပါ၊ ဒီကောင်မလေး အလုပ်ကို အရမ်းကြိုးစားတယ်"

"ဘာပဲဖြစ်ဖြစ် ဒီလိုကောင်မလေးမျိုးနဲ့တော့ ဒက်ဒီ လုံးဝ သဘောမတူနိုင်ဘူး"

"သားနဲ့ ပြာပြာ ချစ်သူတွေမှ မဟုတ်တာဘဲ ဒက်ဒီ"

"တစ်နေ့ နီးစပ်သွားတာမျိုးလည်း ဒက်ဒီ လုံးဝလက်မခံနိုင်ဘူးသား"

ဦးသီဟထိန်ကတော့ သားနှင့်ပြာပြာ့ကို လုံးဝသဘောမတူနိုင်ပေ။

နီးစပ်သွားမှာပင် ကြောက်နေမိသည်။

"သားရဲ့ကိုယ်ကျင့်တရားကို ယုံကြည်ပါ ဒက်ဒီ၊ သား ပြာပြာ့ကို လက်ထပ်ဖို့ မကြိုးစားပါဘူး၊ ပြာပြာ့ကို အလုပ်ထုတ်ပစ်ဖို့ မကြိုးစားပါနဲ့နော်"

"မင်းက ပြာပြာဆိုတဲ့ ကောင်မလေးအတွက် ဘာကြောင့် ဒီလောက်အထိ အကာအကွယ်ပေးနေရတာလဲ"





"ပြာပြာ့မှာ ဘာအပြစ်မှ မရှိလို့ပါ ဒက်ဒီ"

မင်းအနားမှာရှိနေတာကိုက အပြစ်ပဲဟု ပြောချင်သည်။ မိမိသိ၏။ သားသည် ပြာပြာဆိုတဲ့ ကောင်မလေးအပေါ် သံယောဇဉ်ကြီးနေသည်။ သေချာ၏။ အဖြစ်မခံနိုင်ဘူး။

"ပြာပြာ အလုပ်ထွက်ရတာမျိုး သားလက်မခံနိုင်ဘူး ဒက်ဒီ"

"မင်းက အသက်ကြီးလာပြီဖြစ်တဲ့ အဖေကို အာခံဆန့်ကျင်တာလား လမင်းထိန်"

ဒက်ဒီနှင့်သူသည် ကြီးမားသော ပဋိပက္ခအသွင် ဆောင်လာခဲ့သည်။ မဖြစ်သင့်ပါဘူး။

ပြာပြာ့မှာ အပြစ်မှ မရှိတာ။ လောလောဆယ် ဖြစ်ပျက်နေတဲ့ အကြောင်းကိစ္စတွေပင် ပြာပြာမသိ။

ပြာပြာနှင့်သူ ချစ်သူတွေလည်းမဟုတ်။ မင်းကြောင့် ကိုယ်စိတ်ဒုက္ခတွေ အကြီးအကျယ်ရောက်နေရပြီ ပြာပြာ။ ကိုယ် ဘာဆက်လုပ်ရမလဲ။

ယွန်းရဲ့ ထောင်ချောက်ထဲကို သူသက်ဆင်းမိလိုက်ခြင်းသာဖြစ်သည်။

"သားကိုချစ်ရင် ဒက်ဒီ နားလည်ပေးသင့်ပါတယ်၊ အပြစ်မရှိတဲ့ ဝန်ထမ်းတစ်ယောက်ကို ဘာအကြောင်းပြချက်နဲ့ ဒက်ဒီ အလုပ်ထုတ်ပစ်မလဲ"

"အကြောင်းပြချက် ရှိရှိ မရှိရှိ မင်းအနားမှာ ရှိမနေစေချင်လို့ အလုပ်ကနေ ထုတ်ပယ်ပစ်ရမှာပဲ လမင်းထိန်"

ဦးသီဟထိန်ကတော့ အပြတ်သားဆုံး လုပ်ပစ်ရမှာပဲ။

ပြာပြာ့လို မိန်းကလေးတစ်ယောက်နဲ့ မိမိသားကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နည်းနှင့်မှ လက်ထပ်ဖို့ သဘောမတူနိုင်ပေ။

တားဆီးရမယ်။

“လမင်းထိန် ... မင်း ဒက်ဒီစကားတွေကို ဆန့်ကျင်မယ်ဆို ရင် မင်းကို သားအဖြစ်ကနေ စွန့်လွှတ်ရလိမ့်မယ်”

ဒီကိစ္စ တင်းတင်းကျပ်ကျပ် ကိုင်တွယ်မှဖြစ်တော့မည်။

သားသည် ပြာပြာနှင့်ပတ်သက်ပြီး အတော်လေး ထိခိုက် ကြေကွဲနေပုံပင်။ အလျှော့ပေးလို့ မဖြစ်တော့ဟု မိမိ တွေးမိလာ သည်။

စိတ်ထဲမှာ ထိုကိစ္စအတွက် လေးလေးလံလံကြီး ဖြစ်နေ ၏။ ပြာပြာနဲ့သားကို သဘောမတူနိုင်လောက်အောင် ဖြစ်နေသည်။ မနီးစပ်စေချင်။

“မင်း စဉ်းစားပါ ... နောက်ဆုံးတော့ မင်းက မအေတူသား ပဲ လုပ်ချင်တာကိုလုပ်မယ်၊ ငါ့မျက်နှာကို လုံးဝမထောက်ထားဘူး ပေါ့ ဟုတ်လား လမင်းထိန်”

သူ ... ဘာမှ မလုပ်သေးပေ။

ပြာပြာနှင့်သူ ဘယ်လိုမှ မပတ်သက်သေးကြောင်း ဒက်ဒီ ကို ဘယ်လိုရှင်းပြရမလဲ။

“သား ဘာမှမလုပ်သေးပါဘူးဒက်ဒီ ... ရိုးရိုးသားသား မိတ်ဆွေတွေ အဆင့်လောက်ပါပဲ”

“ဒက်ဒီ လက်မခံနိုင်ဘူး၊ ပြာပြာ့ကို အလုပ်က ထုတ်ပစ်ရ လိမ့်မယ် ... မင်းအနားမှာ ရှိနေတာကို ငါဘယ်လိုနည်းနဲ့မှ လက် မခံနိုင်ဘူး”

ဒက်ဒီကို ဘယ်လိုမှရှင်းပြ၍မရတော့အောင် ဖြစ်နေသည်။





သူ့ရင်ထဲမှာ ... အပြစ်မဲ့သော ပြာပြာ့ကို အပြစ်ဒဏ်ပေးတာတော့ လုံးဝမတရားဘူးဟု ထင်မိနေသည်။

အဓိပ္ပာယ်မဲ့လွန်းသော အလုပ်တွေကို သူလက်မခံနိုင်ပေ။

“ဒီကုမ္ပဏီကို ဒက်ဒီပဲ ပြန်ကိုင်တော့မယ် သား”

“ဟင်”

သူ ... စိတ်ပူသွားမိသည်။ သောကတွေကြီးစွာ ရောက် သွားရတော့၏။

ပြာပြာ ... ကိုယ့်ကြောင့် မင်းဂုဏ်သိက္ခာမဲ့ရတော့မယ်။

ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်နေမိသည်။

“မင်း အလုပ်သွားစရာ မလိုတော့ဘူး လမင်းထိန်”

“ဒက်ဒီ”

“မင်း ငါ့အမိန့်ကို မနာခံချင်ရင်လည်းရတယ်၊ မင်းအမေ အပေါ် ငါအလိုလိုက် နားလည်မှုပေးခဲ့လို့ ငါ့ဘဝပျက်ခဲ့ရတာပဲ လမင်းထိန်”

ဦးသီဟထိန်ကတော့ သားကို လုံးဝအလျှော့မပေးနိုင်တော့ ပေ။ တင်းမာပြတ်သားစွာ ကိုင်တွယ်မှ ဖြစ်တော့မည်။

သားကို ချစ်၍ပါ။ ဂုဏ်သရေ ကင်းမဲ့နေသော မိန်းကလေး တစ်ယောက်နှင့်တော့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ပေ။

“ဒက်ဒီ”

“မင်း ဘာပဲပြောပြော ငါလက်မခံနိုင်ဘူး လမင်းထိန်၊ ပြာပြာ့လို မိန်းမမျိုးကို ငါ့ချွေးမတစ်ယောက်အဖြစ် လက်မခံနိုင်ဘူး”

“သားနဲ့ပြာပြာ ရိုးသားကြပါတယ် ဒက်ဒီ ... ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဒက်ဒီ ယုံပါ"

"လမင်းထိန်"

"ဒက်ဒီ"

"အခု ... ရိုးသားနေရင်တောင်မှ နောင်တစ်နေ့ မရိုးမသား ဖြစ်လာနိုင်သေးတယ်"

"ကျွန်တော် ... "

"အကောင်းဆုံးက ပြာပြာဆိုတဲ့ ကောင်မလေး ငါတို့ကုမ္ပဏီမှာ ရှိမနေဖို့ဘဲ"

"ဒီလို လုပ်လိုက်လို့ သားနဲ့ပြာပြာ ဝေးသွားမယ်လို့ ထင်လား ဒက်ဒီ"

ပိုပြီးတောင် နီးစပ်သွားနိုင်သေးသည်ဟု ထင်မိသည်။

သူ ... ပြာပြာ့ကို သနားနေမိသည်။

ပြီးတော့ ... ချစ်သည်။

ဒီမိန်းကလေး တစ်ခုခုဖြစ်သွားမှာ သူအကြောက်ဆုံးဖြစ်နေမိ၏။

ဘယ်လို တားဆီးရမလဲ။ ပြာပြာ့ကို ဘယ်လိုအကာအကွယ် ပေးရမလဲ။

"ပြာပြာဟာ အပြစ်မဲ့တဲ့ မိန်းကလေးပါ ဒက်ဒီ၊ အဲဒါ ယုံပါ"

ပြာပြာသည် ဘာမှမသိဘဲ ပကတိ ရိုးသားဖြူစင်သူဖြစ်သည်။

နှုတ်ခမ်းသားလေးတွေက တင်းမာခက်ထန်ပြီး မာန်မာန ရှိသူပင်။





"ပြာပြာက ဗလလို လူတစ်ယောက်ကိုတောင် စိတ်မဝင်စားဘူး ဒက်ဒီ"

"ဘာကွ"

ဗလဆိုတာက စိတ်သဘောထား ပြည့်ဝပြီး ချမ်းသာသော အသိုင်းအဝိုင်းက သူတစ်ယောက်ဖြစ်သည်။ မိန်းကလေးတွေ စိတ်ဝင်စားလွန်းသော ယောက်ျားပဲ။

"ဗလက ပြာပြာ့ကို လက်ထပ်ခွင့် တောင်းနေတာပါ"

"ဗလက မင်းလောက် စိတ်ဝင်စားမှု မရှိလို့ ဖြစ်မှာပေါ့ လမင်းထိန်"

"ဒက်ဒီ"

"မင်းကို ဒီနေ့ကစပြီး အလုပ်ကနေ ရပ်ဆိုင်းလိုက်ပြီ"

ဒက်ဒီ ထွက်သွားသည်။ လမင်းထိန် စိတ်ဓာတ်တွေ အကြီးအကျယ် ကျနေမိ၏။

ဒက်ဒီ မတရားဘူး။

လုံးဝ မတရားဘူး။

မဖြစ်ဘူး။

သူ ... ပြာပြာ့ကို အကာအကွယ် ပေးရမယ်။

အရှက်သိက္ခာတွေအတွက် သူ့မှာတာဝန်အရှိဆုံးပဲ ဖြစ်နေသည်ဟု ထင်မိသည်။

တစ်ယောက်တည်း ဆောက်တည်ရာ မရအောင် သောကဝေဒနာတွေ ခံစားနေရ၏။

ပြာပြာကလည်း ဆရာမလာသေး၍ စိတ်တွေပူပင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုံးနောက်ကျပြန်ပြီ။

ဆရာ ဘာတွေဖြစ်နေပြီလဲ မသိဘူး။

မကြာခဏ ... အလုပ်ပျက်နေသည်။

မဖြစ်ဘူး ...

ဖုန်းဆက်ကြည့်ဦးမှ ...

ဆရာ့ဟန်းဖုန်းကို သူမ ဆက်သွယ်လိုက်တော့သည်။

"တူ ... တူ"

"တူ ... တူ"

သူ့ဖုန်းမြည်လာ၍ ဖွင့်ပြီး နားထောင်ပစ်လိုက်မိသည်။

"ဟဲလို ... အမိန့်ရှိပါ လမင်းထိန်ပါ"

နေလရောင်ကုမ္ပဏီကပါဟု မပြောဖြစ်တော့။

သူနှင့်ဘာမှ မဆိုင်တော့ပေ။

"ဆရာ"

"ဟင် ... ပြာပြာ"

ပြာပြာ ဖြစ်နေသည်။ သူ့ရင်ထဲမှာ ထိတ်ခနဲ ခုန်သွားရတော့သည်။ ဒက်ဒီ ရုံးသွားမယ်ဆိုပြီး ထွက်သွားတာ ရောက်မလာသေးဘူးထင်တယ်။

"ဆရာ ရုံးနောက်ကျနေလို့ ပြာပြာ စိတ်ပူပြီးမေးတာပါ"

"ဆရာ ရုံးမတက်တော့ဘူးလေ ပြာပြာ"

"ဟင် ... ဘာဖြစ်လို့လဲ၊ မမယွန်းက ပြောတယ် ... ဆရာ အိမ်ထောင်ပြုတော့မယ်ဆို၊ ကောင်းတယ်ဆရာ ... ပြာပြာ သတို့သမီးအရန် လုပ်ပေးရမလားဟင်"

ပြာပြာ့အသံလေးက ရွှင်လန်းတက်ကြွမှုတွေ အပြည့်ဖြစ်နေ





သည်။ ရင်ထဲ နာကျင်နေမိ၏။

ဒက်ဒီက ကိုယ့်အတွက်နဲ့ မင်းကို အလုပ်ကနေ ဖယ်ရှားပစ်တော့မယ်။

မင်း ရိုးရိုးဝန်ထမ်းတစ်ယောက် ဖြစ်နေရင်တောင်မှ ဒီအဖြစ်မျိုးတွေ မင်းရင်ဆိုင်ရမှာ မဟုတ်ဘူး ပြာပြာရယ်။

"ဆရာ"

"ဟင်"

"ရုံးကို ဆရာ ဘယ်အချိန်ရောက်မှာလဲ ... ညနေ ဒင်နာအတွက် ဆရာ့ကို ဖိတ်စာရောက်နေပြီ"

"ပြာပြာ"

"ရှင်"

"ကိုယ် လောလောဆယ် အလုပ်တွေရှိနေလို့ ရုံးခန်းကို မလာနိုင်သေးဘူး"

"ဟင်"

"ဒက်ဒီ လာလိမ့်မယ်၊ အခြေအနေအရ သင့်တော်မယ့် တာဝန်တွေ မင်းကိုပေးလိမ့်မယ် ပြာပြာ"

"ဟုတ်ကဲ့ပါ ဆရာ ... စိတ်ချပါ၊ ပြာပြာ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မှာပါ"

ပြာပြာရယ်။

သူ့ရင်ထဲမှာ ကျိတ်ပြီး ညည်းတွားပစ်လိုက်မိသည်။

မင်း ... တကယ် ဖြူစင်တယ်။

ဘာမှမသိဘူး။ ကိုယ်မြတ်နိုး တန်ဖိုးထားရတာ မင်းရဲ့နှလုံး

www.burmeseclassic.com

www.burmeseclassic.com

သားတွေကိုပဲ။

"အင်းလေ ... ဆရာ လက်ထပ်ဖို့ကိစ္စ ရှုပ်နေမှာပဲနော်၊ ပြာပြာရော ဘာကူညီရမလဲ၊ လိုအပ်တာ ခိုင်းပါနော် ... ဘာပဲဖြစ်ဖြစ် ဆရာ့ရဲ့ သွန်သင်ဆုံးမမှုကြောင့် ပြာပြာလေ ... အခုလို ယဉ်ကျေးသိမ်မွေ့လာခဲ့တာပါ ဆရာ"

ပြာပြာ ရင်ထဲမှ ရှိနေတဲ့စကားတွေကို ပြောမိသည်။ အခုဆိုရင် အရင်ကနှင့် လုံးဝမတူတော့ဘဲ ယဉ်ကျေးသိမ်မွေ့ပြီး အလုပ်တာဝန်တွေကို တိကျစွာ ထမ်းဆောင်တတ်လေ၏။

ပညာတွေလည်း ရသည်။

ပြာပြာ့စိတ်ဓာတ်တွေ ပိုပြီးခိုင်မာပြတ်သားလာခဲ့ရ၏။

"ဆရာ့ကျေးဇူးတွေကို ပြာပြာ ဘယ်တော့မှ မမေ့ပါဘူး ဆရာရယ်၊ မမယွန်းရယ်ကို ပြာပြာ အိပ်ရာဝင်တိုင်း ကန်တော့အိပ်တယ်"

ယွန်းဆိုတဲ့ မိန်းမက မင်းကိုထောင်ချောက်တစ်ခုထဲ ကျားတစ်ကောင်ရဲ့ အစာအဖြစ် ထိုးသွင်းကျွေးပစ်ခဲ့ပါတယ် ပြာပြာ။ မင်းမသိဘူး မဟုတ်လား။

"ပြာပြာ"

"ရှင်"

"ဗလရော ... ပြာပြာ့ဆီ လာသေးလား"

"ဟင့်အင်း ... ပြာပြာ စိတ်မဝင်စားပါဘူး၊ မမကြီးလိုပဲ ပြာပြာ အပျိုကြီးပဲလုပ်ဖို့ ဆုံးဖြတ်ထားပြီးသားပါနော်"

ပြာပြာက ရယ်မောသံလေးနှင့်အော်နေသည်။





မကြာခင် ...

မိုးသက်မုန်တိုင်းတစ်ခု မင်းအနားမှာ ကျရောက်တော့မယ် ပြာပြာ။ ဒက်ဒီ လာတော့မယ် ...

ကိုယ့်ကို အလုပ်တာဝန်ကနေ ရပ်ဆိုင်းပစ်လိုက်ပြီ။

မင်း သိသွားရင် ... သူ ...

ဆက်ပြီး မတွေးရဲတော့။

တစ်စုံတစ်ခုကိုတော့ ပြတ်သားစွာ ဆုံးဖြတ်သင့်သည်ဟု ထင်မိလာရသည်။

သူ ချစ်ရတဲ့ ပြာပြာ။

ရိုးသားဖြူစင်တဲ့ မိုးတိမ်ပြာ။ မင်းရည်မှန်းချက်တွေ မျှော်လင့်ချက်တွေ မင်းဘဝကြီး တစ်ခုလုံးကို ကိုယ့်ဒက်ဒီက ချေမွဖျက်ဆီးပစ်တော့မယ်။

အဲဒါ ...

မင်းလေးစားနေတဲ့ မိန်းမတစ်ယောက်ကြောင့်ပဲ ပြာပြာရယ်။

ဖုန်းချသွားပေမယ့် ပြာပြာ့အသံလေးတွေက သူ့အနားမှာ ရစ်ဝဲကျန်နေသေးသည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

"ကလေးမ"

"ရှင်"

"မင်း ဘယ်သူ့ဆီ ဖုန်းဆက်နေတာလဲ"

"ဆရာ့ဆီပါ"

"လမင်းထိန်ဆီလား"

"ဟုတ်ကဲ့"

ဆရာ့ဒက်ဒီ ... မျက်ဝန်းအကြည့်တွေက တင်းမာခက်ထန်နေသည်။ သူမ အထိတ်တလန့် ဖြစ်သွားရ၏။

"သားဆီ ဘာအကြောင်းရှိလို့ မင်းဆက်ရတာလဲ"

"ဟို ... ဟို ... ဆရာ ရုံးနောက်ကျနေလို့ စိတ်ပူပြီး ပြာပြာ ဆက်ကြည့်တာပါ"

"သူ့ ရုံးခန်းကို လာစရာအကြောင်း မရှိတော့ဘူး"

"ရှင်"

"လုပ်ငန်းတွေအားလုံး ငါပြန်ယူထားပြီးပြီ"





"ရှင်"

"မင်းလည်း အတွင်းရေးမှူးရာထူးနဲ့တာဝန် ထမ်းဆောင်စရာ မလိုတော့ဘူး"

"ရှင်"

သူမ အံ့ဩတုန်လှုပ်စွာဖြင့် ဆရာ့အဖေကို ကြည့်မိသည်။ ဆရာ ဘာဖြစ်လို့များ အလုပ်တာဝန်တွေကို မထမ်းဆောင်တော့တာလဲ။ ကုမ္ပဏီမှာ ဘာပြဿနာမှ မရှိ။ လုပ်ငန်းတွေလည်း ဆရာ့ဦးဆောင်မှုအောက်တွင် အောင်မြင်တိုးတက်နေသည်။

"မင်း ပြန်လို့ရပြီ ပြာပြာ"

"ရှင်"

"မင်းနောက်နေ့လည်း အလုပ်လာပြီး ဆင်းစရာမလိုတော့ဘူး ပြာပြာ"

သူမ တုန်လှုပ်ချောက်ချားစွာဖြင့် ကြည့်မိသည်။ ကျွန်မ အလုပ်ဆင်းစရာ မလိုတော့ဘူးတဲ့။

ဘာကြောင့်လဲ ... နားမလည်နိုင်။

"လမင်းထိန်အပေါ် ငါအယုံအကြည်မရှိတော့လို့ လုပ်ငန်းတွေကို ရုပ်သိမ်းပစ်လိုက်တာပဲ"

"ဟို ... ဟို ... ဆရာက အရမ်းထူးချွန်တာပါ၊ လုပ်ငန်းတွေလည်း အောင်မြင်ပါတယ်"

"ဘာပဲဖြစ်ဖြစ် လမင်းထိန် အိမ်ထောင်ပြုတော့မယ်၊ ဒီလုပ်ငန်းတွေမှာ စိတ်ဝင်စားမှာ မဟုတ်တော့ဘူး မိန်းကလေး"

မိုးတိမ်ပြာဆိုတဲ့ ကောင်မလေးက ချောမောလှပလွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ သား စွဲလမ်းမယ်ဆိုရင်လည်း စွဲမက်ချင်စရာ ဖြစ်၏။

ဦးသီဟထိန်ကတော့ မိုးတိမ်ပြာနှင့်သားကို ဘယ်လိုနည်းနှင့်မှ သဘောမတူနိုင်။ တားဆီးပစ်ရမှာပဲ။

"မိုးတိမ်ပြာ"

"ရှင်"

"မင်းအတွက် နစ်နာကြေးကို ကုမ္ပဏီက ထုတ်ပေးပါ့မယ်"

သူမအား ယဉ်ယဉ်ကျေးကျေးနှင့် အလုပ်ကနေ ထုတ်လိုက်ခြင်းဆိုတာ သူမ ချက်ချင်းသဘောပေါက်သွားမိသည်။

ဘာအပြစ်ရှိလို့လဲ။

ကုမ္ပဏီအတွက် အကျိုးဖြစ်ထွန်းအောင် သူမအစွမ်းကုန်ကြိုးစားလုပ်ဆောင်နေခဲ့သည်။

"မိန်းကလေး"

"ရှင်"

"မင်းကို မောင်ဗလက လက်ထပ်ခွင့်တောင်းထားတယ်ဆို"

သူမ ... နားမလည်မိ။

ဆရာ့ဒက်ဒီသည် စိတ်သဘောထား ပြည့်ဝသော လူကြီးလူကောင်းတစ်ယောက်ဟု ထင်ခဲ့မိသည်။

သူမအား အကြောင်းမဲ့ အလုပ်ထုတ်ခြင်းသည် ဆရာနှင့်နီးစပ်မှုအတွက်ဟု သူမ တွေးမိလိုက်၏။

မျက်ဝန်းလေးတွေ တင်းမာခက်ထန်သွားရသည်။ ဒေါသတွေ ဖြစ်သွားမိ၏။

"မင်း ဗလကို စဉ်းစားသင့်တယ် ... လူတော်လေးတစ်





ယောက်ပါ၊ တစ်ခုတော့ ရှိတယ်နော် ... ဗလအမေက မင်းနဲ့တော့ သဘောတူမှာမဟုတ်ဘူး၊ ဒါလည်းကွယ် ... မိဘဆိုတာတော့ ကိုယ့်သားသမီးကို ဆင်စီးပြီး မြင်းရံစေချင်ကြတာပဲပေါ့ အပြစ်မရှိပါဘူး"

"အန်ကယ် ... ကျွန်မက ရိုးသားဖြူစင်တဲ့ မိန်းမကောင်းတစ်ယောက်ပါ၊ ကိုဗလပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားပါဘူး၊ အထင်လည်း မကြီးပါဘူး၊ ကျွန်မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲသိတာပါ"

"ကောင်းတာပေါ့ မိန်းကလေး၊ အခုလိုကြားရတာ ဝမ်းသာတယ်၊ ဂုဏ်ယူပါတယ် ... မင်း မောင်ဗလကို ငြင်းလိုက်တာမှန်တယ် မိန်းကလေး၊ မင်းနဲ့တော့ သဘောတူကြမှာမဟုတ်ဘူး၊ မိဘတွေ စိတ်သောက ရောက်ကြမှာ"

"ရှင်"

ဆရာ့ဒက်ဒီ စကားတွေရဲ့ အတိုင်းအတာကို သူမသိလိုက်ပြီဖြစ်သည်။

ပြောရက်လိုက်တာ ... သူမကို အထင်သေးစွာဖြင့် စော်ကားလိုက်ခြင်းသာ ဖြစ်သည်။

ဒေါသတကြီး တုန့်ပြန်ဖို့ စဉ်းစားပြီးမှ ဆရာ့မျက်နှာကိုမြင်ယောင်လာပြီး စိတ်တွေကို လျှော့ပစ်လိုက်သည်။

"ကျွန်မ အလုပ်ကထွက်ပါ့မယ်၊ ဘာလခမှ နစ်နာကြေးပေးစရာမလိုပါဘူး ... ဒီမှာ လုပ်ရတာ ကျွန်မမှာ ဘာနစ်နာမှုမှမရှိပါဘူး ... ပညာတောင် ရလိုက်ပါတယ်"

ပြောပြီး ... အိတ်လေးကိုယူပြီး သူမ ထွက်လာခဲ့မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြာပြာ"

မမယွန်းက ဆီးကြိုမေးသည်။

"ဘာဖြစ်တာလဲ"

"ကျွန်မကို ဘာအကြောင်းပြချက်မှ မရှိဘဲ အလုပ်ထုတ်ပစ်လိုက်တာလေ"

"ဟင်"

"ရပါတယ်မမ ... ဆရာ့အဖေက ပြာပြာ့ကို အထင်သေးတာ ငါ၊ ဆရာနဲ့ နီးစပ်သွားမှာစိုးလို့ ထင်ပါရဲ့ ... အရမ်းစော်ကားတာပဲ မမရယ်၊ ပြာပြာ အလုပ်က ထွက်လိုက်တာပဲ ကောင်းပါတယ်"

ပြာပြာ့မှာ အပြစ်ကင်းမဲ့တယ်ဆိုတာ သူမ အသိဆုံးပင်။

ကိုထိန်သိရင် ဒေါသတွေ ပေါက်ကွဲတော့မှာပဲ။ ယွန်း စိတ်မကောင်းဖြစ်ရသည်။

ဒီကောင်မလေးက ဓားစာခံမလေးတစ်ယောက် ဖြစ်နေ၏။ ကိုထိန့်အပေါ် ယွန်းတမင်သက်သက် ပညာပေးလို၍ ထောင်ချောက်ဆင် ဖမ်းပစ်လိုက်ခြင်းသာ ဖြစ်သည်။

"မမ သွားပြောပေးမယ် ပြာပြာ၊ အန်ကယ်က အထင်လွဲတာဖြစ်မှာပါ ... လူကြီးဆိုတော့ စိုးရိမ်စိတ်တွေ လွန်ကဲတာပါ၊ ပြာပြာ ဘယ်လောက်ရိုးသားဖြူစင်တယ်ဆိုတာ မမသိတာပဲ"

"နေပါစေတော့ မမယွန်း၊ ပြာပြာ သွားတော့မယ် အလုပ်ကနေ ထွက်ရလို့လည်း ပြာပြာ ဘာမှမဖြစ်ပါဘူး ... ပညာတွေရလိုက်တာပဲ ... အရင်ကလို ခပ်ညံ့ညံ့ကောင်မလေးတစ်ယောက် မဟုတ်တော့ဘူးလေ မမ"

ပြာပြာ ထွက်လာခဲ့သည်။





ယွန်းကတော့ နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

ပြာပြာ ဘာမှမသိတာ သေချာသည်။ သူမ အစိုးရိမ် လွန်တာပါ။ ရှင့်ဘက်ကပဲ ပြာပြာ့အပေါ် စိတ်တွေ တိမ်းညွတ်နေတာ မဟုတ်လား ကိုထိန် ...

ယွန်း မှားသွားပြီလား။

မမှားဘူး ...

ကိုထိန့်အပေါ် ယွန်းစိတ်တွေ တိမ်းညွတ်နေမိတာတော့ အမှန်ပဲ ဖြစ်သည်။

ကျွန်မ လက်လွှတ်အဆုံးရှုံး မခံနိုင်လို့ပါ။

"ယွန်း"

"အန်ကယ်"

"အန်ကယ်ကတော့ အပြတ်သားဆုံး အရေးယူဆောင်ရွက်ပစ်လိုက်တယ်"

"ကိုထိန်က ... "

"သားဘဝရှေ့ရေးအတွက် ဖခင်တစ်ယောက်ရဲ့ လုပ်ရမယ့်အလုပ်ပဲလေ၊ သတ္တိရှိရှိ လုပ်ရမယ် ... အန်ကယ်ကတော့ အလုပ်သင့်ဆုံး အလုပ်လို့ ထင်တယ်"

"ကိုထိန်က ယွန်းကို အထင်လွဲနေတယ် အန်ကယ် ... ယွန်းက ကောင်မလေးရုပ်ရည်ကိုကြည့်ပြီး ကုမ္ပဏီအတွက် လိုအပ်မှုအဖြစ် သတ်မှတ်ပြီး ရွေးချယ်လိုက်မိတာပါ"

ကိုထိန်က မိမိအကွက်ဆင်လိုက်တာပဲဟု ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဟုတ်နေ၏။ ရှင်က ယွန်းရဲ့မာန်မာနတွေကို ရိုက်ချိုးပစ်ခဲ့သလို ရှင့်ဘဝရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေ အားလုံးလည်း ပျက်စီးဆုံးရှုံးသွားရပြီ မဟုတ်လား။

ကြီးကျယ်ခမ်းနားလွန်းတဲ့ ရှင့်အတွက် ဘဝပျက်မတတ် ခံစားနေရပြီ။

ယွန်းဟာ ယုတ်မာကောက်ကျစ်တဲ့ မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါဘူး။

ဒါပေမယ့် ... ရှင့်ရဲ့ ငြင်းပယ်မှုကြောင့် ဂုဏ်သိက္ခာတွေ ကျခဲ့ရတဲ့ ကျွန်မဘဝအတွက် ပေးဆပ်မှုတစ်ခုအဖြစ် ကျွန်မ လုပ်သင့်တယ်လို့ ထင်တယ်။

"သားဘက်က ဘယ်လိုပဲထင်ထင် အရေးမစိုက်နဲ့ ... အန်ကယ်ကတော့ သမီးနဲ့ လက်ထပ်ဖို့ကိစ္စ ဇွတ်အတင်းစီစဉ်ရမှာပဲ ... သမီးဘက်က လက်ခံမယ် မဟုတ်လားကွယ်"

သူမ ... မဆိုင်းမတွပင် ခေါင်းညိတ်ပြလိုက်မိသည်။

အန်ကယ်သီဟထိန် အပြုံးတွေက သူမ နှလုံးသားတွေကို ပူလောင်သွားစေ၏။ ကိုထိန်က လက်ခံမှာမဟုတ်။

ငြင်းပယ်မှာပဲ ...

သူမအား အမုန်းကြီး မုန်းတီးသွားတော့မှာ သေချာနေသည်။





အခန်း ( ၂၁ )

မမကြီးသာသိသွားရင် ဘယ်လောက်အထိ စိတ်မကောင်းဖြစ်ရမလဲ။

သူမ ...

နာမည်ပျက်နှင့်အလုပ်က ထွက်ရသလိုကြီး ဖြစ်ရသည်။ သူမမှာ ဘာအပြစ်တွေ ရှိလို့လဲ။ ဦးသီဟထိန်ရဲ့ စကားတွေက သူမအပေါ် စော်ကားလွန်းသော စကားတွေသာဖြစ်ကြောင်း သိနေသည်။

သားဖြစ်သူ ကိုလမင်းထိန်နှင့်ပတ်သက်ပြီး သူမနှင့်မသက်ဆိုင်ဖြစ်နေပုံပင်။

ဆရာက ရိုးသားတည်ကြည်သူ။ သူမကလည်း ယောကျ်ားတစ်ယောက်လို စိတ်ဝင်စားမှာမဟုတ်ဘူး။

ဝေးသေးတယ် ... ကျွန်မက အပျိုကြီးလုပ်မှာ။ အိမ်အပြန်တွင် သူမ ခြေလှမ်းတွေက နှေးကွေးလေးလံနေသည်။

မမကြီးကို ဘယ်လိုပြောရမလဲ။ စိတ်မကောင်း ဖြစ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရှက်အကြောက်ကြီးသော မမကြီးအကြောင်း သူမသိသည်။

ဘာအကြောင်းနဲ့အလုပ်ထွက်ရလဲဆိုတာမေးလျှင် ဘယ်လိုဖြေရမလဲ။

စိတ်ညစ်နေမိသည်။ သူမကတော့ ဘာမှမဖြစ်ပါဘူး။ အမှန်တရားတွေ ရှိနေတာပဲ မဟုတ်လား။ ရင်ဆိုင်ရဲပါတယ်။

ဆရာရဲ့ သွန်သင်မှုကြောင့် သူမ ပညာတွေ ရလိုက်သည်။ ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေမိ၏။

ကိုဘမောင်က အကြိုအပို့မလုပ်တော့ဘဲ နေသည်။ သူမအလုပ်က ထွက်လိုက်ပြီပဲ။

"ပြာပြာ"

"ဟင်"

ဆရာ ...

"ကားပေါ်တက်လေ"

"ဟင့်အင်း မလိုက်တော့ပါဘူးဆရာ ... ပြာပြာ ပြန်တော့မယ်"

"ပြာပြာ"

"ဟင်"

"တက်"

"ဟို"

"တက်ပါ"

ဆရာ့အရှိန်အဝါတွေက သူ့အမိန့်တွေကို နာခံရန် ဖြစ်သွားသည်။ ပြာပြာ ဘာဖြစ်လို့ မငြင်းဆန်တာလဲ။ ဆရာနှင့်ပြာပြာကို





ဆရာ့အဖေက နီးစပ်မှာစိုးရိမ်နေသည်။

ကာကွယ်တားဆီးနေ၏။

"ကျွန်မ တောင်းပန်ပါတယ်ဆရာ၊ အိမ်ပဲ ပြန်ပါရစေ"

"ပြာပြာ"

"ရှင်"

"ကိုယ် လိုက်ပို့မယ်"

"ဟင့်အင်း ... ကျွန်မ လုံးဝမလိုက်ဘူး ဆရာ ... ပြန်ပါ ကျွန်မနဲ့လည်း ..."

"မင်း ... ကားပေါ်တက်ပါ ပြာပြာ"

"ဟင့်အင်း"

"တက်လေ"

သူမ ... တက်လိုက်ရတော့သည်။

ပတ်ဝန်းကျင်မှာ လူတွေရှိနေ၍ ဖြစ်၏။

ဆရာသည် စားသောက်ဆိုင်တစ်ခုသို့ ခေါ်သွားသည်။

"ပြာပြာ"

"ဆရာ"

"မင်း အလုပ်ကနေ ထွက်လိုက်ရပြီလား"

သူ သိသည်။

ကိုဘမောင်မှ ပြာပြာ့ကို လိုက်မပို့တော့တာဘဲ ... စိတ်မကောင်း ဖြစ်ရသည်။

အပြစ်မရှိဘဲနှင့် အလုပ်ထုတ်ခံလိုက်ရတဲ့ မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက်အထိ နစ်နာသွားမလဲဆိုတာ ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသင့်၏။

ရက်စက်သည်။ ကိုယ်ချင်းစာတရား ကင်းမဲ့သော အပြုအမူ တွေပင် ဖြစ်နေ၏။

"ပြာပြာ"

"ရှင်"

"မင်း ဘာဆက်လုပ်မလဲ"

"ကျွန်မအတွက် မပူပါနဲ့၊ ဒီအလုပ်ကို ကျွန်မလုပ်တာ အပျော်လုပ်တာပါ ... မမကြီးနဲ့ ဈေးဝိုင်းရောင်းလည်း ဖြစ်ပါတယ်"

မမကြီးနဲ့ပဲ ဈေးရောင်းဖို့ ပြာပြာ ဆုံးဖြတ်ထားမိသည်။

စီးပွားရေးကို ဘယ်လိုရှာဖွေရမလဲဆိုတာ ပြာပြာသိနေသည်။ ဆရာ့ကြောင့် ပြာပြာ ပညာအတော်များများရနေပြီဖြစ်သည်။ နေထိုင်တတ်နေ၏။

"မင်းမှာ အပြစ်မရှိဘူးဆိုတာ ဆရာသိပါတယ်"

သူမ ...

ဘာမှမပြောလိုပေ။

ဆရာ ဘာကြောင့် စိတ်မကောင်းဖြစ်နေရတာလဲ။ သူမက အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ပဲဆိုတာသိရင် တော်ပါပြီ။

"ဆရာ"

"ဟင်"

"ပြာပြာ့အတွက် ဆရာ စိတ်မကောင်းမဖြစ်ပါနဲ့နော် ... ဆရာ စိတ်အေးလက်အေးနဲ့ အိမ်ထောင်ပြုဖို့ပဲ စဉ်းစားပါ"

ဒက်ဒီက သူအိမ်ထောင်ပြုတော့မယ့်အကြောင်း ပြောထားပြီးဖြစ်သည်။

ယွန်းကို ဘယ်တော့မှ လက်မထပ်ဘူး။

စိတ်သဘောထား မပြည့်ဝတဲ့ မိန်းမတစ်ယောက်နှင့်သူ့ဘဝ တစ်လျှောက်လုံး လက်တွဲရမလား။

"ပြာပြာ စားလေ ... "

"အင်း"

"ပြာပြာ"

"ရှင်"

"မင်း ဗလကို စိတ်မဝင်စားတာ အမှန်ပဲလား"

"ဆရာက ပြာပြာ့ရေးရေးအတွက် စိတ်ပူနေတာကိုး၊ ဟင်း ဟင်း ဟင်း ... ဘာကြောင့် စိတ်ပူနေရတာလဲ ဆရာရယ်၊ ပြာပြာ အပျိုကြီးလုပ်မှာပါ ... ကိုဗလအပေါ် ပြာပြာ ဘယ်လိုမှခံစားလို့ မရလို့ပါ"

အပျိုကြီးလုပ်မယ့် ပြာပြာကို သူ ငေးမောကြည့်မိသည်။

မျက်ဝန်းလေးတွေက ပကတိ ရိုးသားဖြူစင်နေ၏။ မင်းမှာ အပြစ်မရှိပါဘူး ပြာပြာ။

"ပြာပြာရယ် ... မင်းအပေါ် ဒီလောက်အထိ အရေးမယူ သင့်ပါဘူး၊ ဒက်ဒီတို့ မတရားတာဘဲ"

"ကျွန်မ ဘာမှမဖြစ်ပါဘူး ဆရာ၊ အလုပ်က ထွက်ရတာလည်း ဘာမှ မခံစားရပါဘူး"

မိန်းကလေးတစ်ယောက်ကို အလုပ်ကနေ ထုတ်ပစ်လိုက်တယ်ဆိုတာ ဘယ်လောက်အထိ အရှက်သိက္ခာတွေ မဲ့ရလဲ။

သူ ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြာပြာ့ကို ချစ်မိနေသည်။

မိန်းမတွေအပေါ် အထင်သေးမိပေမယ့် ပြာပြာနှင့်တွေ့မှ ရိုးသားဖြူစင်မှုတွေကို တွေ့လာရ၏။

"ပြာပြာရယ် … ကိုယ်တကယ်ပဲ စိတ်မကောင်းဘူးကွာ"

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာရယ် … ပြာပြာတို့ ညီအစ်မနှစ်ယောက် အေးအေးဆေးဆေး စားသောက်နေနိုင်ပါတယ် … ဆရာ့ကြောင့် ပြာပြာ ပညာတွေရပြီး ပေါ့ပျက်ပျက်အမူအကျင့်တွေ မရှိတော့ဘူးလေ"

ဆရာ့ကိုပင် ကျေးဇူးတင်မိကြောင်း ပြောမိသည်။

"ပြာပြာ ပြန်တော့မယ်နော် ဆရာ"

သူမ … ထလိုက်မိသည်။

"ဆရာ လိုက်ပို့မယ်"

"နေပါစေ ဆရာ၊ တော်ကြာ ပြဿနာတွေက ပိုပြီးရှုပ်ထွေးလာမှာစိုးရပါတယ် … ကျွန်မကို မေ့ပစ်လိုက်ပါ ဆရာ"

"ကိုယ် မမေ့နိုင်ဘူး"

"ဟင်"

"မင်းရဲ့ အရှက်သိက္ခာတွေ ဘယ်လောက်ထိခိုက်လဲဆိုတာ ကိုယ်သိတယ် … မင်းနဲ့ တွေ့ဆုံခဲ့ရတာကို ကိုယ်ဘယ်တော့မှ မမေ့နိုင်ပါဘူး ပြာပြာ"

သူမ …

ပြန်သင့်ပြီ … ဆရာ့အဖေရဲ့ အထင်သေးမှုတွေကို မခံစားနိုင်ပါဘူး။

ပြာပြာ့ အရှက်သိက္ခာတွေက ရှိနေသေးသည်ဟု ထင်မိ





သည်။

"ပြာပြာ သွားတော့မယ်နော်၊ အရေးကြီးတာက ဆရာ့ ဒက်ဒီ စိတ်ချမ်းသာဖို့ပါပဲ … မိဘကို အေးချမ်းအောင်ထားတာ မင်္ဂလာတရားနဲ့ ညီညွတ်ပါတယ် ဆရာ"

"မင်း ဘာလို့ ဒီလောက်အထိ စိတ်သဘောထားတွေ ဖြူစင်နေရတာလဲ ပြာပြာ"

ပြာပြာ့လက်လေးတွေကို ဆတ်ခနဲ ဆုပ်ကိုင်ထားပစ်လိုက်မိသည်။

"ဟင်"

"ခဏနေပါဦး ပြာပြာ"

"ဟို"

သူမ လက်လေးတွေ ဆတ်ခနဲ ရုန်းဖယ်ပစ်မိသည်။

"လွှတ်ပါ ဆရာ"

"ပြာပြာ"

"ဟင်"

"ထိုင်ပါဦး"

"ကျွန်မ အိမ်ပြန်သင့်ပြီ"

ဆရာ ဘာတွေပြောတော့မယ်ဆိုတာ ဆရာ့မျက်ဝန်းတွေက သက်သေပြနေသည်။

ပြာပြာ ဘာမှ မကြားချင်ပါဘူး။ ဆရာနှင့်အကင်းဆုံးမှာ နေဖို့ပဲ ဆုံးဖြတ်ထားမိသည်။

"ပြာပြာ ထိုင်ပါဦး … ကိုယ့်စိတ်တွေ အရမ်းရှုပ်ထွေးနေ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... မင်းနဲ့စကားပြောရတာ ကိုယ်စိတ်ချမ်းသာသလိုပဲ"

ပြာပြာ မျက်ဝန်းလေးတွေကို သူစူးစိုက်စွာ ကြည့်မိသည်။ အကြည့်ကို စတင်လွှဲပစ်လိုက်သူက ပြာပြာပင်။

"ပြာပြာ"

"ရှင်"

"ကိုယ့်ရင်ထဲမှာ ပြောချင်တဲ့စကားတွေ မင်းကိုပြောပြချင်တယ်"

"ဟို ... ဟို ... ကျွန်မ တောင်းပန်ပါတယ်ဆရာ၊ ဘာမှမပြောတာ အကောင်းဆုံးပါပဲ"

ပြာပြာ လက်မခံချင်တော့ဘဲ ငြင်းဆန်လိုက်မိသည်။

ထလိုက်၏။ ဆရာ့ကိုတော့ အားနာပါတယ်။ လူတွေရဲ့ အထင်သေးမှုတွေကို ပြာပြာ လုံးဝရင်မဆိုင်လိုပေ။

ကျွန်မမှာ မာနရှိတယ်။ မိဘတွေ သဘောမတူဘဲနဲ့ ဘယ်လိုယောကျ်ားမျိုးကိုမှ ကျွန်မ လက်မခံနိုင်ပါဘူး။

ကျွန်မ အပေါ်စား အညံ့စား ကောင်မလေးတစ်ယောက်တော့ မဟုတ်ပါဘူးဆရာ။

ဆရာ့ကို လက်ခံစကားပြောတာပင် ကျေးဇူးရှင်တစ်ယောက်အနေနှင့် ပြောနေမိခြင်းသာ ဖြစ်သည်။

"ပြာပြာ့ကို သွားခွင့်ပြုပါ ဆရာ"

"ပြာပြာ့ကို ကိုယ်ချစ်တယ်"

"ဟင်"

"လက်ထပ်ခွင့်ပြုပါ"





သူမ ... အံ့သြတုန်လှုပ်သွားမိသည်။

ဆရာ့ထံမှ မထင်မှတ်ဘဲနှင့် ထိုစကားတွေကို ကြားလိုက်ရခြင်းပင် ဖြစ်၏။

"ပြာပြာ"

"ဟို ... ကျွန်မ ... ကျွန်မ ..."

"ကိုယ့်ကိုစွန့်ခွာပြီး မသွားပါနဲ့ပြာပြာ၊ ကိုယ့်ဘဝမှာ ကိုယ်ပထမဆုံးအကြိမ် ချစ်ခင်နှစ်သက်ခဲ့ရတဲ့ မိန်းကလေးက ပြာပြာပါ"

သူ့ရင်ထဲမှာ ခံစားနေရမှုတွေ ပွင့်အန်ထွက်သွားသည်။

ပြာပြာ့ကို ချစ်မြတ်နိုးမိသွားပြီဆိုတာ သိလာရ၏။ သူပိုင်ဆိုင်ရမည့် စည်းစိမ်ဥစ္စာတွေထက် ပိုပြီး မြတ်နိုးတန်ဖိုးထားမိသည်။

"ပြာပြာ ... ကိုယ့်အချစ်တွေကိုယုံပါ၊ လက်ခံပါ ... ပြာပြာနဲ့ ကိုယ်လက်ထပ်ပါရစေ"

"မဖြစ်နိုင်ပါဘူးဆရာ၊ လုံးဝမဖြစ်နိုင်တာပါ ... ကျွန်မချက်ချင်းပဲ ငြင်းပါတယ်"

ပြာပြာအတွက် စဉ်းစားစရာအကြောင်း ဘာမှမရှိပေ။

ဆရာ ဒက်ဒီက သဘောမတူနိုင်ကြောင်း ပြတ်သားစွာပြောခဲ့သည်။ မိဘတွေ သဘောမတူဘဲ ယောကျ်ားတစ်ယောက်ကို သူမ ဘယ်နည်းနှင့်မှ လက်မခံနိုင်ကြောင်း ပြောလိုက်၏။

"ဆရာ့ဒက်ဒီ ဆန္ဒအတိုင်းပဲဖြစ်ပါစေ ... ကျွန်မကို ဘာအကြောင်းနဲ့မှ မျှော်လင့်မနေပါနဲ့တော့ ဆရာ၊ ကျွန်မ ... ဆရာ့ကို မချစ်နိုင်ပါဘူး"

သူမ ... အပြတ်သားဆုံး အဖြေပေးမိသည်။

"ကျွန်မ သွားတော့မယ်ဆရာ၊ နောက်ထပ် ကျွန်မကို မပ



www.burmeseclassic.com

www.burmeseclassic.com



သက်ဖို့ ပြောခဲ့ပါရစေဆရာ"

သူမ ထပြီး ပြန်လာခဲ့မိတော့သည်။

ပြတ်သားတဲ့အဖြေတစ်ခုကိုပဲ ပေးရမည်ဖြစ်၏။

ဆရာ့ကို လက်မခံနိုင်ပေ။ ဦးသီဟထိန်ရဲ့ အထင်သေးသော မျက်ဝန်းအကြည့်တွေကိုလည်း သူမ ရင်ဆိုင်လိုခြင်းမရှိ။

အိမ်ပြန်ရောက်လာသည်။

"ပြာပြာ ... ဒီနေ့ တစ်ယောက်တည်း ပြန်လာပါလား၊ ကိုဘမောင် လိုက်မပို့ဘူးထင်တယ်"

"ဟုတ်ကဲ့ မမကြီး"

မမကြီးနှင့် ဘယ်လိုရင်ဆိုင်ရမှန်းပင် မသိတော့။

"ပြာပြာ"

"ရှင်"

"ညည်းလေး ဘာဖြစ်လာလဲ"

"ဘာမှမဖြစ်ပါဘူး မမကြီး၊ အလုပ်တွေ ပင်ပန်းလို့ပါ"

"ဖြစ်လာပါတယ် ... မမကြီးက ညည်းလေးကို အရိပ်လို ကြည့်လာတာပဲဟာ၊ ညည်းလေး ဘာဖြစ်နေလဲဆိုတာ သိပါတယ် နော်"

မိုးဝေခင် စိတ်ထဲမှာ ပြာပြာ တစ်ခုခုဖြစ်လာပြီဆိုတာ သိ လိုက်သည်။

ဟန်မဆောင်တတ်တဲ့ မျက်ဝန်းလေးတွေကြောင့်ပဲ ဖြစ်၏။

"ပြာပြာ ... ပြောလေ၊ ညည်းလေး ဘာဖြစ်လာလဲ၊ မမကြီး ကိုပြောစမ်းပါ"

"မမကြီး"





"ပြော"

"ပြာပြာ အလုပ်ကနေ ထွက်လိုက်ပြီ"

"ဘာ ... ဘာဖြစ်လို့လဲ၊ ညီမလေး ဒီလောက်ကြိုးစားခဲ့တာ မမကြီးတောင် အံ့ဩလောက်အောင် သွက်လက်ထက်မြက်နေတာ ပဲဟာ"

"ပြာပြာ မလုပ်ချင်တော့လို့ပါ မမကြီး"

"ဘာတွေ ပြဿနာဖြစ်လဲဟင် ပြာပြာ၊ မမကြီးကို ပြောပြ စမ်းပါ။ တို့ညီအစ်မနှစ်ယောက်ပဲရှိတာ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ဆွေးနွေးသင့်တယ်၊ အထူးသဖြင့် ညီမလေးအကြောင်းတွေ ကို မမ သိထားသင့်တယ်လေ"

မမကြီးသိရင်လည်း စိတ်မကောင်းဖြစ်မှာ သေချာသည်။

မပြောချင်တော့ ...

"ပြာပြာ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား အကောင်း မပြောလို့ပါ မမကြီး"

"ဒါနဲ့များကွယ် ... ကြိုးစားတယ်ဆိုတာ သည်းခံစိတ်က လည်း အရေးကြီးသေးတယ် ပြာပြာ ... ညည်းလေး စိတ်ကိုက မာထန်တာပါ"

သူမ ... အိမ်ခန်းထဲသို့ ဝင်လာခဲ့မိသည်။ မျက်ဝန်းတွေထဲ မှာ မျက်ရည်တွေပြည့်နေပြီး ငိုချင်လာမိ၏။

သူမ ပျော့ညံ့ချင်နေသည်။ ရင်ထဲမှာ နာကျင်နေ၏။

ဆရာရယ် ...

ပြာပြာ ငိုချင်နေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဝမ်းနည်းမှုတွေ ခံစားနေရသလိုပဲ။

ပြာပြာလည်း ဆရာ့လိုပါပဲ။

ဆရာ့ကို မေ့ပျောက်ပစ်လို့မရအောင် သတိရနေမိတယ်။

မိဘတွေ စိတ်သောကတွေ ကြီးစွာရောက်ရမယ့်အဖြစ်မျိုးတွေကိုတော့ ပြာပြာတို့ လုံးဝရှောင်ကျဉ်သင့်ပါတယ်။

ဆရာ့ကို ပြာပြာ ဘယ်တော့မှ လက်မခံဖို့ ဆုံးဖြတ်ထားပါတယ်။

သူမ မျက်ဝန်းလေးတွေထဲမှ မျက်ရည်ပေါက်တွေက သူမပါးပြင်လေးပေါ်သို့ လိမ့်ဆင်းကျလာခဲ့ရသည်။





## အခန်း ( ၂၂ )

"လမင်းထိန်"

"ဗျာ ... ဒက်ဒီ'

"ယွန်းနဲ့ လက်ထပ်ဖို့ကိစ္စ ဒက်ဒီ စီစဉ်ရလိမ့်မယ်"

"သား လက်မခံနိုင်ဘူး ဒက်ဒီ"

"ဘာပြောတယ် သား"

"သား ယွန်းကို လက်မထပ်နိုင်ဘူး ဒက်ဒီ၊ ဘယ်နည်းနဲ့မှ လက်မခံနိုင်တာပါ"

"ယွန်းလို ဂုဏ်သရေရှိ မိန်းကလေးတစ်ယောက်နဲ့ မင်းလက်ထပ်ရမယ်၊ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကို မင်းအထင်ကြီးနေတာ များနေပြီ သားရယ်၊ မင်းအမေလို အဖြစ်မျိုးတွေနဲ့ မင်းကြုံချင်လို့လား"

ဦးသီဟထိန်ကတော့ သားအတွက် စိတ်မကောင်းဖြစ်နေမိသည်။

ပြာပြာလို ကောင်မလေးမျိုးနှင့် မနီးစပ်စေချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သဘောမတူနိုင်ဘူး ...

လုံးဝ လက်မခံနိုင်ဘူး ...

ယွန်းကိုပဲ လက်ထပ်ရမယ် ...

"ဂုဏ်သရေမဲ့တဲ့ မိန်းကလေးတစ်ယောက်ကို မင်း ဘာဖြစ်လို့ အထင်ကြီးနေရတာလဲ လမင်းထိန်၊ ပြာပြာက မင်း စည်းစိမ်ဥစ္စာတွေကို မက်မောတာပဲ"

"မဟုတ်ဘူး ဒက်ဒီ၊ လုံးဝမဟုတ်ပါဘူး၊ ပြာပြာကလည်း သားကို လုံးဝ လက်မခံပါဘူး"

"မင်းက လက်ထပ်ခွင့်တောင် တောင်းပြီးပြီလား"

ဦးသီဟထိန် အထိတ်တလန့်နှင့် မေးလိုက်မိသည်။

"သား ... မင်း"

"ဒက်ဒီ"

"မင်း ဘာမှ ဆက်မပြောနဲ့တော့၊ မင်းကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး၊ ယွန်းနဲ့ အမြန်ဆုံး လက်ထပ်ပေးရမယ်၊ ဒါမှ ဒက်ဒီ စိတ်အေးရမယ်လေ"

"သား လက်မခံနိုင်ဘူး ဒက်ဒီ၊ ယွန်းကို အထင်လည်း မကြီးဘူး၊ သား ချစ်လည်း မချစ်ဘူး"

"အိမ်ထောင်ရေးတစ်ခုမှာ အချစ်က သိပ်ပြီး အဓိကမကျပါဘူး သား၊ ဒက်ဒီ အသက်ကြီးပါပြီ၊ မင်း လက်ခံပါ"

ယွန်း မေမေကလည်း ကတိအတိုင်း သားနှင့်သမီးကို လက်ထပ်ပေးရန် တောင်းဆိုနေသည်။

ဦးသီဟထိန် မငြင်းနိုင် ...

သမီးကို အထွတ်အထိပ်ထားလွန်းသော မိန်းမတစ်ယောက်





အနေနှင့် သားကို ရွေးချယ်တာပဲ ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်သည်။

"ယွန်းကို မင်းဘာဖြစ်လို့ ငြင်းနေရတာလဲ လမင်းထိန်၊ ယွန်းလို ပညာတတ် ရုပ်ချော ဂုဏ်သရေရှိ မိန်းမတစ်ယောက်နဲ့ မင်း လက်ထပ်လိုက်ရင် ဘယ်လောက်အထိ ဂုဏ်သရေ တင့်တယ်လိုက်မလဲ"

"ယွန်းကို ကျွန်တော် အထင်မကြီးဘူး ဒက်ဒီ၊ လုံးဝလက်မခံဘူး"

ယွန်းက သူ့ကို တမင်သက်သက် ထောင်ချောက်ဆင်လိုက်တာပဲဟု ထင်သည်။

ပြာပြာ့ကို ထိုးကျွေးခဲ့တာပဲ ...

ပြဿနာကို စတာက ယွန်း ...

ပြာပြာ့ကို ခပ်ညံ့ညံ့ မိန်းကလေးတစ်ယောက်ဆိုပြီး သူနှင့် နီးစပ်စေရန် ပို့ခဲ့သည်။

မင်းကို ငါမုန်းတယ် ...

ပြာပြာက အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

အလုပ်က ထွက်ရတဲ့ အဖြစ်တွေကို ပြာပြာ ရင်ဆိုင်လိုက်ရ၏။

အပြစ်မဲ့တဲ့ မိန်းကလေးပါ ...

"မင်း လက်ထပ်ပါ သား၊ ဒက်ဒီရဲ့ အပြင်းပြဆုံး ဆန္ဒတွေကို သား ဖြည့်ဆွမ်းပေးစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းနဲ့ လက်ထပ်ဖို့ အရမ်းမစီစဉ်လိုက်ပါနဲ့ ဒက်ဒီ၊ ကျွန်တော် လုံးဝလက်မခံနိုင်လို့ပါ"

သားကို ဘယ်လိုမှ ပြောလို့ရမှာ မဟုတ်မှန်း မိမိသိနေသည်။

ဦးသီဟထိန် ဘာလုပ်ရမှန်း မသိတော့သဖြင့် အခက်အခဲ ဖြစ်နေရ၏။

သားကို အလုပ်တာဝန် ပြန်ပေးတာ လက်မခံတော့ပေ။

ယွန်း မိခင် ရောက်လာသည်။

သားက ဆင်းမတွေ့။

ဦးသီဟထိန် အားနာမိသည်။

"ကိုသီဟ ... ရှင့်သားဘက်က ငြင်းဆန်နေတာပဲလား"

ဒေါ်ပွင့်ပွင့်တို့ဘက်က အများကြီး ထိခိုက်နစ်နာနေပြီ ဖြစ်သည်။

"ယွန်းက ရှင့်သားအပေါ် သံယောဇဉ်ကြီးနေလို့ ကျွန်မ ဒီလောက်အထိ သည်းခံနေတာပဲ၊ တစ်လအတွင်း လက်ထပ်ဖို့ စီစဉ်ပါ ကိုသီဟ"

"စိတ်ချပါ မပွင့်ပွင့်၊ ယွန်းကိုပဲ ချွေးမအဖြစ် ကိုယ်သဘောကျပါတယ်"

"ကျွန်မကတော့ သမီးလေးကြောင့်ပဲ၊ သမီးကို ဘယ်လိုမှ ဖျောင်းဖျလို့ မရဘူး ဖြစ်နေတယ်၊ မောင်လမင်းထိန်က သမီးလေး အပေါ် ဒီလောက်အထိ မစိမ်းကားသင့်ဘူးလို့ ထင်တာပဲ"

"ကျုပ် တောင်းပန်ပါတယ် မပွင့်ပွင့်ရယ်"

ယွန်းကတော့ ငြိမ်သက်နေသည်။

ကိုထိန် အခန်းထဲမှာ ရှိနေပေမယ့် ထွက်မတွေ့ပေ။





ရှင် နေနိုင်တယ် ...

မေမေ ရောက်တာပင် ကိုထိန် အခန်းထဲက မထွက်ပေ။

ပြာပြာကြောင့်လား ...

ရှင်က ပြာပြာ့ကို စွဲလမ်းနှစ်သက်နေပြီပဲ။

ကိုထိန်နဲ့ ပြာပြာ ...

လက်ထပ်ဖို့ အခြေအနေအထိပဲ ဖြစ်နေပြီလား ...

ပြာပြာ့ကို တားရမယ် ...

ကိုထိန်လို လူတစ်ယောက်ကို သူမ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရမယ် ...

အချစ်အတွက် မဟုတ်တာတောင်မှ လုပ်ငန်းပိုင်ဆိုင်မှုတွေ နှင့် ငွေကြေးအရ လက်ထပ်ဖို့ ရွေးချယ်သင့်တဲ့ ယောကျ်ားပဲ။

ယွန်း လက်လွှတ်မခံနိုင် ... ။

ပြီးတော့ ...

ကိုထိန့်အပေါ် သူမ ကြီးမားသော သံယောဇဉ်တွေ ငြိတွယ် နေမိသည်။

"ယွန်း ... ကိုထိန်နဲ့ သွားတွေ့လိုက်ဦးမယ်"

ကိုထိန့်ကို တွေ့နေကျ ...

သူမနှင့် ကိုထိန်က ငယ်ပေါင်းတွေပဲ ဖြစ်နေသည်။

တစ်ယောက်အခန်းထဲ တစ်ယောက် ဝင်နေကျ ...

"ကိုထိန်"

ယွန်း အသံ ...

လမင်းထိန် ထပြီး တံခါးဖွင့်ပေးသည်။

တံခါး မဖွင့်ပေးလျှင် ယွန်း ပြဿနာရှာတော့မယ်ဆို

www.burmeseclassic.com

www.burmeseclassic.com

သိနေ၏။

"ကိုထိန် ..."

"ယွန်း ..."

"ရှင် ... စိတ်ညစ်နေလား"

"ဟုတ်တယ် ယွန်း၊ ပြာပြာဟာ အပြစ်မရှိမှန်း မင်းသိပါတယ် ယွန်း"

ယွန်း သိသည်။

ရှင်က ဖြစ်နေတာ မဟုတ်လား ...

ပြာပြာ့ အပေါ် ရှင် တစ်ဖက်သတ် တိမ်းညွတ်နေတာ မဟုတ်လား ...

အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်လို့ ရှင် ထင်နေတယ်

ပြာပြာဟာ တကယ်လည်း အပြစ်မဲ့တဲ့ မိန်းကတလေးပါ။

"ယွန်း ..."

"ဟင်"

"တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက အသက်မပါသလို အေးစက်နေမှာပဲ၊ မင်း ပညာတတ်တစ်ယောက်ပဲ၊ ကိုယ့်ဘက်က မင်းကို မိတ်ဆွေသူငယ်ချင်း တစ်ယောက်လို ခင်မင်နိုင်ပါတယ် ယွန်း"

ယွန်းကို သူ ပွင့်လင်းစွာပင် ပြောလိုက်မိသည်။

"ပြာပြာဟာ ရှင်နဲ့ လိုက်ဖက်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးနော် ကိုထိန်"

"ကိုယ်က ဖြူစင်တဲ့ မိန်းကလေး ဖြစ်နေလို့ပါ၊ အချစ်ဆိုတာ ပြာပြာနဲ့တွေ့မှ ကိုယ် ခံစားလို့ ရလာတယ်"





"ရှင်က ညှို့ဖျင်းတဲ့ ယောကျ်ားတစ်ယောက်ပဲ"

သူ ...

ပခုံးကို တွန်းပစ်သည်။

ကိုယ် ညှို့ဖျင်းတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ချင်လည်း ဖြစ်နေမယ် ...

မင်းလို စိတ်ဓာတ်မပြည့်ဝတဲ့ အမူအကျင့်တွေ ကိုယ့်မှာ မရှိဘူး ...

လူတစ်ယောက်ကို ဒုက္ခရောက်အောင် မနှိပ်စက်တတ်ဘူး

ပြာပြာ့ကို မင်း ထောင်ချောက်ဆင်လိုက်တာပဲ ...

မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာတွေ မင်း စဉ်းစားဘူး မဟုတ်လား ...

မင်းမှာ ကိုယ်ချင်းစာတရား လုံးဝမရှိဘူး ယွန်း ...

"ယွန်း"

"ဘာလဲ ကိုထိန်"

"လက်ထပ်တဲ့ ကိစ္စကို အမြန်ဆုံး မင်းဘက်က စတင်ပ်သိမ်းပါ"

ယွန်း မျက်ဝန်းတွေထဲမှာ ဒေါသတွေ တိုးဝင်လာသည်။

ရှင် ရက်စက်တယ် ...

ကျွန်မ မာနတွေကို ထိပါးလိုက်တာပဲ လမင်းထိန် ...

သွားလေးတွေကို တင်းကျပ်စွာ ဖိကပ်ထားမိလိုက်သည်။

ယွန်း နှုတ်မဆက်တော့ ...

ကိုထိန့် အခန်းထဲကနေ ထွက်လာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြန်မယ် မေမေ"

မေမေသည် အမြဲတမ်း မာန်မာနတွေ ဝင့်ထည်စွာ လှ
ဘောင်ရဲ့ အပေါ်မှာ အုပ်မိုးစွာ နေခဲ့သူ ဖြစ်သည်။

"ယွန်း"

"ရှင် မေမေ"

"သမီး ဘာဖြစ်နေတာလဲ"

"မေမေ"

"ပြော"

"ကိုထိန့်ကို သမီး လက်မထပ်တော့ဘူး"

"ကောင်းတယ် သမီး၊ မေမေ သဘောကျတယ်၊ ယောကျ်ား
လေးရှင်ဆီကို မေမေနဲ့ သမီး အောက်ကျို့သွားနေရတာ သဘော
မကျဘူး"

မေမေ ပျော်သွားသည်။

ယောကျ်ားမရရင် နေပါစေ မိန်းမ မာနကိုတော့ မချနိုင်ဘူး
ဟု မာမီကပြော၏။

ယွန်းကို လက်ထပ်ယူချင်တဲ့ ယောကျ်ားတွေက အများကြီး
ပါ။

သူမဘက်က ငြင်းဆန်ခဲ့သည်။

ကိုထိန်နှင့် ကျမ ...

ရင်ထဲမှာ နာကြည်းမှုတွေ ဒေါသတွေနှင့် ပေါက်ကွဲနေသည်

ကိုထိန် ...

ရှင် သိပ်ကြီးကျယ်တယ် ...





ပြာပြာ့ကို ရှင် ရမယ်မထင်လိုက်နဲ့နော် ...

ရှင့်ကြောင့် ယွန်းဘဝကြီးက လမ်းကြောင်းတွေ ကွေ့
ကောက်ရှုပ်ထွေးသွားရပြီ ...

ဂုဏ်သိက္ခာတွေ ပွဲခဲ့ရတယ် ...

နာကြည်းကြေကွဲခဲ့ရတယ် ...

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကပ်ထားပြီး
ပြာပြာ့ဆီ ထွက်လာခဲ့သည်။

"ပြာပြာ ဈေးရောင်းနေတယ် ယွန်း"

မမကြီးသည် ပြာပြာ ဈေးရောင်းနေကြောင်း ပြောသည်။

"ယွန်း လိုက်သွားမယ်"

"အေးကွယ် ... မမကြီး ခေါင်းကိုက်နေလို့ အနားယူနေတာ
ယွန်း လိုက်သွားလေ"

ပြာပြာတို့ ဈေးဆိုင်သို့ ယွန်းတစ်ခေါက် ရောက်ဖူးနေသည်။

ယွန်း လိုက်သွား၏။

"ပြာပြာ"

"ဟယ် ... မမယွန်း"

ယွန်းကို တွေ့တော့ ပြာပြာ ဝမ်းသာအားရနှင့် ဆီးကြိုနေ
သည်။

"ဈေးမရောင်းချင်ဘူးဆို ကောင်မလေး"

"အခုတော့ ပြာပြာ ဘဝကို ရင်ဆိုင်တတ်ပါပြီ မမ၊ ဆရာနဲ့
မမ သင်ပေးလိုက်တာလေ"

ပြာပြာ အလုပ်လုပ်ဖို့အတွက် အရှက်ကြောက်တွေ မရှိတော့
ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်တတ်လာသည်။

"ပြာပြာ ဒီကနေ ငွေစုပြီး လုပ်ငန်းတွေ လုပ်နိုင်ဖို့ ကြိုးစားမယ်"

ပြာပြာ့မှာ ရည်မှန်းချက်တွေနှင့် အားကြိုးမာန်တက် ဖြစ်နေသည်။

"အရင်က ဈေးသည်အလုပ်ကို ပြာပြာ အထင်သေးပြီး မမကြီးကိုတောင် မကူညီခဲ့ဘူး၊ ပြာပြာ ပေါ့ပျက်ပျက် နေထိုင်ခဲ့တယ်လေ"

"ပြာပြာရယ် ... ချမ်းသာတဲ့ ယောက်ျားကို ယူလိုက်ရင်ညည်းလေး သူဌေးဖြစ်ပြီပဲဟာ"

"ပြာပြာ သူများကို မမှီတွယ်ချင်ဘူး မမ၊ ကိုယ့်အားပဲကိုယ်ကိုးချင်တယ်၊ ပြာပြာ ကိုယ်ကိုယ်ကိုယ် အထင်ကြီးတတ်ပါပြီ၊ မမလို အရည်အချင်းတွေ ပြည့်ဝပြီး စီးပွားရေးလုပ်ငန်းတွေကို လုပ်ချင်တယ်၊ မမယွန်းက ပြာပြာ့အတွက် အတုယူစရာ စံပြမိန်းမပါ"

သူမကတော့ ပြာပြာ့အပေါ် အကောက်ကြံစည်ခဲ့မိသည်။

ပြာပြာက သူမကို အထင်ကြီး လေးစားနေ၏။

မျက်နှာတော့ ပူသွားမိသည်။

ဒါပေမဲ့ ...

ကိုထိန်ကို သူမ နာကြည်းနေမိသည်။ ပြာပြာကို မြေတောင်မြှောက်ပေးပြီး ကိုထိန်နှင့်ဝေးအောင် လုပ်ပစ်ရမယ်။ ကိုထိန်နဲ့ ပြာပြာ လုံးဝမနီးစပ်စေရဘူး။

"ပြာပြာ"





"ရှင်"

"မမ ကုမ္ပဏီခွဲမယ် ... ညီမလေး ပညာလာသင်၊ မမ လုပ်ငန်းတွေ ခွဲပေးမယ်"

"ဆရာ့ဆီမှာ မမ ဘာဖြစ်လို့ မလုပ်တော့တာလဲ"

"ဘာမှမဖြစ်ပါဘူး၊ အစောကြီးတည်းက ကုမ္ပဏီခွဲဖို့လေ၊ မမ လည်း အလုပ်သင်ပဲဟာ"

"ဆရာ့ကို အားနာဖို့ကောင်းနေမလား မမ"

"ကိုယ့်ဘဝ တိုးတက်ရေးလုပ်တာပဲပြာပြာ ... ဘာအားနာစရာရှိလဲ၊ ကိုထိန့် ဒက်ဒီက အဆင့်အတန်း အရမ်းခွဲတယ်၊ ပြာပြာ့ကို အထင်သေးပြီး ပြာပြာနဲ့နီးစပ်သွားမှာကြောက်လို့ တမင် အလုပ်ကနေ ထုတ်ပစ်လိုက်တာပဲ"

ပြာပြာကတော့ ဆရာ့ဒက်ဒီကို စိတ်မဆိုးတော့ပါဘူး။

သဘာဝပဲဟာ။ ဘာအစွမ်းအစမှ မရှိတဲ့ ညံ့ဖျင်းတဲ့ပြာပြာလို သာမန်မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ ဦးသီဟထိန် ဘယ်သဘောတူပါ့မလဲ။

ပြာပြာ ကြိုးစားမယ်။ မမယွန်းလို ဘဝမျိုးရောက်အောင် ပြာပြာ အစွမ်းကုန် ကြိုးစားရမယ်။

"မမကို အကူအညီပေးနော်ပြာပြာ၊ တစ်လအတွင်း မမ စီစဉ်မယ်၊ ပြာပြာ့ကိုလည်း မြေတောင်မြှောက်ပေးချင်တာပါ"

"ပြာပြာ့အပေါ် မမယွန်း ကျေးဇူးတွေက အများကြီးပဲရှိပါတယ်၊ ပြာပြာ ကူညီပါ့မယ် မမ"

"ဝမ်းသာလိုက်တာ ပြာပြာရယ် ... နောက်ဆို ပြာပြာ့ကြိုးစားမှုတွေ အလကားမဖြစ်တော့ပါဘူးကွယ်၊ အောင်မြင်တဲ့လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြီးဘဝ ပြာပြာ မလွဲမသွေ ရောက်ရမှာပါ”

ပြာပြာ့ကို သူမ ချုပ်ကိုင်ထားမှ ဖြစ်မည်ဖြစ်သည်။ အရင်က နှင့်မတူအောင်ဘဲ သွက်လက်ချက်ချာနေသော ပြာပြာဖြစ်နေ၏။

ရင့်ကျက်တည်ငြိမ်နေသည်။ ပြာပြာသည် မိန်းကလေးတွေ ပင် အားကျရသော အလှပိုင်ရှင်မလေးဖြစ်၏။

မင်းမှာ အစွမ်းအစတွေ အများကြီးရှိနေတယ်ပြာပြာ။ ခပ် ညံ့ညံ့ ကောင်မလေးတစ်ယောက် မဟုတ်တော့ဘူး။

ယွန်းအတွေးထဲမှာ ပြာပြာ့ကို ဘယ်လိုချုပ်ကိုင်ရမလဲဆိုတာ တွေးနေမိသည်။

ꩰꩰꩰ





အခန်း ( ၂၃ )

“ပြာပြာနဲ့ကိုထိန် မနီးစပ်ဖို့က အရေးကြီးပါတယ် အန်ကယ်၊ ကိုထိန်က ပြာပြာ့ကိုပဲ စွဲလမ်းနေတာပါ။ ယွန်းနဲ့လက်ထပ်ပွဲကို ဖျက် သိမ်းပါတယ်”

ယွန်း စတင်၍ စိန်ခေါ်ပစ်လိုက်ခြင်းသာ ဖြစ်သည်။ အကွက် ဖန်လိုက်၏။ အန်ကယ်သီဟထိန်ရဲ့ စိတ်ဓာတ်အခြေခံကို သူမ သိ နေသည်။

သားအပေါ် ရည်မှန်းချက် ကြီးမားသူ ဖြစ်၏။ သာမန် မိန်း ကလေးတစ်ယောက်နှင့် နီးစပ်သွားမှာပင် ကြောက်နေသည်။

“ပြာပြာနဲ့သား နီးစပ်လို့တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူးယွန်း၊ အန်ကယ် စီစဉ်ပါ့မယ် ... ရအောင် တားဆီးပစ်ရမယ်”

“ယွန်းက မိန်းကလေး”

“သားက ယွန်းအပေါ် သံယောဇဉ်ကြီးပါတယ်၊ ယွန်း စိတ် ရှည်ပါ ... လက်ထပ်ပြီးသွားရင် တစ်ယောက်နဲ့တစ်ယောက်ချစ် သွားကြမှာပါ”

www.burmeseclassic.com

www.burmeseclassic.com

"ပြာပြာကလည်း ငြင်းဆန်မှာမဟုတ်ဘူး ... ကိုထိန်လို အနေအထားကို လက်ခံမှာပဲ အန်ကယ်"

သားက မိန်းမတွေအပေါ် စိတ်ဝင်စားတာ မဟုတ်ပေ။ ဒီ ကောင်မလေးကြောင့် ...

"ယွန်းကို အားမနာပါနဲ့အန်ကယ် ... ကိုထိန့်အပေါ် ယွန်း သံယောဇဉ် အကြီးဆုံးပါ ... ဘယ်တတ်နိုင်မလဲ၊ ကိုထိန် နှစ်သက် မြတ်နိုးတဲ့ မိန်းကလေးကိုပဲ လက်ထပ်ပါစေ"

ယွန်းအပေါ် မာန်မနာတွေတက်နေတဲ့ ကိုထိန့်ကို တစ်စုံ တစ်ခုတော့ လက်တုန့်ပြန်ရမှ ကျေနပ်နိုင်မည် ဖြစ်သည်။ ပြာပြာနဲ့ ဝေးစေရမယ်။ ရှင် ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ကို ဘယ်တော့ မှ မရစေရဘူး။

ယွန်းက ဂုဏ်သရေရှိ မိန်းကလေးပါ။ ချစ်ခင်သူတွေ ဝိုင်း ဝိုင်းလည်နေတဲ့ မိန်းကလေး။

ရှင် ... ဘာဖြစ်လို့ ငြင်းဆန်တာလဲ။ မငြင်းဆန်သင့်ဘူး။ ငယ်ပေါင်းကြီးဖော်တွေ။

တစ်ယောက်အကြောင်းတစ်ယောက် သိပြီးသားတွေပဲ။

ရှင် ကြီးကျယ်တာပါ။ ယွန်းကို အထင်သေးတာပဲ မဟုတ် လား။ နာကြည်းနေမိသည်။ ဘာမှ စဉ်းစား ချင့်ချိန်နိုင်စွမ်းမရှိ အောင် ဖြစ်နေရ၏။

"ပြာပြာက ငယ်တဲ့သူပဲ ကိုထိန့်ကို လက်ခံမှာပဲ ... သာယာ မှု ဖြစ်မှာပဲလေ"

ပြာပြာ့ဘက်က လောလောဆယ် လက်မခံသေးဘဲ ကိုထိန်





က ချစ်ခွင့်ပန်လျှင် ပြာပြာ လက်ခံမှာပဲ။ ရှင့်ကို ပြာပြာနဲ့ လုံးဝနီးစပ် ခွင့် မပြုနိုင်ဘူး။

ပြာပြာ့အပေါ် အကောက်မကြံလိုပေမယ့် မတတ်နိုင်တော့။

"အန်ကယ်ကတော့ သားကို ဟိုကောင်မလေး မြူဆွယ် တာပဲဖြစ်မယ်"

သူမ ... ငြိမ်နေလိုက်သည်။ နှုတ်ခမ်းလေးတွေကို တင်း ကျပ်စွာဖြင့် ဖိကပ်ထားမိ၏။

"ပြာပြာ့ကိုပဲ အမိက တားဆီးရမယ်ယွန်း ... သားက ဘယ် မိန်းကလေးကိုမှ စိတ်ဝင်စားတာမဟုတ်ဘူး"

"ယွန်း ဘာမှမပြောလိုတော့ပါဘူးအန်ကယ် ... ကိုထိန်နဲ့ လက်ထပ်ဖို့လည်း ယွန်းဘက်ကပဲ စတင်ဖျက်သိမ်းပါတယ်၊ ယွန်း ဒါပဲပြောပါရစေ"

ယွန်း ထွက်လာခဲ့မိသည်။

သူမ ... လုပ်ငန်းခွဲတော့မည်ဖြစ်သည်။ ဘယ်သူ့မှ အားနာ စရာ မလိုတော့ဘူးဟု ထင်မိ၏။

ယွန်းက ပြတ်သားစရာရှိလျှင် သူများထက် ပြတ်သားသူပါ။ ဦးသီဟထိန်ကတော့ ပြာပြာဆိုတဲ့ကောင်မလေးကို ဒေါသတွေ ဖြစ် နေရသည်။

ပြာပြာဆိုတဲ့ ကောင်မလေးက ဈေးရောင်းနေတာတဲ့။

ဒီအဆင့်လောက်ရှိတဲ့ ကောင်မလေးတစ်ယောက်နဲ့ သားကို သဘောတူရမလား။ တားဆီးရမယ်။

ပြာပြာဆိုတဲ့ ကောင်မလေးက မြူဆွယ်ဖြားယောင်းတwww.burmeseclassic.com

www.burmeseclassic.com



လို့ပဲ ဖြစ်နိုင်သည်။

"ပြာပြာ့ကို တားဆီးရမယ်၊ ဒီကောင်မလေးကိုပဲ အပြတ်သားဆုံး ပြောရမယ်"

ဦးသီဟထိန် စိတ်ထဲကနေ ရေရွတ်နေမိတော့သည်။ ပြာပြာ့ဆီ သွားဖို့ စိတ်ကူးမိ၏။

ဈေးရောင်းနေတဲ့ဆီကို ဦးသီဟထိန် လိုက်သွားမိသည်။ ပြာပြာ ဈေးရောင်းနေ၏။ မိမိရင်ထဲမှာ သားအတွက် စိတ်ထိခိုက်ကြေကွဲသွားရသည်။

ဒီလို မိန်းကလေးမျိုးနဲ့ လက်ထပ်ခွင့် ပြုရမလား။ မဖြစ်နိုင်ဘူး။ ဖခင်တစ်ယောက်အနေနဲ့ ဘယ်လိုနည်းနှင့်မှ လက်မခံနိုင်ပေ။

"မိုးတိမ်ပြာ"

"ဟင် ... အန်ကယ်၊ ဘာကိစ္စရှိလို့လဲဟင်"

"မင်းကို တွေ့ချင်လို့လာတာပဲ မိုးတိမ်ပြာ"

"ရှင်"

ဈေးဝယ်တဲ့လူတွေက ရှိနေသည်။ ဦးသီဟထိန်လို သူဌေးကြီးတစ်ယောက်က ပြာပြာ့ဆီလာတာ ကောင်းတဲ့လက္ခဏာမဟုတ်မှန်း သိနေကြ၏။

"မိုးတိမ်ပြာ"

"ရှင်"

"ငါ့သားကို မင်း လုံးဝလက်မခံပါနဲ့"

"ရှင်"

ကိုလမင်းထိန်ကို ပြာပြာ ဘယ်တော့မှ လက်မခံခဲ့ပေ။





ပတ်ဝန်းကျင်မှလူတွေကို သူမ ရှက်နေမိသည်။ တစ်ကိုယ်လုံး ထူပူနေမိ၏။

"ငါ မင်းကိုအပြတ်သားဆုံး လာပြောတာပဲ၊ ငါ့သားနဲ့ပတ်သက်ပြီး မင်းလုံးဝငြင်းဆန်ပါ ... မင်းဘက်က မပါရင် ယောက်ျားလေးတစ်ယောက်က ဘာမှလာပြီး ပတ်သက်ရဲမှာမဟုတ်တော့ဘူး"

"ကျွန်မ ... ကျွန်မ ... "

"မင်းကြောင့် ငါတို့သားအဖရဲ့ ချစ်ခင်ရင်းနှီးမှုတွေ ပျက်ပြားရတော့မယ် မိုးတိမ်ပြာ ... ပဋိပက္ခဖြစ်လာရပြီ၊ ငါ့သားက ငါ့ကို အရာရာ ဆန့်ကျင်တတ်နေပြီ"

သူမ ...

ဘာမှ ပြန်မပြောတတ်တော့။ မျက်ရည်တွေ ဝဲလာရသည်။

ကိုလမင်းထိန်နဲ့ကျွန်မ ဘယ်လိုမှ မပတ်သက်ဘူး။ ရှင် ဘာတွေပြောခဲ့လဲ။

"ကျွန်မနဲ့ ကိုလမင်းထိန် ဘာမှမပတ်သက်ပါဘူး အန်ကယ်"

"ပတ်သက်တယ် ... မင်းဘက်ကလက်ခံနေလို့ ငါ့သားက မင်းမှမင်းဖြစ်နေတာပဲ၊ ငါမိဘတစ်ယောက်အနေနဲ့ တားဆီးရမှာပဲ မိုးတိမ်ပြာ"

သူမတွင် ကိုလမင်းထိန်နှင့်မပတ်သက်ပါဘူးဆိုတဲ့ စကားကလွဲပြီး ဘာမှဆက်ပြောစရာ အကြောင်းမရှိတော့ပေ။

ဦးသီဟထိန်က ပြောချင်တာတွေပြောပြီး ပြန်ထွက်သွားသည်။

ပတ်ဝန်းကျင်ကို ပြာပြာ လုံးဝရင်မဆိုင်ရဲတော့ပေ။ ရှက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ...

သူမတို့ ညီအစ်မသည် ပတ်ဝန်းကျင်မှာ နာမည်ပျက်မရှိစေရန် အတတ်နိုင်ဆုံး ထိန်းသိမ်းနေထိုင်ခဲ့သူတွေဖြစ်သည်။

ပြာပြာ ရှက်လွန်း၍ ဆိုင်ကိုထားခဲ့ပြီး ပြန်လာခဲ့မိ၏။

"ပြာပြာ ဘာဖြစ်လာတာလဲ၊ ဈေးဆိုင်ကို ဘာလို့ပစ်ထားခဲ့ရတာလဲ"

မမကြီးက ပျာပျာသလဲနှင့် မေးနေတော့သည်။ ကိုထိန်နှင့် ပြာပြာတို့ဖြစ်ပျက်ခဲ့တာတွေ မမကြီး မသိပေ။

"ပြာပြာ ... ညီမလေး၊ ဘာဖြစ်လာပြန်ပြီလဲ၊ ပြောစမ်းပါ"

မမကြီးစိတ်ပူပြီး ပျာပျာသလဲ ပြောနေမိသည်။

"ပြာပြာ"

"ဟင်"

"ညီမလေး ဘာတွေဖြစ်နေလဲ"

"ပြာပြာ ဈေးမရောင်းချင်တော့ဘူး မမကြီး"

"ဟင်"

ညီမလေးစိတ်တွေ ပြောင်းလဲနေကာမှ ဘာအနှောင့်အယှက်တွေ ဖြစ်နေရပြီလဲ။ မေး၍မရ။

ဈေးထဲသွားတော့ ပြာပြာ ဖြစ်ပျက်ခဲ့တာတွေ သိသွားရသည်။

မိုးဝေခင် ဈေးသိမ်းပြီး ပြန်ခဲ့၏။

"ပြာပြာ"

"ရှင်"

"ဖြစ်တတ်တဲ့သဘော သဘာဝပဲပြာပြာရယ် ... ညီမလေး





ကို မမ ယုံကြည်တယ်၊ ကံကြမ္မာလို့ပဲ သဘောထားလိုက်ပါ၊ ဒီလိုလူမျိုးတွေကြောင့် ညီမလေးရဲ့ ရည်မှန်းချက်တွေ မပျက်စီးပါစေနဲ့"

မမကြီးပြောတာလည်း မှန်တာပဲဟု ထင်မိလာသည်။

ပြာပြာ ကြိုးစားမယ်။ ရည်မှန်းချက်တွေ အောင်မြင်အောင် ပြာပြာ လုပ်မယ်။

"မမကြီး"

"ပြော"

"ပြာပြာ ဈေးမရောင်းချင်တော့ပါဘူး ... မမယွန်းဆီမှာပဲ ပညာသင်ရင်း အလုပ်လုပ်မယ်"

"ညီမလေးသဘောပါပဲကွယ်၊ ညီမလေး ရည်မှန်းချက်တွေ အောင်မြင်ဖို့ မမကြီး ကြိုးစားပြီး ငွေစုထားပေးမယ်၊ အခုလည်း မမကြီးမှာ စုဆောင်းထားတာတွေ ရှိပါတယ်"

ပြာပြာ အားမငယ်ပါဘူး။ လုပ်ငန်းအတော်များများကိုလည်း နားလည်နေပြီဖြစ်သည်။

"ပြာပြာ ကြိုးစားမယ်၊ အားမလျှော့ဘူး ... ဘယ်အရာမျိုးပဲဖြစ်ဖြစ်၊ တွေ့ကြုံသမျှ ပြာပြာ ရင်ဆိုင်မယ်"

"မမကြီး ဝမ်းသာလိုက်တာ ပြာပြာရယ် ... ဓွဲမာန်တွေ အင်အားတွေ ပြည့်ဝနေတဲ့ ပြာပြာဖြစ်စေချင်တာ အခုဖြစ်ရပြီ၊ ဘယ်အရာမဆို ညီမလေး ကိုယ်ပိုင်ဆုံးဖြတ်တတ်နေပြီပဲ၊ မမကြီး စိတ်ချပြီ ပြာပြာ"

ပြာပြာ ကြိုးစားဖို့ ဆုံးဖြတ်ထားမိတော့သည်။ အလုပ်တွေကိုပဲ ကြိုးစားနေမိ၏။ မမယွန်းဆီမှာ ပြာပြာ အလုပ်စဝင်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

လုပ်ငန်းတွေ အောင်မြင်တိုးတက်စေရန် သူမ ကြိုးစားပေးနေ၏။

"ပြာပြာက အရမ်းအားကိုးရတယ် ... လုပ်ငန်းတွေလည်း တတ်ကျွမ်းတယ်၊ တွေ့ကာစနဲ့ လုံးဝမတူတော့တဲ့ ပြာပြာပဲ"

ကိုထိန် ... ပြာပြာက အရင်ကနဲ့ မတူတော့ဘူး။

လုပ်ငန်းကြီးတစ်ခုလုံးကိုတောင် ဦးဆောင်လှုပ်ရှားနိုင်နေသည်။

"ပြာပြာ"

"ရှင်"

"မမ လုပ်ငန်းတွေဆီကနေ ခွဲထွက်သွားဖို့ မကြိုးစားနဲ့နော် မမ အားပြတ်သွားရမှာပဲ"

"မမရယ် ... ပြာပြာ့ကို ဒီဘဝမျိုးရောက်လာအောင် မြေတောင်မြှောက်ပေးတဲ့ မမကျေးဇူးတွေက အများကြီးပါ၊ ပြာပြာ အတတ်နိုင်ဆုံး ကျေးဇူးဆပ်မှာပါ"

ပြာပြာရယ် ...

မမကတော့ မင်းလေးအပေါ် အကောက်ကြံစည်ခဲ့မိတယ်။

မင်းရဲ့စိတ်နှလုံးသားတွေက ရိုးသားဖြူစင်နေတယ်။ ယွန်းအတွေးတွေထဲမှာ ရှုပ်ထွေးစွာ စိတ်မကောင်းဖြစ်နေမိသည်။

ပြာပြာဟာ အပြစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ပါ ကိုထိန်။

ဒါပေမဲ့ ...





ရှင်နဲ့မနီးစပ်စေရဘူး။

အဝေးဆုံးမှာ ရှိနေစေရမယ်။ အန်ကယ် ဦးသီဟထိန် ဦးဆောင်လုပ်နေတဲ့ လုပ်ငန်းတွေ မအောင်မြင်ပေ။

တဖြည်းဖြည်း ကျဆင်းနေသည်။

ဝန်ထမ်းတွေ အတော်များများလည်း ယွန်းထံရောက်လာကြ၏။

ယွန်း လခတိုးပေးပြီး ခေါ်ထားခြင်းပင်ဖြစ်သည်။ အဓိက ယွန်းလုပ်ငန်းအောင်မြင်မှုတွေ ရနေတာ ပြာပြာကြောင့်ပင်။

ပြာပြာရဲ့ ထက်မြက်တဲ့ အစွမ်းအစတွေကြောင့်ပဲဖြစ်သည်။

လမင်းထိန် ...

ရှင် ... ဘာတတ်နိုင်သေးလဲ။

ကျွန်မရဲ့ ထိုးနက်ချက်တွေက အရမ်းအောင်မြင်နေတယ်လေ။

"ဟင်း ... ဟင်း ... ဟင်း"

တစ်ယောက်တည်း သဘောကျစွာဖြင့် ရယ်မောပစ်လိုက်သည်။ လုပ်ငန်းတွေ တဖြည်းဖြည်း ကျဆင်းလာရတဲ့ ဦးသီဟထိန်ကတော့ ယွန်းနှင့်သား လက်ထပ်ဖို့ကိစ္စပဲ လုံးပမ်းမိ၏။

ယွန်းက အောင်မြင်နေသည်။ မိမိက ကျဆင်းလာ၏။

ဝန်ထမ်းတွေလည်း ထွက်ကြပြီး ထပ်မခန့်နိုင်။ သားက အလုပ်ထဲကို စိတ်မဝင်စားတော့ဘဲ နိုင်ငံခြားထွက်သွားဖို့ ပြင်နေသည်။

"မင်း ဒက်ဒီကို ရက်ရက်စက်စက် တစ်ယောက်တည်း ထားခဲ့မှာလားသား ... အဖေ အသက်ကြီးပါပြီ လုပ်ငန်းတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်အောင် ဦးမဆောင်နိုင်တော့ဘူး၊ သားပြန်ပြီး ဦးဆောင်ပေးပါ သားရယ်”

“သား နိုင်ငံခြားပဲသွားတော့မယ် ဖေဖေ၊ ယွန်းနဲ့တော့ လုံးဝ သားလက်မထပ်နိုင်ဘူး၊ သားပတ်ဝန်းကျင်ကလူတွေနဲ့ လုံးဝ ရင်မဆိုင်ချင်တော့လို့ပါ”

သားကတော့ နိုင်ငံခြားအပြီးအပိုင် ထွက်သွားဖို့ပဲ ပြင်ဆင်နေသည်။ ဦးသီဟထိန်လည်း မတတ်နိုင်။ စိတ်သောကတွေရောက်ပြီး ကျန်းမာရေးပင် ထိခိုက်ချင်လာသည်။

ဘာပဲဖြစ်ဖြစ် ... ပြာပြာ့ကိုတော့ သားနှင့်သဘောမတူနိုင်သေးပေ။ ဒီကောင်မလေး စည်းရုံးသွေးဆောင်လို့ သားတိမ်းညွတ်သွားရတာပါ။

သားမှာရှိနေတဲ့ ငွေကြေးဥစ္စာတွေကို မက်မောပြီးကပ်နေတာပဲ ဖြစ်နိုင်သည်။

ဦးသီဟထိန်ကတော့ ယွန်းကိုလက်ထပ်ဖြစ်အောင်ပဲ ကြိုးစားချင်မိ၏။ ယွန်းကိုပဲ အထင်ကြီးမိသည်။

သားလုပ်ငန်းတွေ အောင်မြင်တာပင် ယွန်းကြောင့်ဟု ထင်နေမိ၏။

မိမိ ယွန်းဆီသွားပြီး အကြံဉာဏ်တောင်းရန် ရောက်လာခဲ့သည်။

ပြာပြာ့ကိုတွေ့တော့ သူ့အံ့သြတုန်လှုပ်သွားရ၏။ ယွန်း ဘာဖြစ်လို့ ဒီကောင်မလေးကို ခေါ်ထားခဲ့ရတာလဲ။

ဘာအစွမ်းအစမှ မရှိတဲ့ ခပ်ညံ့ညံ့ ကောင်မလေးက ယွန်းလုပ်ငန်းတွင် အရေးပါ အရာရောက်တဲ့ ကောင်မလေးဖြစ်နေသည်။





ပြီးတော့ ... မိမိတို့ ကုမ္ပဏီက ဝန်ထမ်းတွေ အများဆုံးတွေ့နေရသည်။

“ဆရာ”

“ဟင် ... ဘမောင်၊ မင်းရော ဒီကိုပြောင်းလာတာပဲလား”

“ဟုတ်တယ် ဆရာ ... ယွန်းက လခတိုးပေးလို့ ပြောင်းလာတာ”

ယွန်း ... ဘာတွေ လုပ်နေလဲ။ သားပြောသလို မိမိတို့သားအဖ ဘဝပျက်အောင် ထောင်ချောက်ဆင်လိုက်တာလား။

လောလောဆယ် ... မိမိတို့ စီးပွားရေးလုပ်ငန်းတွေ ဗုန်းဗုန်းလဲ ပြိုကျခဲ့ရသည်။

“ဆရာ”

“ဟင်”

“တကယ်တော့ ပြာပြာက အပြစ်ကင်းပါတယ်ဆရာ၊ ဘာမှ မသိရှာပါဘူး ... စိတ်သဘောထားလည်း ပြည့်ဝတယ် ... ဆရာ လမင်းထိန် အပေါ်လည်း ရိုးသားစွာ ဆက်ဆံခဲ့တာပါ၊ ယွန်းက ထောင်ချောက်ဆင်ခဲ့လို့ ပြာပြာ ခေးစာခံ ဖြစ်သွားရတာပါ”

ဘမောင်က ကြားထဲမှ ကြည့်မနေရက်တော့သဖြင့် ရှင်းပြလိုက်မိသည်။ အလုပ်ပြုတ်ချင်လည်း ပြုတ်တော့ ...

ဦးသီဟထိန် စိတ်ထဲမှာ နားလည်မှုတစ်ခု တိုးဝင်ရောက်ရှိလာရသည်။

ယွန်းကြောင့် ... ပြာပြာဆိုတဲ့ ကောင်မလေးကို ကိုယ်ချင်းစာစိတ်ကင်းမဲ့စွာ ပြုမူဆက်ဆံခဲ့သည်။

နိုင့်ထက်စီးနင်း လုပ်ခဲ့၏။ နောက်ဆုံးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေး ကျဆုံးမှုတွေနှင့်အတူ ယွန်းရဲ့အကောက်ကြံမှုတွေကို မိမိ မျက်ဝါးထင်ထင် တွေ့မြင်လာခဲ့ရတော့သည်။

ယွန်းသည် မိမိကိုလေးစားမှု လျော့နည်းခဲ့ရပြီး ထွက်ပင်မတွေ့တော့ပေ။

ဖဲဖဲဖဲ





## အခန်း ( ၂၄ )

သူ ...

နိုင်ငံခြားသို့သွားရမည်ဆိုသော့အခါ ပြာပြာ့ကို သတိရလာမိသည်။

တမ်းတမိလာ၏။ တွေ့ချင်သည်။ နှုတ်ဆက်ချင်မိ၏။

ပြာပြာ့ကို သူဒုက္ခမပေးချင်၍ တွေ့ချင်တဲ့ဆန္ဒတွေကိုမျိုသိပ်ပြီး နေခဲ့ရသည်။

အချိန်တွေ ကြာလာတာနှင့်အမျှ ပြာပြာသည် ရင့်ကျက်တည်ငြိမ်၍ ထက်မြက်သော မိန်းကလေးတစ်ယောက်ဖြစ်လာရ၏။

ယွန်းဆီမှာ အလုပ်လုပ်နေသည်။

ပြာပြာ ဘယ်လောက်စွမ်းရည်ထက်မြက်ကြောင်း သတင်းတွေ ကြားနေရ၏။

ယွန်းနှင့်ပတ်သက်ပြီး ပြာပြာ့ကို မပြောချင်ပေ။ ယောက်ျားကောင်းတစ်ယောက်အနေနှင့် မိန်းကလေးတစ်ယောက်ကို လက်တုန့်ပြန်တာတွေ အတင်းအဖျင်းပြောတာတွေ မလုပ်လိုပေ။



www.burmeseclassic.com

www.burmeseclassic.com



နေပါစေ။ ကံကြမ္မာပဲ။

ပြာပြာ့ကိုတော့ မိတ်ဆွေတစ်ယောက်အနေနှင့် သူတွေ့ချင်လာသည်။ နှုတ်ဆက်ချင်၏။

ဒက်ဒီသိသွားလျှင် ပြာပြာပဲ အပြစ်ဖြစ်ရမည်ကို သိနေသည်။ မသွားဖို့ ဆုံးဖြတ်ထားပေမယ့် ဆန္ဒတွေက သွားချင်နေ၏။

ကိုယ် နှုတ်ဆက်ရုံလေးပါ ပြာပြာ။ လေယာဉ်ကွင်း ဆင်းခါနီး သူ ပြာပြာဆီ သွားခဲ့မိတော့သည်။

"ပြာပြာ"

"ဟင်"

"ကိုယ် မင်းကိုလာပြီး နှုတ်ဆက်တာပါ ပြာပြာ"

ဆရာ့ကိုမြင်လိုက်သည်နှင့် သူမ ထိတ်ထိတ်ပျာပျာဖြစ်ရသည်။ အရမ်းကို ချောင်ကျသွားသည်ဟု သူမစိတ်က ထင်မိသွား၏။

ကြေကွဲတဲ့မျက်ဝန်းတွေနှင့် ဆရာ့ကို ကြည့်လိုက်မိသည်။

"ကိုယ် ... နိုင်ငံခြားကို အပြီးအပိုင်သွားတော့မှာမို့ မင်းကို လာနှုတ်ဆက်တာပါ ပြာပြာ ... ဘာမှ တောင်းဆိုဖို့ မရှိပါဘူး၊ မင်း စိတ်တွေ အနှောင့်အယှက်ဖြစ်မှာလည်း ကိုယ်အရမ်းစိုးရိမ်မိပါတယ် ပြာပြာ"

ဆရာ့ကို သူမ ဘာမှမပြောမိ။ ရင်ထဲမှာ ပြည့်ကျပ်လှောင်ပိတ်နေသည်။

ပြောချင်တဲ့စကားတွေက သူမလည်ချောင်းဝမှာ တစ်ဆို့နေ၏။

ပြာပြာ ငိုချင်တယ်။ ဘာပြောရတော့မလဲ ဆရာ။ ဆရာ့ဒက်ဒီရဲ့ ခံစားချက်တွေကို ပြာပြာ နားလည်လေးစားမှု ပေးရမယ်။

"ကိုယ် အရမ်းတွေ့မြင်နေချင်တယ်၊ တမ်းတနေမိတယ် ပြာပြာ"

ကိုယ့်စိတ်တွေ ထိန်းချုပ်ထားသည့်ကြားမှ လွှတ်ထွက်သွားရသည်။ ပြာပြာ့လက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်မိ၏။

"ပြာပြာ့ကို ကိုယ်ချစ်တယ် ... ဘဝကို ရင်ဆိုင်နိုင်တဲ့ အင်အားတွေ ကိုယ့်မှာရှိပါတယ်၊ ဒက်ဒီ သဘောမတူလည်း ကိုယ်မင်းနဲ့ လက်တွဲပြီး ..."

"တော်ပါတော့ဆရာ၊ သွားပါတော့လို့ပဲ ပြာပြာ ပြောပါရစေ မဖြစ်နိုင်ပါဘူး၊ ဘယ်လိုမှ မဖြစ်နိုင်တာပါ"

သူမ လက်လေးကို ရုန်းဖယ်ပစ်လိုက်ပြီး ဆရာ့ကို ကျောခိုင်းပစ်လိုက်သည်။ ဆက်ပြီး စကားပြောနိုင်စွမ်း မရှိတော့လောက်အောင် ရင်ထဲမှာ စို့နစ်ကြေကွဲမှုတွေ ခံစားလာရ၏။

ပြာပြာ ဆရာ့ကို ချစ်ပါတယ်။ လူကြီးမိဘတွေ စိတ်ဆင်းရဲသောကရောက်ရမယ့်အဖြစ်တွေကိုတော့ ပြာပြာ မဖန်တီးနိုင်ပါဘူး။

ပြာပြာ့မှာ မာနရှိတယ်။ ပတ်ဝန်းကျင်က ဝေဖန်ကဲ့ရဲ့မှုတွေနဲ့ အရှက်သိက္ခာတွေလည်း အကျုံမခံနိုင်လို့ပါ။

အရမ်းအရှက်အကြောက် ကြီးမားတဲ့ ပြာပြာ့မမကြီးရှိနေသလို ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံပြီး သားကို အတင့်တယ်ဆုံးဖြစ်စေချင်နေတဲ့ ဆရာ့ဒက်ဒီလည်း ရှိနေကြသေးတယ်လေ။

အချစ်တွေကို ရင်ထဲမှာပဲ ပြာပြာသိမ်းဆည်းလိုက်ပါတော့မယ် ဆရာ။

ဆရာ ထွက်ခွာသွားပြီဆိုတဲ့ လှုပ်ရှားမှုတွေ ကြားလိုက်ရ

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ထဲမှ နာကျင်သွား၏။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်တက်လာရသည်။

"ပြာပြာ"

"ဟင်"

မမယွန်း ...

"စောစောက ကိုထိန်လာသွားတယ် မဟုတ်လား ပြာပြာ"

"အင်း ... သူနိုင်ငံခြားကို အပြီးအပိုင် သွားတော့မှာမို့ လာနှုတ်ဆက်တာပါ"

ကိုထိန် ဘယ်လောက်အထိ ကြေကွဲဝမ်းနည်းနေမလဲဆိုတာ ယွန်း သိနေသည်။ အဲဒီလိုပဲ ဖြစ်သင့်တယ်။

ရှင်ချစ်တဲ့ ပြာပြာ့ကို ရှင်ဘယ်တော့မှ မရစေရဘူးကိုထိန်။

"ဒီကို သူလာခဲ့သွားတယ်ဆိုတာ ဦးသီဟထိန် သိသွားရင် မင်းကို လူပုံအလယ်မှာ အရှက်ခွဲဦးမှာပဲပြာပြာ၊ မမက ပြာပြာ့ဘက်ကနာတာပါ၊ ပြာပြာ ဘယ်လောက်အပြစ်ကင်းတယ်ဆိုတာ မမ သိတယ်"

ပြာပြာ ကျောက်ရုပ်လေး တစ်ရုပ်ကဲ့သို့ ရပ်နေမိသည်။ ဆရာက သူမရုံးခန်းကို လာတွေ့ခဲ့တာ ဖြစ်၏။

"ပြာပြာ"

"ရှင်"

"မမ အကောင်းဆုံး အကြံပေးချင်တာကတော့ ပြာပြာ့ ဂုဏ်သိက္ခာအတွက်ရော ဘဝတစ်လျှောက်လုံး တင့်တယ်ဖို့ ဗလနဲ့ လက်ထပ်လိုက်စေချင်တယ် ပြာပြာ"



BURMESE CLASSIC .com



"ဟင်"

"ဗလက မမကိုအကူအညီတောင်းတယ်၊ ဘာပဲဖြစ်ဖြစ် မမကတော့ ဗလနဲ့ပဲ သဘောတူတယ် ... မမ စီစဉ်တာ ပြာပြာ လက်ခံရမယ်"

ယွန်းဆန္ဒကို ပြာပြာ ငြင်းဆန်ဖို့ ခက်နေတာ သိထားသည်။

ကျေးဇူးရှင်တစ်ယောက်အဖြစ် သတ်မှတ်ထားနေခဲ့၏။ ကိုထိန်နဲ့ အဝေးကြီးဝေးသွားအောင် ဗလနဲ့ပဲ လက်ထပ်ပေးလိုက်မယ်။

ထိုအချိန်တွင် ... ဦးသီဟထိန် ရောက်လာသည်။

"ယွန်းနဒီ ... အစက မင်းကို ငါအရမ်းအထင်ကြီးလေးစားခဲ့တယ်၊ အခုတော့ ... မင်းအကောက်ကြံမှုတွေကို မောင်ဘမောင် ပြောပြလို့ ငါသိရပြီ၊ သားနဲ့တွေ့ဖို့ ပြာပြာ့ကို ငါလာခေါ်တာပဲ"

"ဟင်"

ဦးသီဟထိန်နောက်မှ ဒရိုင်ဘာ ကိုဘမောင် ကပ်ပါလာသည်။

"ဟင် ... ရှင်ကျွေးမွေးထောက်ပံ့ထားတာတောင် မျက်နှာမထောက်ဘူး တော်တော် သစ္စာမဲ့တာပါလား"

"ကျုပ်သစ္စာမဲ့တာမဟုတ်ဘူး ယွန်းနဒီ ... ခင်ဗျားက ဆရာလမင်းထိန်နဲ့ ပြာပြာ့အပေါ် အကောက်ကြံတာ မကြည့်ရက်နိုင်တော့လို့ ပြောလိုက်တာ"

"ဟင်"

ကိုဘမောင်က မမယွန်း အကွက်ဖန်ထားတာတွေကို ပြောပြသည်။

ပြာပြာ အံ့ဩတုန်လှုပ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့နှင့်လက်ထပ်ဖို့ စီစဉ်ခဲ့သူက မမယွန်းပဲဆိုတာ သိလိုက်ရသည်။

"သမီးပြာပြာ ... သားဆီ လိုက်သွားပါ။ အန်ကယ့်ကိုလည်း ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ တကယ်တော့ ငွေကြေးချမ်းသာတာ ဆင်းရဲတာထက် စိတ်ဓာတ်မြင့်မြတ်ဖြူစင်ဖို့က အဓိကပါပဲလေ၊ သမီး ပြာပြာအကြောင်းတွေ အန်ကယ်သိပါပြီ"

အံ့သြတုန်လှုပ်မှုတွေကြောင့် ပြာပြာ့တစ်ကိုယ်လုံး သွေးလည်ပတ်မှုတွေ ရပ်ဆိုင်းသွားပြီဟု ထင်ရလောက်အောင်ဖြစ်သွားသည်။

ပြူးကြောင်တဲ့ မျက်ဝန်းလေးများဖြင့် အားလုံးကို စူးစိုက်ကြည့်မိနေ၏။

"လေယာဉ်ထွက်ဖို့က အချိန်အစောကြီးရှိသေးတယ်သမီး၊ သားဆီ လိုက်သွားပါ၊ နိုင်ငံခြားကို ထွက်မသွားဖို့ တားပေးပါ၊ အန်ကယ့်ကို နားလည်ပေးပါ ပြာပြာ ... တောင်းပန်ပါတယ်ကွယ်"

ပြာပြာ ဘယ်လိုဆုံးဖြတ်ရမှန်းမသိအောင် ငေးကြောင်နေဆဲပင် ဖြစ်သည်။ ဆရာ့ကို နိုင်ငံခြားထွက်မသွားအောင် တားဆီးပေးရမည်တဲ့။

အန်ကယ်သီဟထိန်ရဲ့ တောင်းဆိုမှုတွေကို သူမ အံ့သြတုန်လှုပ်စွာ မယုံကြည်နိုင်အောင် ဖြစ်နေဆဲပင် ဖြစ်လေသည်။

"လာ ... ပြာပြာ၊ ကိုဘမောင်နဲ့ပြာပြာ ဆရာ့ဆီ လိုက်သွားကြမယ်"

ကိုဘမောင်က ပြာပြာ့လက်လေးကိုဆွဲပြီး ကားဆီသို့ခေါ်ဆောင်လာခဲ့သည်။

ကားထဲသို့ဝင်ထိုင်စေပြီး တရကြမ်း မောင်းထွက်လာခဲ့





တော့သည်။

"မောင်လမင်းထိန်က ပြာပြာ့ကို အရမ်းချစ်တယ် ... နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားတော့မယ့် မောင်လမင်းထိန်ကို ပြာပြာပဲ တားဆီးပေးနိုင်မှာ"

ပြာပြာ အသိအာရုံတွေကို ပုံမှန်အတိုင်းဖြစ်အောင် အတော်လေး စုစည်းရသည်။

အသိတွေ ဝင်လာတဲ့အချိန်မှာတော့ ကိုလမင်းထိန် လေဆိပ်မှာရှိပါ့ ရှိပါ့မလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေ ဖြစ်ပေါ်လာရ၏။

"ဆရာ့ကို တွေ့ပါ့မလားဟင်"

အရှိန်ပြင်းစွာ မောင်းနှင်နေသော ကားရဲ့အရှိန်နှုန်းကို နှေးကွေးလွန်းသည်ဟု ထင်မှတ်လာမိတော့သည်။

"အစောကြီးရှိပါသေးတယ်ပြာပြာ၊ ဆရာက တမင်အစောကြီး ဆင်းသွားတာပါ၊ အခုလောက်ဆို လေဆိပ်စားသောက်ဆိုင်ထဲမှာပဲ ရှိလောက်မယ်"

ကားလေးက လေဆိပ်ထဲသို့ ရောက်လာခဲ့တော့သည်။

ပြာပြာ့ခြေလှမ်းတွေက သွက်လက်နေ၏။ လေဆိပ် စားသောက်ဆိုင်ဘက်သို့ ခပ်သွက်သွက်လျှောက်သွားပြီး ကိုလမင်းထိန်ကို ရှာဖွေနေမိသည်။

မတွေ့ပေ ...

ရင်ထဲမှာ စိုးရိမ်ပူပန်စွာဖြင့် မွန်းကျပ်သွားရသည်။ ကိုလမင်းထိန် ထွက်သွားပြီလား။ လေယာဉ်ပဲ အချိန်စောပြီး ခရီးစတင်ထွက်ခွာသွားပြီလား။

"ပြာပြာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူ့ကို ရှာနေတာလဲ"

"ဆရာ"

သူမသည် ဟန်ဆောင်နိုင်စွမ်း ကင်းမဲ့စွာဖြင့် ကိုလမင်းထိန် လက်မောင်းတွေကို ဆုပ်ကိုင်ဖက်တွယ် ထားမိလိုက်တော့သည်။

"ကျွန်မ ကိုလမင်းထိန်ကို ရှာနေတာပါ။ နိုင်ငံခြားကို ထွက်မသွားပါနဲ့တော့နော် ... ကျွန်မကို ရှင့်ဒက်ဒီက တားခိုင်းတာပါ"

အမောတကော ပြောနေတဲ့ မျက်ဝန်းပြာပြာလေးကို သူ စူးစိုက်ပြီး ကြည့်မိသည်။

စိုးရိမ်တကြီးနှင့် သူနိုင်ငံခြားသို့ ထွက်ခွာမသွားရန် တားဆီးနေ၏။

"ပြာပြာ"

"ရှင်"

"ဒက်ဒီ တားခိုင်းလို့ဆိုတော့ မင်းကရော"

သူမ မျက်ဝန်းလေးတွေက ဆတ်ခနဲ မော့လာသည်။ အကြည့်ချင်း ဆုံမိသွားရ၏။

"ကျွန်မလည်း ကိုလမင်းထိန်ကို မသွားစေချင်ပါဘူးနော်"

သူမ လက်လေးကို သူသည် တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားမိသည်။ မျက်ဝန်းပြာပြာလေးကို ကြာမြင့်စွာ စူးစိုက်ကြည့်မိ၏။

ပြာပြာ့လက်လေးကိုဆွဲပြီး လေယာဉ်ကွင်းကြီးကို ကျောခိုင်းထွက်လာခဲ့မိတော့သည်။

သင်မြတ်နိုး

ဖိုးလပြည့်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com